www.burmeseclassic.com

နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာ့ဩဝါဒါစရိယ


အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့

တည်တောဆရာတော်ဘုရားကြီး

၏

# လင်မယားဟူသည်



www.burmeseclassic.com

www.burmeseclassic.com

# လင်မယားဟူသည်

မယွင်းစင်စစ် ၊ ထိုသို့ဖြစ်၍
အချစ်လိုက်စား ၊ ယုံမိမှားလျက်
ယောကျ်ားဗာလ ၊ လူ့ပါပနှင့်
တွေ့ရကြုံရ ၊ ပေါင်းဆုံရသော်
မိန်းမတို့ထုံး ၊ ငွေကုန်ရှုံးက
သက်ဆုံးမတိုင် ၊ ကိုယ်ပိုင်ယောကျ်ား
သွေဖောက်ပြား၍ ၊ တရားမစောင့်
မပြောင့်နှလုံး ၊ လင်ကုန်ရှုံးက
သက်ဆုံးတိုင်လစ် ၊ ပြောရာဖြစ်ရှင့်။

(မဃဒေဝ၊ ပုတ္တောဝါဒ၊ ပိုဒ်–၁၁၃)



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် ၊ အုပ်ရေ (၁၀၀၀)

၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး-( ၇၀၀ ) ကျပ်

အတွင်းစာသားကြီးကြပ် - ဓမ္မဗျူဟာ - ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီ - ဓမ္မဗျူဟာ - ဒေါ်ငွေးငွေးအောင်

မျက်နှာဖုံးပန်းချီ - ကိုဗေဒါ

ပုံနှိပ်သူ - ဒေါ်လှလှမြိုင် (မြဲ-၁၂၇၀၅)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ် - ၅၄၄၊ အင်းတော်လမ်း၊ စက်မှုဇုံ(၂)
တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဒေါ်မျိုးမျိုးလတ်၊ ရွှေခေတ်စာပေ၊
အမှတ် - ၂၁၊ ဒါနလမ်း ၊ သာယာကုန်းရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့။

ဖြန့်ချိရာဌာန - ဓမ္မဗျူဟာစာစောင်တိုက်
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်
ရန်ကုန်မြို့။ (၀၁-၃၈၀၈၈၀၊ ၅၄၆၉၄၇)

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

| | |
|---|---|
| ထီးချိုင့်မြို့-တည်တောဆရာတော် | ၂၉၄.၃ |
| လင်မယားဟူသည် / ထီးချိုင့်မြို့-တည်တောဆရာတော် | |
| ရွှေခေတ်စာပေ၊ ၂၀၁၄-ခုနှစ် ၊ ပထမအကြိမ် | |
| စာ- ၁၆၀ ၊ (၁၂.၀၅ x ၁၈.၅)စင်တီ | |
| (၁) လင်မယားဟူသည် (၁) | |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လင်မယားဟူသည် | ၁ |
| ၂။ | ကိုယ်ကသာချစ် သူကမချစ် | ၅ |
| ၃။ | ရှေးက ချစ်ခဲ့သူ | ၁၉ |
| ၄။ | အသိတာဘူဝတ္ထု | ၂၅ |
| ၅။ | အကြင်လင်မယား | ၂၇ |
| ၆။ | ကာဠဘီလူးမဝတ္ထု | ၃၀ |
| ၇။ | ရှင်ဘို့မယ် | ၃၅ |
| ၈။ | လင်နှင့်မယား လျှာနှင့်သွား | ၄၅ |
| ၉။ | မအောင့်နိုင်သူများ | ၅၀ |
| ၁၀။ | အိုအောင်ပေါင်းနိုင်သူများ | ၅၁ |
| ၁၁။ | လင်ချစ်မယား | ၆၂ |
| ၁၂။ | ဟိရီ နှင့် ဩတ္တပ္ပ | ၆၇ |
| ၁၃။ | ဗဟုဘဏ္ဍိကဝတ္ထု | ၆၈ |
| ၁၄။ | ရေစောင့်ရက္ခိုသ်ဝတ္ထု | ၇၀ |
| ၁၅။ | ဗာဟိရဇာတ် | ၇၇ |
| ၁၆။ | အရှက် နှင့် လင်ရမှု | ၈၀ |
| ၁၇။ | ဝါတဂ္ဂသိန္ဓဝဇာတ် | ၈၄ |
| ၁၈။ | တော်ဝင်သောမယား | ၈၆ |
| ၁၉။ | အမျိုးအရိုး | ၉၁ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ရင်ဖွင့်သူ | ၉၃ |
| ၂၁။ | ဣသိဒါသီ | ၉၄ |
| ၂၂။ | လော်လည်ခြင်း ငါးပါး | ၉၇ |
| ၂၃။ | မိမိအား ချစ်စေချင်သူ | ၁၀၅ |
| ၂၄။ | မထီမဲ့မြင် ပြုခြင်း | ၁၀၇ |
| ၂၅။ | သည်းခံခြင်းတရား | ၁၁၁ |
| ၂၆။ | ရာသက်ပန် လင်နှင့်မယား | ၁၁၂ |
| ၂၇။ | လင်မယား ဖြစ်ပြီးမှ | ၁၁၅ |
| ၂၈။ | မယားဝတ္တရား | ၁၂၁ |
| ၂၉။ | မယားအပြား ခုနစ်ပါး | ၁၂၉ |
| ၃၀။ | မိန်းမအင်္ဂါ ငါးပါး | ၁၃၄ |
| ၃၁။ | မိန်းမကောင်းများ ပျက်စီးတတ်သောအကြောင်း | ၁၃၇ |
| ၃၂။ | မယားပျက်များ | ၁၃၉ |
| ၃၃။ | မယားကောင်းကိစ္စ လေးပါး | ၁၄၂ |
| ၃၄။ | အမြဲမပြတ် မချစ်နိုင် | ၁၄၇ |
| ၃၅။ | သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်း | ၁၄၉ |
| ၃၆။ | မိန်းမမြတ်ဖြစ်ကြောင်း တရားလေးပါး | ၁၅၂ |


www.burmeseclassic.com

www.burmeseclassic.com

# လင်မယားဟူသည်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

လင်မယားဟူသောစကား၌ လင်သည် **'ယောကျ်ား'** ဟူသောအနက်ကို ဟော၍ မယားဟူသည် **'မိန်းမ'** ဟူသော အနက်ကို ဟောပါသည်။

လင်ဟူသည် အခြားသော ကြည်လင်စေခြင်း စသော အနက်များကို ဟောစေကာမူ ဤနေရာ၌ လင်ဟူသည် မိန်းမ မဟုတ်။ ယောကျ်ားဟု လူတိုင်းသိသောကြောင့် လင်သည် ယောကျ်ားကို ဟောသကဲ့သို့ မယားဟူသည်မှာလည်း မိန်းမကို ဟောပါသည်။ သို့သော် ယောကျ်ားတိုင်း လင်မဟုတ်။ မိန်းမ တိုင်း မယားမဟုတ်ပါ။ **လင်မယားဆိုသည်မှာ တစ်ဘဝ အတွက် ကာမ ပိုင်ဆိုင်သူကို** ဆိုလိုပါသည်။

မိမိတို့အချင်းချင်း ချစ်ခင်ကြ၍လည်းကောင်း၊ မိဘစသည် တို့က စေ့စပ်ပေး၍လည်းကောင်း လက်ထပ်ပြီးသော (တစ်နည်း) မင်္ဂလာဆောင်ပြီးသော ယောကျ်ားနှင့် မိန်းမတို့ကိုသာ လင်မယား ဟု ခေါ်ဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကဒ္ဓ ယောက်ျားတွေ အလွန် များသကဲ့သို့ မိန်းမတွေလည်း အလွန် ပေါလှပါသည်။ ထိုသို့ ပေါများသော ယောက်ျားအတွင်း၊ မိန်းမအတွင်းမှ လင်မယားဟူ၍ သီးသန့် ဖြစ်ပေါ်လာခြင်းကား **ပုဗ္ဗသန္နိဝါသ**-ရှေးဘဝက အတူတကွ လင်မယားဖြစ်ခဲ့ရသောကြောင့်လည်းကောင်း၊ ယခုဘဝတွင် တစ်ဦး၏အကျိုး တစ်ဦးက သယ်ပိုး ဆောင်ရွက်ဖူးသောကြောင့် လည်းကောင်း၊ ဤအကြောင်းနှစ်ပါးကြောင့်ဖြစ်ကြောင်း ဥပမာအားဖြင့်ကြာသည် ရေကို လည်းကောင်း၊ ရွှံ့နွံကိုလည်းကောင်း အမှီပြု၍ဖြစ်သကဲ့သို့ ဤချစ်ခြင်းဟူသော တရားသည်လည်း ရှေးဘဝကအတူတကွ နေခဲ့ဖူးခြင်း၊ ယခုဘဝတွင် တစ်ဦး၏ အကျိုးကိုတစ်ဦးက သယ်ပိုးဆောင်ရွက်ဖူးခြင်း ဤအကြောင်း နှစ်ပါးကြောင့် ဖြစ်တတ်ကြောင်း ဧကနိပါတ် သာကေတဇာတ်တော်၌ ဘုရားရှင် ဟောတော်မူပါသည်။

ဤနေရာ၌ **သာကေတဇာတ်တော်**ကို အကျဉ်းမျှ ဖော်ပြပါဦးမည်။ သာကေတမြို့ အဉ္ဇနတောအုပ်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် နံနက်အခါ သံဃာအခြံအရံဖြင့် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။ သာကေတမြို့၌နေသော ပုဏ္ဏားအိုကြီးသည် ဆွမ်းခံကြွလာသော ဘုရားရှင်ကို မြင်လျှင် မြင်ချင်း ဘုရားရှင်၏ခြေတော်ရင်း ဝပ်စင်းပြီး "ချစ်သား... သားသမီး မည်သည်အိုမင်းသော မိဘတို့အား လုပ်ကျွေးအပ်သည် မဟုတ်ပါလော။ သင်ချစ်သားသည် ဤမျှ ရှည်ကြာလှစွာသော ကာလပတ်လုံး မိမိကိုယ်ကို မပြဘဲ ဘယ်များ သွားနေပါသနည်း။ သင်ချစ်သား

www.burmeseclassic.com



ကို ငါကမူ ဦးစွာ မြင်ရပြီ။ သင်ချစ်သား၏ မိခင်ကြီးကား မမြင်ရသေး။ ထိုမိခင်ကြီး မြင်တွေ့ရန် အိမ်ကို လိုက်ခဲ့ပါလော" ဟု အိမ်သို့ ပင့်သွားသည်။ ပုဏ္ဏားမကြီးကလည်း သူ့သားအရင်းများကို ခေါ်၍ "ချစ်သားတို့ လာကြ၊ သင်တို့ နောင်တော်ကြီးကို ရှိခိုးကြ" ဟု ခေါ်ယူ ရှိခိုးစေပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား အလှူကြီးကို ပေးလှူသည်။ ထိုပုဏ္ဏားလင်မယားတို့အား ဘုရားရှင်က 'ဇရာသုတ်' ကို ဟောသဖြင့် ပုဏ္ဏားအိုလင်မယားတို့သည် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ကြသည်။

ထို ပုဏ္ဏားအိုကြီး လင်မယားအကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်က ဤပုဏ္ဏားလင်မယားတို့သည် ဘဝပေါင်းငါးရာ ငါ၏ မိခင်၊ ဖခင် ဖြစ်ခဲ့ကြသည်။ ဘဝပေါင်းငါးရာ ဘကြီး၊ ဘထွေး။ မိကြီး၊ မိထွေး ဖြစ်ခဲ့ကြသည်။ ဤသို့ ဘဝပေါင်းများစွာ သူတို့လက်၌ ကြီးပြင်းခဲ့ရသောကြောင့် မြင်လျှင် မြင်ချင်း သူတို့သည် ငါ့အား သားဟု ခေါ်ခဲ့ကြသည်ဟု မိန့်တော်မူပြီး··

**ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။**
**အဒိဋ္ဌ ပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိံ ပိ ဝိဿာသေ**

-ဟူသော ဂါထာကို ဟောတော်မူ၏။

**အဒိဋ္ဌ ပုဗ္ဗကေ-** ရှေးက မမြင်ဖူးသော။ **ယသ္မိံ ပေါသေ-** အကြင်ပုဂ္ဂိုလ်၌။ **မနော-** စိတ်သည်။ **နိဝိသတိ-** တည်၏။ **စိတ္တံ-** စိတ်သည်။ **ပသီဒတိစာပိ-** ကြည်လည်း ကြည်၏၊ **တသ္မိံ ပိပေါသေ-** ထိုပုဂ္ဂိုလ်၌လည်း။ **ကာမံ-** စင်စစ်။ **ဝိဿာသေ-** အကျွမ်းဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤဂါထာ၏ အဓိပ္ပာယ်မှာ ရှေးက မမြင်ဖူးပါဘဲ ယခု မြင်လျှင်မြင်ချင်း ထိုသူ့အပေါ် စိတ်ဝင်စားခြင်း၊ ချစ်ခင် နှစ်သက်ခြင်း၊ အကျွမ်းဝင်ခြင်းဖြစ်ခဲ့သော် ထိုသူနှင့် ရှေးအခါက အတူတကွ ချစ်ခင်စွာ နေခဲ့ဖူးသောကြောင့်ဟု ဆိုလိုပါသည်။

ပုဏ္ဏားအိုလင်မယားတို့သည် အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ထိုပုဏ္ဏားအိုကြီးလင်မယား ဘုရားရှင်အား သားအမှတ် ချစ်ခင်ကြသည်မှာ ဘဝပေါင်းများစွာ သား/တူ ဖြစ်ခဲ့ဖူးသောကြောင့်ဟု ဘုရားရှင် ဟောတော်မူပါသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ရဟန်းတော်များက-

**န ကော နုဝေါ ဘဂဝါ ဟောတု၊ ကေစ္စေ ဣမပုဂ္ဂလေ**
**အတီ ဝ ဟာဒယံ နိဗ္ဗာယိ၊ စိတ္တဥ္စာ ဝိ ပသီဒဝါ-**

ဟု လျှောက်ထားကြပါသည်။ အဓိပ္ပာယ်မှာ-

"အရှင်ဘုရား ... ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို မြင်ကာမျှနှင့် နှလုံး ငြိမ်းအေးသွားအောင် ချစ်တတ်ကြပါသည်။ ဤသို့ မြင်လျှင်မြင်ချင်း ချစ်ခင်ကြခြင်းသည် အဘယ်ကြောင့် ဖြစ်ပါသနည်းဟု ဆိုလိုပါသည်။ ထိုအခါ ဘုရားရှင်က-

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေန ဝါ**
**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ-**

ဟု ဖြေဆိုပါသည်။ အဓိပ္ပာယ်မှာ တစ်ဦးနှင့် တစ်ဦး မြင်လျှင် မြင်ချင်း နှစ်သက်ခြင်း၌ အကြောင်းနှစ်ပါး ရှိ၏။

အကြောင်းတစ်ပါးမှာ ရှေးရှေးသော ဘဝတို့က အတူတူ ချစ်ချစ်ခင်ခင် နေခဲ့ကြဖူးခြင်းဖြစ်၍ အကြောင်းတစ်ပါးမှာ ယခု

www.burmeseclassic.com

www.burmeseclassic.com



ဘဝ၌ တစ်ဦးအကျိုး တစ်ဦး သယ်ပိုးဆောင်ရွက်ခြင်း ဖြစ်၏။ ကြာပင်သည် ရေကိုလည်းကောင်း၊ နွံကိုလည်းကောင်း စွဲမှီ၍ ဖြစ်သကဲ့သို့ ချစ်ခြင်းသည်လည်း ဤအကြောင်းနှစ်ပါး အနက် တစ်ပါးပါးကို စွဲမှီ၍ ဖြစ်၏ဟု ဟောပါသည်။

## ကိုယ်ကသာ ချစ် ၊ သူက မချစ်

လောက၌ မိန်းမတွေ၊ ယောကျ်ားတွေ မည်မျှ များပြားသည်ပင် ဖြစ်စေ လင်မယားဟု စွဲစွဲလမ်းလမ်း ဖြစ်လာသော ပုဂ္ဂိုလ်တို့သည်ကား များသောအားဖြင့် အတိတ်ဘဝက ချစ်ချစ် ခင်ခင်၊ ကြင်ကြင်နာနာ လင်မယား ဖြစ်ခဲ့ဖူးကြသူက များပါသည်။

လောက၌ ရုပ်အဆင်း၊ သင့်တင့်လှပ၍ အပြောအဆို ကောင်းသူ ဖြစ်ပါက ချစ်သူ၊ ခင်သူ ပေါများတတ်ပါသည်။ သို့သော် ထိုချစ်ခင်မှုကား အပေါ်ယံမျှသာ ဖြစ်၍ စွဲစွဲလန်းလန်း ချစ်ခင်ခြင်းမျိုး မဖြစ်တတ်ကြပါ။

သို့သော် ဤစကားရပ်သည်လည်း လုံးဝ မှန်ကန်ခြင်းကား မဟုတ်၊ ယေဘုယျမျှသာ ဖြစ်ပါသည်။ အချို့ မိန်းမဖြစ်သူက ချစ်ခင် စွဲလန်းသလောက် ယောကျ်ားဖြစ်သူက စိမ်းကား ရက် စက်ခြင်းမျိုးလည်း ရှိပါသည်။ ဤနေရာ၌ အင်္ဂုတ္တရ ကေနိပါတ် အဋ္ဌကထာ၌လာသော **ကုဏ္ဍလကေသာထေရီမဝတ္ထု**ကို ထုတ်ပြ ချင်ပါသည်။

ကုဏ္ဍလကေသာသည် ခိပ္ပါဘိညာ ဧတဒဂ်ရထေရီမဖြစ် ၍ အလွန် ထင်ရှားပါသည်။ ကုဏ္ဍလကေသာသည် လွန်ခဲ့သော

www.burmeseclassic.com



ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရဘုရားရှင် ပွင့်စဉ်ကာလက ဟံသာဝတီပြည်၌ အမျိုးကောင်းသမီး ဖြစ်ခဲ့ဖူးသည်။ ဘုရားရှင်ကျောင်းတော်သို့ သွား၍ တရားနာယူစဉ် ဘိက္ခုနီမတစ်ဦးအား ခိပ္ပါဘိညာဧတဒဂ် ပေးသနားသည်ကို မြင်၍ ထိုဘိက္ခုနီမကို အားကျကာ ထိုဆုကို တောင်းဆိုခဲ့သည်။ ထိုဘဝမှ ကွယ်လွန်သောအခါ လူနတ်ဘဝတို့၌ ကျင်လည်၍ ကဿပဘုရားရှင် လက်ထက်တော်၌ ကိကီမင်းကြီး၏ သမီးရတနာ ဖြစ်လာသည်။ ကိကီမ ်းကြီး၌ သမီးတော်(၇)ပါး ရှိ၏။ ၎င်းတို့မှာ-

(၁) သမဏီ (၂) သမဏာဂုတ္တာ (၃) ဘိက္ခုနီ (၄)ဘိက္ခုဒါယိကာ (၅) ဓမ္မာ (၆) သုဓမ္မာ (၇) သံဃဒါယိကာတို့ဖြစ်ကြရာ စတုတ္ထမြောက် ဘိက္ခုဒါယိကာသည်ကား ကုဏ္ဍလကေသာ အလောင်းလျာ ဖြစ်လေသည်။

ထိုဘဝတွင် နှစ်ပေါင်း ၂၀၀၀၀-တိုင်အောင် ဆယ်ပါးသီလခံယူ၍ ကောမာရိက ဗြဟ္မစရိယအကျင့် ကျင့်ဆောင်ခဲ့သည်။ **ကောမာရိက ဗြဟ္မစရိယအကျင့်ဆိုသည်**ကား လင်မယူသော အပျိုစင်အကျင့်ကို ဆိုလိုပါသည်။ ထိုဘဝက အပျိုစင်အကျင့် ကျင့်ရုံမျှမက သံဃာတော်များ သီတင်းသုံးရန် ပရိဝုဏ်ကြီးတစ်ခုကိုပင် လှူဒါန်းခဲ့ဖူးသေးသည်။ ထိုဘဝမှ စုတိသော် လူ့ဘဝ၊ နတ်ဘဝတို့၌ ကျင်လည်၍ ယခု ဂေါတမဘုရား ပွင့်တော်မူချိန်တွင် ရာဇဂြိုဟ်ပြည်သူဌေးကြီး၏ သမီးဖြစ်၍ ဘဒ္ဒာဟု အမည်မှည့်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို မယ်ဘဒ္ဒ ဖွားမြင်သောနေ့၌ပင် ရာဇဂြိုဟ်မြို့ ပုရောဟိတ်အိမ်၌လည်း သားငယ်ကို မွေးဖွားသည်။ ထိုကလေးငယ် ဖွားမြင်သည်နှင့် တစ်ပြိုင်နက် မင်းအိမ်ကို အစပြု၍ တစ်မြို့လုံး လက်နက်မှန်သမျှ အရောင်တောက်လေသည်။ ပုရောဟိတ်ပုဏ္ဏားကြီးသည် နံနက်စောစော မင်းအိမ်သို့သွား၍ မင်းကြီးကို ညက ကောင်းစွာ အိပ်စက်ရပါသလောဟု မေးသည်။

"ဆရာ... ညက တစ်ညလုံး လက်နက်တွေ အရောင်တောက်တာ မြင်၍ တွေးကြောက်ပြီး အိပ်မရဘူး"ဟု ပြောသည်။

"အရှင်မင်းကြီး... ထိုအတွက် မစိုးရိမ်ပါနှင့်။ အရှင်မင်းကြီး နန်းတွင်း၌သာ လက်နက်တွေ အရောင်တောက်သည် မဟုတ်ပါ။ တစ်မြို့လုံးရှိ လက်နက်မှန်သမျှ အရောင်တောက်ကြပါသည်။ သည်အတွက် စိုးရိမ်စရာ မရှိပါ အရှင်မင်းကြီး"

"ဆရာ... လက်နက်တွေ အရောင်တောက်ခြင်းကြောင့် အဘယ်သို့များ ဖြစ်တတ်ပါသနည်း"

"အရှင်မင်းကြီး၊ ယနေ့ စောရနက္ခတ်နှင့် ယှဉ်ပါသည်။ ကျွန်တော်မျိုးအိမ်၌ စောရနက္ခတ်နှင့် ယှဉ်၍ သူငယ်တစ်ဦး ဖွားပါသည်။ ထိုသူငယ် ကြီးပြင်းလာခဲ့သော် မြို့တွင်းသူခိုးကြီး ဖြစ်ပါမည်။ ထိုသူငယ်၏ ပုဗ္ဗနိမိတ်အဖြစ် လက်နက်များ အရောင်တောက်ခြင်း ဖြစ်ပါသည်"

"ဆရာ... သင်၏သားသည် ငါ့အား ရန်ပြုပါမည်လော"

"အရှင်မင်းကြီး... သင်မင်းကြီးအား ရန်မပြုပါ။ အကယ်

www.burmeseclassic.com



၍ အရှင်မင်းမြတ် အလိုတော်ရှိပါမူက ထိုသူငယ်ကို အရှင်မင်းကြီးလက်တော်သို့ ပေးအပ်ပါမည်ဘုရား''

''ဆရာ… ငါ့အား နှိပ်စက်မည့်သူ မဟုတ်ခဲ့လျှင် ငါ့ထံ ဆောင်ယူခဲ့ရန် မလို။ ဆရာ့သားကို ဆရာပင် ကျွေးမွေး စောင့်ရှောက်ပါလော''

ပုရောဟိတ်သည် မင်းကြီး၏ စကားဖြင့် သားငယ်ကို (ရန်ရှိသည်)ဟူသော အထိမ်းအမှတ်ဖြင့် (သတ္တုက)ဟု အမည်မှည့်ကာ ကျွေးမွေးထားလေသည်။ သတ္တုကသည် စောရန္တတ်နှင့် ယှဉ်၍ မွေးသောကြောင့် မိဘက သူလိုသော ပစ္စည်းများ မည်မျှပုံ၍ ပေးစေကာမူ မြင်သောအရာဝတ္ထုများကို အလစ်သုတ်၍ အိမ်သို့ ဆောင်ယူခဲ့တတ်သည်။ မိဘများက ထိုအမှုမျိုး မပြု လုပ်ရန် အတန်တန် တားမြစ်ပါသော်လည်း မိဘစကားကို နား ထောင်ခြင်း မရှိ။ လစ်လျှင် လစ်သလို ခိုးယူတတ်သည်သာ ဖြစ်လေသည်။

အရွယ် အတန်ကြီးလာလေ၊ ခိုးမှု အားကောင်းလာလေ၊ ကြီးလေ ခိုးလေ ဖြစ်သောကြောင့် မိဘတို့က ''ချစ်သား၊ ငါတို့ ရင်၌ဖြစ်သော သင်ချစ်သားကို ငါတို့ အလွန် ချစ်ပါ၏။ သို့သော် သင်၏ အပြုအမူများက ငါ တို့ နာမည်ပျက်ရုံမျှမက ငါတို့ပါ သင့်အတွက် မင်းဒဏ်သင့်ရန် ရှိနေပါသည်။ ထို့ကြောင့် သင် ချစ်သားသည် ယနေ့မှစ၍ ငါတို့အား မိဘဟူ၍ မပြောစေနှင့်။ သင် သွားချင်ရာ သွား၊ လုပ်ချင်ရာ လုပ်၊ နောင်အခါ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ခဲ့လျှင်လည်း သင်၏ အပြစ်ကို သင်သည် ခံယူပေတော့''ဟု ဆိုကာ ပုဆိုးညို နှစ်ထည်မျှသာ ပေး၍ အိမ်မှ နှင်ချလိုက်ကြသည်။ သတ္တုဂကသည် ထိုနေ့မှစ၍ စိတ်တိုင်းကျ ခိုးဆိုး သောင်းကျန်းတော့သည်။ တစ်မြို့လုံး ဝှင်း မခိုးဖူးသော အိမ်ဟူ၍ မရှိ။ အိမ်တိုင်း အိမ်တိုင်း ဝှင်းဖောက်ထားသော အပေါက်တွေနှင့်ချည်း ဖြစ်နေသည်။

တစ်နေ့သောအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းတရားသည် ရထားဖြင့် မြို့လှည့်သဘင် ဆင်ယင်တော်မူသည်။ မင်းကြီး၏ မျက်စိအောက်၌ များစွာသော အိမ်တို့သည် အပေါက်နှင့်ချည်း မြင်တော်မူသည်။ ထိုအခါ မင်းကြီးက ရထားထိန်းကို-

''ဟယ် ရထားထိန်း... ကြည့်စမ်းလော့၊ ငါ၏ နေပြည်တော်ရှိ အိမ်ပေါင်းများစွာသည် အပေါက်တွေချည်း ထင်ခဲ့သည်။ ထိုအပေါက်များ အဘယ်ကြောင့် ဖြစ်သနည်း''

''အရှင်မင်းကြီး... ဤမြို့၌ သတ္တုဂက အမည်ရှိသော သူခိုးတစ်ယောက် သောင်းကျန်းနေပါသည်။ ထိုသူခိုး ဖောက်ထားသော အပေါက်များ ဖြစ်ပါသည်ဘုရား''

''ဟဲ့ မင်းချင်းများ... မြို့စောင့်ကို ခေါ်ခဲ့ကြစမ်း''

''မြို့စောင့်... ရှေ့တော်ကို ရောက်ကြောင်းပါဘုရား''

''ဟဲ့ မြို့စောင့်... ယခု ကြည့်စမ်း၊ ငါ့မြို့တော်တွင်း အိမ်ကောင်းမှန်သမျှ အပေါက်တွေချည်း ဖြစ်နေကုန်ပြီ။ သည် အပေါက်တွေကို သတ္တုဂက သူခိုး ဖောက်သည်ဟု ငါ့အား လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။ သတ္တုကြ သူခိုးသည် တစ်ဦးတည်း ဆိုးသွမ်းနေ သူဖြစ်သည်။ ထိုတစ်ယောက်တည်းသော လူဆိုးကို သည်အတိုင်း ကြည့်နေပါက တိုင်းပြည်၌ အုပ်ချုပ်သူ မရှိဟု သူတစ်ပါး အပြစ်တင်ဖွယ် ရှိသည်။ ထို့ကြောင့် သတ္တုကြကို ယနေ့ အမိဖမ်း ပါ။ အကယ်၍ သတ္တုကြ မမိပါက သင် ပေါ့လျော့သောကြောင့် သင့်အား အပြစ်ပေးရလိမ့်မည်''ဟု မိန့်တော်မူ၏။

ထိုအခါ မြို့စောင့်က စစ်သားများကို ချ၍ ဖမ်းသောအခါ ဉစ္စာနှင့်တကွ ခိုးယူသော သတ္တုကြကို ဖမ်းမိ၍ နှောင်ကြိုး တည်းကာ မင်းထံ ပြလေသည်။

ထိုအခါ မင်းကြီးက ဤခိုးသူကို တောင်ဘက်တံခါးမှ ထုတ်၍ သတ်စေဟု အမိန့်ချမှတ်လိုက်သည်။ မြို့စောင့်ကလည်း ငါသည် ဤသူခိုးအတွက် မင်း၏ အမျက်ထွက်ခြင်းကို ခံရသည်။ ဤခိုးသူသည် ရိုက်နှက်၍ ထုတ်မှ သင့်မည်ဟု မြို့တွင်းမှ တောင်တံခါးဝသို့ ရိုက်နှက်၍ ခေါ်ဆောင်သွားသည်။

ထိုအချိန်တွင် သူဌေးသမီး ဘဒ္ဒါလည်း အုတ်အုတ်ကျက် ကျက် အသံကို ကြားသဖြင့် ပြာသာဒ်တံခါးကို ဖွင့်၍ ကြည့် လိုက်၏။ သူ၏ မျက်စိအောက်တွင် မညှာမတာ ရိုက်နှက်ခြင်း ခံရ၍ မရှုမလှ ဖြစ်နေသော သတ္တုကြကို မြင်၏။ မြင်သည်နှင့် တစ်ပြိုင်နက် အညှဉ်းဆဲခံနေရသော သတ္တုကြကို သနားသွား သည်။ သနားရာမှ ချစ်စိတ်ဝင်လာပြီး ဤသူ မင်းဘေးမှ လွတ် အောင် ဘယ်လိုလုပ်ရပါမည်နည်းဟု ကြည့်ရင်း ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင်း၌ မချိတရိဖြစ်လာကာ အိပ်ခန်းတွင်းဝင်၍ အိပ်ရာထက် မှောက်လျက် အိပ်ရင်း ငိုရှိုက်မိလေသည်။ မယ်ဘဒ္ဒါ အိပ်ရာထက် ငိုနေသည်ကို ၎င်း၏အမိက မြင်သည်။ မိခင်သည် တစ်ဦးတည်းသောသမီး မယ်ဘဒ္ဒါအား အလွန် ချစ်၏။ သမီး ငိုနေသည်ကို မြင်သောအခါ သမီးထံ ချဉ်းကပ်၍ "ချစ်သမီး ... ဘာကြောင့် ငိုသနည်း" ဟု မေးသည်။

"အို မိခင်... ခိုးသူကို မြင်မိ၍ ကျွန်မ အလွန် စွဲမက်ခဲ့ပါသည်။ ခိုးသူကိုမှ မရလျှင် ကျွန်မ သေရမည် ဖြစ်ပါသည်" ဟု ပြောကာ ငိုပြန်သည်။

"ချစ်သမီး... စဉ်းစားပါ၊ ဤခိုးသူသည် နာမည်ကြီးသော ခိုးသူကြီး ဖြစ်သည်။ သူ့အပြစ်ရှိ၍ သတ်ရန် ထုတ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မသနားထိုက်သူကို သနား၍ မချစ်သင့်သူကို ချစ်ခဲ့သော် ချစ်သမီးအပေါ်၌သာ အပြစ်တွေ ပုံလာလိမ့်မည်။ ချစ်သမီး လင်လိုသော် အခြားလင်ကို အမေတို့ ရှာပေးမည်။ ခိုးသူကို လင်လုပ်ရန် မသင့်ပါ" ဟု မိခင်က ဆိုသည်။

"အို မိခင်... ခိုးသူကို လင်လုပ်ရန် မသင့်ဆိုသည်ကို သမီး စဉ်းစားပြီးပါပြီ။ သို့ရာတွင် ထိုခိုးသူကို ရလျှင် ရ၊ မရလျှင် သမီးပါ သေရန် စိတ်ပိုင်းဖြတ်ပြီးပါပြီ"

"အို သမီးရယ်၊ သမီးရဲ့စိတ် သည်လောက်ဖြစ်နေလျှင် သင့်ဖခင်နှင့် တိုင်ပင်၍ မိခင်ကြံပေးမည်" ဟု သမီးကို နှစ်သိမ့်ပြီးနောက် သူဌေးကြီးထံ ထိုအကြောင်း သွားရောက် ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူဌေးကြီးက မြို့စောင့်ထံသွား၍ ငွေတစ်ထောင် လာဘ်ထိုးပြီးလျှင် "ငါ့သမီးသည် ဤခိုးသူအပေါ် သနားချစ်ခင်၍ ယခု ငိုနေပါသည်။ ဤခိုးသူကို ပရိယာယ်တစ်ခုဖြင့် လွတ်ပေးစေလိုပါသည်"ဟု ပြောသည်။ မြို့စောင့်ကလည်း သူဌေးမျက်နှာ၊ ငွေမျက်နှာဖြင့် "သူဌေးကြီး မပူပါနှင့်။ နေဝင်လျှင် အခြားသူကို ခိုးသူကိုယ်စား သတ်၍ ခိုးသူကို အိမ်အရောက်ပို့ပေးပါမည်"ဟု ဝန်ခံကာ မြို့စောင့်၏ လုပ်ဆောင်ချက်ဖြင့် သတ္တုကသည် မယ်ဘဒ္ဒါ၏ လင်အဖြစ်သို့ ရောက်ခဲ့လေသည်။ မယ်ဘဒ္ဒါသည် ခိုးသူ သတ္တုကကို ရ၍ အလွန် နှစ်သက်ဝမ်းသာသည်။ သို့သော် ခိုးသူ သတ္တုက,ကမူကား မယ်ဘဒ္ဒါကို မချစ်ချေ။ မယ်ဘဒ္ဒါ၏ ကိုယ်၌ ဆင်မြန်းထားသော ရွှေငွေပစ္စည်း ဘဏ္ဍာများကိုသာ ချစ်သည်။ ထို့ကြောင့် မယ်ဘဒ္ဒါ၏ ကိုယ်မှ ပစ္စည်းများ ဘယ်လိုယူရမည်နည်းဟု အကြံထုတ်နေသည်။ နှစ်ရက် သုံးရက် လွန်သောအခါ အကြံရလာသည်။

"ချစ်နှမ… မယ်ဘဒ္ဒါ၊ မောင်သည် ဧကန် သေရမည့် ခိုးသူဖြစ်သည်။ ထို့ကြောင့် မောင့်အားသတ်ရန် ထုတ်ဆောင်လာစဉ် ချောက်ကြီးရှိသော ဟိုးတောင်ကို မြင်သည်။ ထိုတောင်မှ နတ်မင်းသည် ဘုန်းတန်ခိုး အလွန်ကြီးမားသောကြောင့် ငါ့အား သေတွင်းမှ ထုတ်ဆောင်နိုင်လျှင် ထိုတောင်စောင့်နတ်မင်းအား ဗလိနတ်စာ ပေးပါမည်ဟု ဝန်ခံပြောဆိုခဲ့သည်။ ယခုအခါ မောင်သည် သေတွင်းမှ ကင်းလွတ်ရုံမျှမက နှမကိုပါ မယားအဖြစ် ရခဲ့သည်။ ထို့ကြောင့် မောင်၏ ကတိအတိုင်း ဗလိနတ်စာ ပြု

www.burmeseclassic.com

www.burmeseclassic.com



လိုပါသည်။ မောင်၏ အလိုဆန္ဒကို ကူညီပါ”ဟုပြောလေသည်။

မယ်ဘဒ္ဒါလည်း ဝမ်းမြောက်ဝမ်းသာ ကူညီပါမည်ဟု ပြောဆိုကာ နတ်တင်ရန် ဗလိနတ်စာများကို ပြင်ဆင်၍ လက်ဝတ်လက်စား အပြည့်အစုံဖြင့် နတ်ပူဇော်ရန် တောင်ပေါ်သို့ တက်ကြသည်။ တောင်ထိပ်သို့ ရောက်သောအခါ သတ္တုက,က-

“နှမ၊ သင်၏ကိုယ်မှ တန်ဆာများကို ချွတ်၍ သင်၏ တဘက်၌ ထုပ်လော့”ဟု ဆို၏။

“သည်ပစ္စည်းတွေ တဘက်နှင့်ထုပ်ပြီး ဘယ်လိုလုပ်မည်နည်း”ဟု မယ်ဘဒ္ဒါက မေးသောအခါ-

“သည်ပစ္စည်းတွေ ငါယူ၍ သင့်ကို ဤအရပ်၌ သတ်ခဲ့မည်”ဟု သတ္တုက,က ပြန်ပြော၏။ ထိုအခါမှ မယ်ဘဒ္ဒါ သတိရလိုက်၏။

ဤသူကား ခိုးသူတည်း၊ ငါက ချစ်သနား၍ သူ၏အသက်ကို ကယ်ရုံမျှမက သူ့ကို လူပါ ပုံအပ်ထားသော မယားဖြစ်ပါလျက် ငါ့ကျေးဇူးကို မသိ။ ငါ့ပစ္စည်းကို ယူ၍ ငါ့ကိုပါ သတ်ချင်ပြန်သည်။ ဤမျှ ယုတ်မာသော သူကို ငါ ဆက်ချစ်သဖြင့် ငါ့အား အဘယ်အကျိုးမျှ ရှိမည်မဟုတ်။ ထို့ကြောင့် ထိုသူအား မိန်းမ ပရိယာယ်ဖြင့် ပြန်သတ်မှတော်မည်ဟု ရုတ်တရက် အသိရသဖြင့်-

“အို နှမချစ်သော မောင်··· မောင့်အပေါ် နှမ ဘယ်မျှချစ်သည်ကို မောင်သိပါသည်။ နှမ၏ ပစ္စည်းများကိုပါမက နှမ၏ အသက်ကိုပါ မောင့်ကို ပေးပါသည်။ သို့သော် နှမ

www.burmeseclassic.com



မသေမီ နှမ ချစ်လွန်းသော မောင့်အား နှမ ခေတ္တမျှ ပွေ့ဖက်ပါရစေ။ ပွေ့ဖက်ခွင့် ပေးသနားပါ မောင်''ဟု ဆိုသည်။ သတ္တုကြကလည်း နောက်ဆုံး အခွင့်ပေးသောအနေဖြင့် ပွေ့ဖက်ခွင့် ပြုလိုက်သည်။ ထိုအခါ မယ်ဘဒ္ဒါသည် သတ္တုကြအား ပွေ့ဖက်ဟန်ဆောင်၍ ချောက်ကမ်းပါးသို့ တွန်းချလိုက်ရာ သတ္တုကြ မှုန်မှုန်ညက်ညက် ကြေမွ ပျက်စီးလေသည်။ မယ်ဘဒ္ဒါသည် လင်ကိုသတ်ပြီးနောက် အိမ်သို့ မပြန်ဝံ့သဖြင့် နိဂဏ္ဌာတို့ထံ၌ ရဟန်းဝတ်ခဲ့သည်။ နိဂဏ္ဌာတို့ကလည်း အထွတ်အမြတ် ရဟန်း ပြုအံ့ဟု မယ်ဘဒ္ဒါ၏ ဆံပင်များကို ထန်းစေ့ဖြင့် ဆွဲနုတ်၍ ရဟန်းပြုပေးကြသည်။ ရိတ်သည် မဟုတ်။ ဆွဲနုတ်ထားသော ဆံပင်တို့သည် သန်မာစွာ ပြန်လည် မပေါက်လာဘဲ လိန်ကောက်၍ ပေါက်လာသဖြင့် နားအောက်တွင် နားတောင်း ဝတ်ဆင်ထားသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ငယ်နာမည် 'ဘဒ္ဒါ'ပျောက်၍ 'ကုဏ္ဍလကေသာ'ဟူ၍လည်းကောင်း၊ 'ကုဏ္ဍလကေသီ'ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

ကုဏ္ဍလကေသီသည် အလွန် ဉာဏ်ထက်မြက်သည်။ နိဂဏ္ဌာတို့ထံ သင်္ကန်းဝတ်ပြီး အလုံးစုံသော အတတ်များကို သင်ယူတတ်မြောက်သဖြင့် ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တို့သို့ လှည့်လည်နေလေသည်။ ထိုအခါက ရင်းနှင့် ယှဉ်ပြိုင် ပြောဆိုနိုင်သူပင် မရှိခဲ့ချေ။ ထို့ကြောင့် ရွာနိဂုံးတစ်ခုခုကို ဝင်လျှင် ရွာအဝတွင် သဲပုံပြု၍ ထိုသဲပုံ၌ သပြေခက် ထိုးထားပြီး ငါနှင့် ဝါဒပြိုင်လိုသူများ ဤသပြေခက်ကို နင်းဖျက်ခဲ့ကြရန် ကြေညာခဲ့သည်။

www.burmeseclassic.com



သူ၏ သပြေခက်ကို နင်းချေ ဖျက်ဝံ့သူပင် မပေါ်ခဲ့ချေ။

ထိုအချိန်တွင် ဂေါတမရှင်တော်ဘုရား ဖြစ်ပွင့်၍ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသည်။ ကုဏ္ဍလ ကေသီသည် သာဝတ္ထိပြည်သို့ ရောက်လာ၍ သူ၏ ထုံးစံအတိုင်း သဲပုံ၌ သပြေခက်ထိုးကာ မြို့တွင်းသို့ ဝင်သွားသည်။ ကုဏ္ဍလ ကေသီ မြို့တွင်းသို့ ဝင်၍ မကြာမီ ထိုအနီးသို့ ရှင်သာရိပုတ္တရာ ရောက်လာသည်။ ကလေးငယ်များ ဝိုင်းကြည့်နေသော သဲပုံ ထက်က သပြေခက်ကို မြင်၍-

"ဟေ့ သူငယ်များ... ဘာ ဝိုင်းကြည့်နေကြတာလဲ"ဟု မေးသည်။

"ပရိဗိုဇ်မတစ်ယောက်ဘုရား။ သူနှင့် ယှဉ်ပြိုင် ပြောဝံ့သူ သူ့သပြေခက်ကို နင်းဝံ့သူ နင်းကြလို့ ဆိုပြီး သဲပုံမှာ စိုက်ထားတဲ့ သပြေခက်ကို ကြည့်နေကြတာပါ ဘုရား"

"ဟာ ဒီလိုဆို ကြည့်နေလို့ ဘယ်ဖြစ်မလဲ။ နင်းချေလိုက် ကြပါတော့"

"တပည့်တော်များ မနင်းချေဝံ့ဘူးဘုရား"

"နင်းသာ နင်းချေကြပါကွယ်။ ပရိဗိုဇ်မ လာလျှင် ငါနဲ့ စကားပြောရမှာပေါ့"

အရှင်သာရိပုတ္တရာ၏ စကားဖြင့် အချို့ကလေးများ သဲပုံ ဆီ ပြေးသွားကာ သပြေခက်ကို နင်းချေလိုက်ကြသည်။ ထိုခဏ ၌ ကုဏ္ဍလကေသီသည် မြို့တွင်းမှ ထွက်လာ၍ ဤသပြေခက်

www.burmeseclassic.com

www.burmeseclassic.com



မည်သူ နင်းချေဖျက်သနည်းဟု မေးလေသည်။

“အရှင်မ၊ အရှင်သာရိပုတ္တရာက ခိုင်းလို့ သူငယ်များ နင်းချေကြပါတယ်”

“သယ်… ရာရာစစ၊ ငါ့သပြေခက် နင်းခိုင်းတဲ့ ရှင်သာရိပုတ္တရာဆိုတာ ခု ဘယ်မှာလဲ”

“ဟောဟို …သစ်ပင်ရင်းမှာ ထိုင်နေပါတယ် အရှင်မ”

“ငါ့သပြေခက် နင်းချေခိုင်းတဲ့ အရှင်သာရိပုတ္တရာ ငါနှင့် တွေ့ကြရဦးမှာပေါ့”

ကုဏ္ဍလကေသီသည် ဤသို့ ကြိမ်းဝါး၍ မြို့တွင်း ပြန်ဝင်ကာ သူ့ကို လေးစားသူတို့အား ခေါ်ယူ၍ ရှင်သာရိပုတ္တရာ သီတင်းသုံးရာဌာနသို့ သွားကာ-

“အရှင်ဘုရား၊ သဲပုံပေါ် စိုက်ထားတဲ့ သပြေခက်ကို အနင်းခိုင်းတယ်ဆိုတာ ဟုတ်ပါသလား”ဟု မေးလေသည်။

“ဟုတ်တယ်၊ ငါ အနင်းခိုင်းတာ မှန်တယ်”

“ဒီလိုဆို အရှင်က အကျွန်ုပ်နှင့် တုပြိုင်စကား ပြောလိုတာပေါ့”

“ဟုတ်တယ်၊ သင်နှင့် တုပြိုင်စကားဆိုဖို့ ငါ့မှာ ဝန်မလေးပါဘူး”

“မည်သူက ဦးစွာ မေးမှာလဲ ဘုရား”

“သင်က ဦးစွာ မေးပါ၊ ငါက သင်မေးသမျှ ဖြေမယ်”

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာ၏ ခွင့်ပြုချက်ရသောအခါ ကုဏ္ဍလကေသီသည် မိမိ တတ်သိသော ဝါဒအားလုံးကို မေးသည်။ သူ မေးသမျှကိုလည်း ရှင်သာရိပုတ္တရာက ဖြေသည်။ ကုဏ္ဍလကေသီ မေး၍ ပြီးဆုံးသောအခါ ရှင်သာရိပုတ္တရာက–

"သင်က ငါ့ကို အများကြီး မေးထားပြီး ငါက ပြဿနာ တစ်ခု မေးချင်သေးတယ်၊ မေးရမလား"

"မှန်ပါ၊ မေးတော်မူပါဘုရား"

"ပရိညာသုံးပါးဖြင့် ပိုင်းခြင်းသိအပ်သော တရားတစ်မျိုးဆိုတာ ဘာလဲ"

"တပည့်တော်မ မသိပါဘုရား"

"ယခု ငါမေးသော ပြဿနာသည် ငါတို့ သာသနာမှာ သာမဏေငယ်များ လေ့လာရမည့် တရားမျှသာ ဖြစ်တယ်။ ဤတရားကိုမျှ မသိခဲ့လျှင် အခြားတရားကို မေးလျှင်လည်း သင် ဖြေဆိုနိုင်မည် မဟုတ်"ဟု မိန့်ဆိုသော် ကုဏ္ဍလကေသီသည် ပါရမီရှင်ဖြစ်သည့်အားလျော်စွာ မထေရ်မြတ်၏ ခြေတော်ကို ရှိခိုး၍ ၎င်းအား ရဟန်းပြုပေးရန် တောင်းဆိုခဲ့သည်။

ထိုအခါ ရှင်သာရိပုတ္တရာက သင် ရဟန်းပြုချင်သည်ဆို၍ ငါ ဝမ်းသာပါ၏။ သို့သော် ငါတို့၏ဆရာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှာ ရှိသည်။ မြတ်စွာဘုရားထံ သွားရောက် ဆည်းကပ်ပါဟု မိန့်တော်မူသဖြင့် ကုဏ္ဍလကေသီသည် ဘုရားရှင်ထံသို့ သွားရောက် လျှောက်ထားသောအခါ ဘုရားရှင်က–

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မည်မျှများသော်လည်း
အကျိုးမရှိသော စကားသည် မချီးမွမ်းအပ်။
စကားတိုကလေး ဖြစ်သော်လည်း
အကျိုးရှိသော စကားသည် ချီးမွမ်းအပ်၍ မြတ်လှပေ၏''

ဟု မိန့်တော်မူရာ ကုဏ္ဍလကေသီသည် ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ဘိက္ခုနီမကျောင်းသို့ သွား၍ ရဟန်းမ ပြုလေသည်။ ထိုကုဏ္ဍလကေသီထေရီမကား ဘုရားရှင် သာသနာတော်၌ ခိပ္ပါဘိညာ (လျင်မြန်စွာသိသော)ဧတဒဂ်ရ ရဟန္တာမကြီး ဖြစ်ခဲ့ပါသည်။

ဤ ကုဏ္ဍလကေသီဝတ္ထု၏ ဆိုလိုရင်းကို အနည်းငယ်ဝေဖန်ပြပါဦးမည်။ များသောအားဖြင့် လင်မယားဟူ၍ ဖြစ်လျှင် (ပုဗ္ဗေဝသန္နိဝါသေန) ရှေးက အတူတကွ ချစ်ခင်ခဲ့ကြဖူးသောကြောင့် များပါလိမ့်မည်။ (သို့သော် ပစ္စုပ္ပန္နဟိတေန) ယခုဘဝ တစ်ဦးအကျိုး တစ်ဦးက သယ်ပိုးရင်း ချစ်ခင်သူလည်း နည်းပါးလိမ့်မည် မဟုတ်ပါ။ အများတကာ့ အများဆုံးမှာ ရှေးက အတူတကွ ချစ်ခင်ဖူးခဲ့ကြ၍လည်း မဟုတ်။ တစ်ဦးအကျိုး တစ်ဦးသယ်ပိုး ဆောင်ရွက်ကြ၍လည်း မဟုတ်။ ကိလေသာဇောဖြင့်မက်မော ချစ်ခင်ကြခြင်းသာ များပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ရှေးက အတူတကွ ချစ်ခင်ဖူးခဲ့ကြ၍ ဖြစ်စေ၊ ယခုဘဝတွင် တစ်ဦးအကျိုး တစ်ဦးက သယ်ပိုးရွက်ဆောင်ကြ၍ဖြစ်စေ လင်မယား ဖြစ်ကြငြားအံ့- ထိုလင်ထိုမယားများ တစ်ဦးအပေါ် တစ်ဦး ဘယ်မျှ ချစ်မြင်သည်

www.burmeseclassic.com



ဖြစ်စေ လင်နှင့်မယား ပြတ်စဲနိုင်ဖွယ် မရှိပါ။ တစ်ဦးနှင့်တစ်ဦး အပြစ်မြင်၍ ခိုက်ရန်ဒေါသဖြစ်သည့်တိုင်အောင် မကြာမီ အမျက်ပြေ၍ ချစ်ကြင်မှု ခိုင်မြဲကြမည်သာ ဖြစ်ပါသည်။ ဤနေရာအတွက် ထင်ရှားသော ဥပမာကား မလ္လိကာမိဖုရားနှင့် ပသေနဒီကောသလမင်းတို့ ဖြစ်ကြပါသည်။

## ရှေးက ချစ်ခဲ့သူ

မလ္လိကာဒေဝီသည် ပန်းရောင်း၍ အသက်မွေးရသော ဆင်းရဲသူမ ဖြစ်၏။ တစ်ရက်တွင် ပန်းခြံသို့ ပန်းကောက်ထွက်လာရင်း တူတော် အဇာတသတ်နှင့် စစ်ထိုးရာမှ စစ်ရှုံး၍ တပ်ဆုတ်လာသော ပသေနဒီကောသလမင်းနှင့် တွေ့၍ ရှေးဘဝက အတူ ချစ်ခင်ခဲ့ကြဖူးသော (ပုဗ္ဗသန္နိဝါသ)ကြောင့် မြင်လျှင်မြင်ချင်း တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ကာ မိဖုရားအဖြစ် နန်းတော်သို့ ကောက်ယူခြင်း ခံခဲ့ရသည်။

လောက၌ အချစ်ဆိုသောတရားသည် အလွန် ဆန်းကြယ်၏။ ကျားကြီးဖြစ်စေ၊ ဆင်ကြီးဖြစ်စေ၊ မြွေကြီးဖြစ်စေ သူ့အပေါ် ကိုယ်ကချစ်ခဲ့လျှင် သူကလည်း ကိုယ့်အပေါ် ပြန်ချစ်လာသည်။ သူက ကိုယ့်ကိုချစ်မှန်း သိသည်နှင့် သူ့ကိုလည်း ကိုယ်က ကြောက်ရွံ့ခြင်း မရှိ။ ရဲရဲတင်းတင်း ဖက်ပွေ့၍ နေနိုင်ခဲ့သည်။ လူသားအချင်းချင်းလည်း ထို့အတူသာ ဖြစ်သည်။

မလ္လိကာသည် ဆင်းရဲသူမဖြစ်၍ ပသေနဒီကောသလမင်းက မင်းမျိုးမှ ဆင်းသက်လာသော မင်းတစ်ပါးဖြစ်သည်။ သို့

www.burmeseclassic.com



သော် မလ္လိကာသည် မင်းကြီးကို ချစ်သည်။ မင်းကြီးကလည်း မလ္လိကာကို ချစ်သည်။ အချစ်ချင်း တူကြသောအခါ မလ္လိကာသည် မင်းကြီးအပေါ် မကြောက်တော့ချေ။ မင်းကြီးကို ရက်ရက်စက်စက် ပြောတတ်သည်။ မလ္လိကာပြောသမျှ မင်းကြီးကလည်း အချစ်ကြောင့် သည်းခံခဲ့သည်။ သို့သော် ပုထုဇဉ်တို့၏ စိတ်သည် အရူးစိတ်နှင့် တူသည်။ ယခု ဖြူချင်ဖြူ၍ ယခု မည်းချင် မည်းခဲ့တတ်သည်။

မလ္လိကာသည် မင်းကြီးကို မင်းကြီးဟူ၍ မယူဆ၊ သာမည လင်သားတစ်ယောက်မျှသာ ယူဆ၍ ပြောစရာရှိလျှင် ပက်ပက်စက်စက် ပြောတတ်သည်။ မင်းကြီး စိတ်ကောင်းဝင်နေစဉ် ပြောလျှင် ဘာမျှ အပြစ်မမြင်ချေ။ သို့သော် မင်းကြီး စိတ်ဆိုးသောအခါ ပြောလျှင်ကား ဒီကောင်မဟာ သာမည ပန်းသည်မျှသာ ဖြစ်သည်။ ငါက မြှောက်၍ မိဖုရားဖြစ်လာမှ ဘဝကို မေ့သည်။ မာနကြီးသည်။ ဒီကောင်မကို အရေးမစိုက်မှ တော်မည်ဟု စိတ်တစ်မျိုး ဖြစ်လာ၏။ မလ္လိကာကို စကားမပြော၊ အရေးမထား နေတော်မူတတ်သည်။

မလ္လိကာကား ဘဝကို မမေ့ပါ၊ ချစ်သူအပေါ် ချစ်၍သာ မထီလေးစား ပြောဆိုမိပါသည်။ ဤသို့ ချစ်သူက ပစ်ပယ်သောအခါမှာမူကား ရှေ့မျက်ရည် စိုရွှဲ၍ ငိုပွဲဆင်ခဲ့ရရှာပါသည်။

ဤအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ နံနက်ဆွမ်းခံတော်မူရင်း နန်းတော်သို့ ကြွတော်မူ၏။ ကောသလမင်းကြီးသည် ဘုရားအမှူး ရှိသော သံဃာတော်များကို ဆွမ်းကပ်ပြီး

www.burmeseclassic.com



နောက် ဘုရားရှင်က–

"မင်းကြီး… မလ္လိကာဒေဝီကို မမြင်ပါတကား"ဟု မေးတော်မူ၏။

"မြတ်စွာဘုရား… မလ္လိကာသည် ဘဝကို မေ့တတ်ပါသည်။ ငါသည် ယခင်က ပန်းရောင်းစားရသော ပန်းသည်မ, ပါတကားဟု မသိတော့ပါ။ မိဖုရားကြီး ဖြစ်လာမှ စည်းစိမ်ယစ်မူး၍ မလာခြင်း ဖြစ်ပါသည်ဘုရား"

"အို မင်းမြတ်… သင်မင်းမြတ်သည် ရှေးရှေးသောဘဝက ကိန္နရာမျိုး၌ ဖြစ်ဖူးသည်ကို အမှတ်ရပါသလော"

"အမှတ်မရပါ အရှင်ဘုရား"

"မင်းကြီး… ဟို ရှေးဘဝကို သတိရရန် ငါ အတိတ်ကို ဖော်ပေးမည်။ ထိုအခါက ဗာရာဏသီပြည်၌ ဘလ္လာတိယ အမည်ရှိသော မင်းကြီး ထီးနန်းစံနေသည်။ ဘလ္လာတိယမင်းသည် တောကစားရန်ဆန္ဒဖြင့် တိုင်းပြည်ကို မှူးမတ်တို့အား အပ်နှင်း၍ ခွေးပေါင်းများစွာဖြင့် ဟိမဝန္တာသို့ ဝင်ခဲ့သည်။ မင်းကြီးသည် ဟိမဝန္တာတောင်ခြေတစ်ဝိုက် မြစ်ငယ်။ ချောင်းငယ်များကို ဖြတ်သန်း သွားလာစဉ် ဟိမဝန္တာမြစ်ငယ်တစ်ခု၏ ကမ်းပါး၌ ကိန္နရာဖိုနှင့် ကိန္နရာမတို့သည် တစ်ဦးလည်ပင်းကို တစ်ဦးဖက်၍ ငိုကြွေးနေကြသည်ကို မြင်သည်။ ထိုအခါ မင်းကြီး၏ စိတ်၌ ဤကိန္နရာဖိုမတို့သည် အဘယ့်ကြောင့် ရှိုက်ကြီးတငင် ငိုယိုနေကြသနည်း။ ထိုအကြောင်းကို သိရန် ငါမေးမှတော်မည်ဟု ခွေးများကို လက်ဖျစ်တီး၍ ခေါ်ကာ တစ်ခုသော ချုံ၌ ဝပ်၍ နေစေသည်။ ထို့

www.burmeseclassic.com



နောက် လက်နက်လေးများတို့ကို သစ်ပင်၌ မှီထား၍ အသံမကြားစေရန် တိတ်တဆိတ် အနီးသို့ ချဉ်းကပ်ပြီးလျှင်-

"အို အဆွေတို့ ...သင်တို့ကား လူနှင့် တူကုန်၏။ သင်တို့ကို အဘယ် သတ္တဝါဟု ငါတို့ သိရမည်နည်း" ဟု မေး၏။ မင်းကြီး၏ မေးသောအသံကို ကြား၍ ကိန္နရာဖိုသည် ထိတ်လန့်သည်ဖြစ်၍ စကားမဆိုပါချေ။ ကိန္နရာမက လှည့်ကြည့်ပြီးလျှင်-

"အို မုဆိုး ... ငါတို့ကား ကိန္နရာမျိုးတို့ပါတည်း" ဟု ပြန်ပြောသည်။

"သင်တို့သည် တစ်ဦးနှင့်တစ်ဦး ဖက်၍ အဘယ့်ကြောင့် ရှိုက်ကြီးတငင် ငိုယိုနေကြပါသနည်း"

"အမောင် မုဆိုး... ညဉ့်တစ်ညဉ့်တွင် မိုးရေအကြား ငါတို့ ကွဲကွာသွားခဲ့ကြသည်။ ထိုကဲ့သို့ ကွဲကွာရသည့်အရေး တွေး၍ ငိုကြွေးကြခြင်း ဖြစ်ပါသည်"

"သင်တို့ အဘယ့်ကြောင့် ကွဲကွာရသည်ကို ငါ့အား ပြောကြားပါဦးလော့"

"အို မုဆိုး... တောင်နှစ်လုံးအကြား လျင်စွာ စီးဆင်းနေသော မြစ်ငယ်ကို အသင်မြင်သည် မဟုတ်လော။ ငါတို့ လင်မယားသည် ထိုမြစ်ကမ်းပါး၌ တစ်ဦးနှင့် တစ်ဦး လိုက်တမ်းပြေးတမ်း ကစားကြစဉ် ငါသည် ရေနည်းသောမြစ်ကိုဖြတ်၍ တစ်ဖက်ကမ်းပါးသို့ ကူး၏။ ထိုခဏ၌ မိုးသည်းသန်စွာ ရွာ၍

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေပြည့်ခဲ့၏။ ငါသည်လည်း လင်ရှိရာ ကမ်းသို့ မပြန်နိုင်။ လင်သည်လည်း ငါ့ထံသို့ မလာနိုင်။ ဟိုဘက်ကမ်းမှာ လင်ကို လည်း ငါ မြင်ရ၏။ ငါ့ကိုလည်း လင်က မြင်ရ၏။ သို့သော် ငါ့လင်နှင့် ငါသည်ကား အတူတကွ နေထိုင်ခွင့်ကို မရကြပါပေ။ ထို့ကြောင့် ငါတို့လင်မယားသည် ထိုညဥ့်တစ်ညဥ့်လုံး ငို၍သာ နေကြရသည်။ မိုးလင်းသောအခါမှ မိုးစဲသဖြင့် ရေနည်းသော မြစ်ကိုကူး၍ နှစ်ဦးသားဖက်၍ ငိုကြရပါသည်။ အမောင် မုဆိုး… ငါတို့ ကင်းကွာကြသည်ကား ယနေ့မှ ပြန်၍ ရေတွက် သော် အနှစ်ခုနစ်ရာပြည့်ရန် သုံးရက်မျှသာ လိုပါတော့သည်"

"အို မုဆိုး… ငါတို့ ကိန္နရာတို့၏ သက်တမ်းကား တစ်ထောင် ရှည်ကြပါသည်။ လူတို့၏ သက်တမ်းကား တစ်ရာမျှသာ ဖြစ်ပါသည်။ အသင်မုဆိုးသည် အဘယ့်ကြောင့် ချစ်သော မယားနှင့် ကွေကွင်း၍ နေရပါသနည်း" ဟု ဆိုလေသည်။ ဘလ္လာတိယမင်းသည် ကိန္နရီမ၏ စကားကို ကြား၍ တိရစ္ဆာန်ဖြစ်သော ကိန္နရာတို့သော်လည်း တစ်ညဥ့်ကင်းကွာရုံနှင့် နှစ်ပေါင်း ခုနစ်ရာ ကြာအောင် ငိုကြွေးကြသေး၏။ ငါသည်လည်း မိဖုရားများထံ ပြန်မှ သင့်မည်ဟု ကြံ၍ ဗာရာဏသီပြည်သို့ ပြန်ခဲ့လေသည်။

"မင်းကြီး… ဤဘလ္လာတိယဇာတ်၌ ကိန္နရာဖိုသည်ကား အသင်မင်းကြီးဖြစ်၍ ကိန္နရီမသည်ကား မလ္လိကာဒေဝီဖြစ်သည်။ ထိုအခါက ဘလ္လာတိယမင်းသည်ကား ငါဘုရားပင် ဖြစ်လေ သည်။ ထိုကိန္နရာဘဝက တစ်ဦးနှင့် တစ်ဦး မခွဲနိုင် မခွာရက် ချစ်ခင်ကြပါလျက် ယခုဘဝ၌ တစ်ဦးအပေါ် တစ်ဦး အပြစ်မြင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကား မသင့်ချေ''ဟု မိန့်တော်မူ၏။ ထိုအခါ မလ္လိကာဒေဝီက လက်အုပ်ချီ၍-

''အရှင်ဘုရား၊ အရှင်မြတ် ဟောသောတရားကို တပည့်တော် ရိုသေစွာ နာယူပါသည်။ ထို့ကြောင့် တပည့်တော်မ၏ ပူပန်ခြင်း ကင်းပါပြီ၊ ဘုရားရှင်သည်လည်း အသက်ရှည်တော်မူပါစေ''ဟု လျှောက်ထားသည်။ ထိုအခါမှစ၍ ကောသလမင်းကြီးနှင့် မလ္လိကာသည် သင့်တင့် ညီညွတ်စွာ နေထိုင်ခဲ့ကြသည်။

ဤ ဘလ္လာတိယဝတ္ထုတွင် ပသေနဒီကောသလမင်းနှင့် မလ္လိကာဒေဝီတို့သည် ယခုမှ မြင်မြင်ချင်း ချစ်ခင်ကြသည် မဟုတ်။ ရှေးဘဝက အတူနေခဲ့ကြသော (ပုဗ္ဗသန္နိဝါသ)ကြောင့် တစ်ဦးနှင့် တစ်ဦး ချစ်ခင်ခြင်း ဖြစ်ခဲ့ကြသည်။ သို့သော် ရှေးဘဝက ချဖူးသောရေစက်၊ ပန္နက်ဖူးသောသစ္စာ ရှိသည်ပင်ဖြစ်စေ လင်မယားအချစ်ဆိုသည်မှာ ခိုင်မာသော ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော အချစ်မျိုး မဟုတ်၊ တဏှာပေမနှင့် ရောနှောနေသော အချစ်မျိုးဖြစ်သောကြောင့် ယနေ့ အသက်တမျှ ချစ်သော်လည်း အခန့်မသင့်ပါက နက်ဖြန် အသေသတ်တတ်သော အချစ်မျိုး ဖြစ်လေသည်။

ရှေးဘဝ ရေစက်ကြောင့် ချစ်ခဲ့ရိုးမှန်ပါက အခြား အပျော်အပါးတွေနှင့် ဘယ်လောက်ပင်တွေ့တွေ့ ငယ်ချစ်ကိုကား။ မမေ့နိုင်ကြပါ။ ဤသည်ကို ရည်ရွယ်၍ ''**ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ**''ဟု စကားရှိခဲ့ပါသည်။

ဤနေရာ၌ **အသိတာဘူဝတ္ထု**ကို ထုတ်ပြချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသိတာဘုဝတ္ထု

ဗာရာဏသီမင်း၏ သားတော်သည်ကား အခြံအရံနှင့် ပြည့်စုံသည်ဖြစ်၍ ခမည်းတော်၏ စိတ်၌ ယုံမှားခြင်း ရှိခဲ့သည်။ ထို့ကြောင့် သားတော်ကို ခေါ်ပြီးလျှင် ငါ မသေသမျှ ဗာရာဏသီသို့ မပြန်ခဲ့ရ။ ငါသေသောအခါမှ လာရောက် မင်းပြုရမည်ဟု တောအရပ်သို့ နှင်ထုတ်တော်မူလိုက်သည်။ ဗြဟ္မဒတ်မင်းသား၏ မိဖုရားသည်ကား အသိတာဘူအမည် ရှိ၏။ အသိတာဘူသည် လင်ဖြစ်သူ နှင်ထုတ်ခံရသောအခါ ငါ့လင်နောက်သို့ လိုက်ပါ ပြုစုအံ့ဟု အိမ်ရှေ့မင်းသားနှင့်အတူ ဟိမဝန္တာတောသို့ လိုက်ပါ၍ လင်ဖြစ်သူအား သစ်သီးကြီးငယ်တို့ကို ရှာဖွေ ကျွေးမွေးခဲ့သည်။

ထို ဟိမဝန္တာအရပ်၌ လူနှင့်တူသော ကိန္နရာတို့သည် ရှိကုန်၏။ ကိန္နရာတို့သည် မင်းသား မင်းသမီးတို့နှင့် နီးနီးကပ်ကပ် နေရသောကြောင့် ယဉ်ပါး၍ အနီးသို့ အကပ်ခံလေသည်။ ထိုကိန္နရာများမှ ကိန္နရီမတစ်ကောင်ကို မင်းသား တပ်စွန်းလေသည်။ ထို့ကြောင့် ထို ကိန္နရီမနောက်သို့ လိုက်ရာ ကိန္နရီမက အကပ်မခံဘဲ မင်းသားကပ်လာလျှင် ထ၍ ပျံသွားတတ်သည်။ အသိတာဘူသည် မိမိ၏လင် အိမ်ရှေ့မင်းသား၏ အဖြစ်ကိုသိ၍ မင်းသားအပေါ် စိတ်ပျက်ခဲ့သည်။

တစ်ရက်တွင် မင်းသားသည် ကိန္နရီမအနီးသို့ သွားသည်။ ကိန္နရီမသည် ခါတိုင်းကဲ့သို့ ပျံမသွားဘဲ တောထဲသို့ ဝင်ပြေးသွားသည်။ မင်းသား၏စိတ်၌ ကိန္နရီမက ငါ့ကို ခေါ်တာပဲဟု ယူဆ၍ ကိန္နရီမနောက် တောထဲသို့ လိုက်လေသည်။ အသိတာဘူ

www.burmeseclassic.com

www.burmeseclassic.com



သည် မင်းသားကို ကြည့်၍ ဤမင်းသားသည် ငါ့မယားတစ်ဦး ရှိပါလျက် ငါ့ကို မယားဟူ၍ မယူဆ။ ဤတိရစ္ဆာန်မ ကိန္နရီ နောက်သို့သာ လိုက်တော့သည်။ ငါကား သူ့ကို ချစ်၍ တောထဲ သို့ သူနှင့်အတူ လိုက်ခဲ့သည်။ သူကမူ ငါ့ကို ပစ်၍ ကိန္နရီမကို ချစ်လေသည်။ သူ့ကို ချစ်၍ ငါ ဘာအကျိုးရှိအံ့နည်း။ ဟိုတောထဲ မှာ ဈာန်ရ ရသေ့တစ်ပါး ရှိသည်။ ထိုရသေ့ထံမှ ဈာန်ရမည့် ပရိကံကို ဟောစေ၍ ငါ ကျင့်အံ့ဟု ရသေ့ထံသို့ သွားရောက်ကာ ကမ္မဋ္ဌာန်းကို တောင်းလေသည်။ ကမ္မဋ္ဌာန်းကို ရ၍ အားထုတ် သောအခါ ရသေ့ကျောင်း၌ပင် အဘိညာဉ် သမာပတ်တို့ကိုရ၍ ရသေ့အား ရှိခိုးပြီး မိမိနေရာသို့ ပြန်လာ၏။

မင်းသားကလည်း ကိန္နရီမနောက်သို့ လိုက်ရာ လိုက်ရင်း လိုက်ရင်း ကိန္နရီမ ပျံပြေး၍ မမီလိုက်သဖြင့် "အလို..ကြည့်စမ်း၊ ငါဟာ မယားကြီး အသိတာဘူ ရှိလျက်နှင့် ကိန္နရီမနောက်သို့ လိုက်သေးသည်။ ကိန္နရီမသည် လူမဟုတ်သော တိရစ္ဆာန်မျှသာ ဖြစ်၍ ကာမရာဂကိုသာ နားလည်မည်၊ အချစ်ဆိုသည်ကိုကား နားလည်မည် မဟုတ်။ ငါ့မယား အသိတာဘူသည် ငါ့အား ချစ်ရှာ၍ နန်းတော်၌ ပျော်ပိုက်စွာ မနေရစ်ဘဲ ငါ့နောက် လိုက်ခဲ့ ရှာသည်။ ငါ့အကြောင်းကို သူ သိပါက အဘယ်မျှ ဝမ်းနည်း ရှာမည်နည်း။ ငါ့မယားထံ ပြန်မှ တော်မည်"ဟု သစ်ရွက်မိုး ဌာနသို့ ပြန်လာသည်။

မယားကြီး အသိတာဘူနှင့် တွေ့သော် အသိတာဘူကား မြေကြီးပေါ်မှာ မဟုတ်။ ကောင်းကင်၌ ဖြစ်နေလေပြီ။ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



သည် အသိတာဘူကို မော့၍ ကြည့်လိုက်၏။

ထိုခဏတွင် အသိတာဘူက–"အို မင်းသား၊ သင် ငါ့ကို မြင်ပါသလော။ ယခုအခါ ငါသည် ရှာန်ချမ်းသာကိုရ၍ ကောင်းကင်၌ သွားလာနိုင်ပြီ။ ဤ ရှာန်ချမ်းသာကို အခြားသူက ပေးသည် မဟုတ်။ သင်ကပင် ပေးခြင်း ဖြစ်သည်။ သင်က ငါ့ကို ပစ်၍ ကိန္နရီမနောက်သို့ လိုက်သည်။ ငါက ရှာန်ရအောင် အားထုတ်ခဲ့သည်။ ယခုမှ ငါကား ရှာန်ရခဲ့လေပြီ။ ရှာန်ရသောကြောင့် သင့်အပေါ် တပ်မက်သော ရာဂလည်း မရှိတော့ပြီ။ ဆင်စွယ်ကို လွှဖြင့် ဖြတ်လိုက်သလို သင့်အပေါ် ချစ်သောစိတ်လည်း ပြတ်ခဲ့လေပြီ။ ငါကား ရှာန်တရားဖြင့် မွေ့လျော်တော့အံ့။ သင်ကား ကြိုက်ရာ မိန်းမကို ယူ၍ နေရစ်ခဲ့တော့"ဟုဆိုကာ ကောင်းကင်သို့ ပျံတက် ပျောက်ကွယ်သွားလေသည်။ ထိုအခါမှ ဗြဟ္မဒတ်မင်းသားသည် နောင်တရ၍ ငိုကြွေး ကျန်ရစ်ခဲ့ရှာသည်။ ထိုနေ့မှစ၍ မင်းသားသည် မယားသစ် မရှာတော့ဘဲ ခမည်းတော် ကွယ်လွန်သောအခါ ဗာရာဏသီသို့ ပြန်၍ မင်းပြုခဲ့လေသည်။ ဤဝတ္ထု၌ ဗြဟ္မဒတ်မင်းသားနှင့် အသိတာဘူတို့သည် ရှေးရေစက် ပါခဲ့ကြသူများဖြစ်၍ မင်းသားသည် တဏှာရာဂဖြင့် အခြားမိန်းမကို မက်မောသည့်တိုင်အောင် ငယ်ချစ်မယားကိုမူ ခမေ့ဟု ပြဆိုပါသည်။

## အကြင်လင်မယား

လင်နှင့်မယားကို အကြင်လင်မယားဟု ရှေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ **အကြင်သဒ္ဒါသည်** ယထာပါဠိမှလာသော အကြင် မဟုတ်ပါ။ မြန်မာသဒ္ဒါ အကြင် ဖြစ်ပါသည်။ မြန်မာသဒ္ဒါသည် အက္ခရာတစ်လုံးလျှင် အဓိပ္ပာယ်တစ်မျိုးစီ ရှိပါသည်။ (အကြင် ဟူသော ပုဒ်၌ **အ**-သဒ္ဒါသည် "**အလွန်**" ဟူသော အနက်ကို ဟောပါသည်။ လင်နှင့် မယားသည် လောက၌ အလွန် ချစ်ခင် ကြင်နာကြသူများ ဖြစ်ကြပါသည်။ အမေအချစ်၊ အဖေအချစ်က ၅၂၈-သွယ်သော အချစ်မျှဖြစ်၍ လင်မယားချစ်ကား ၁၅၀၀- ကိလေသာနှင့် ယှဉ်သောအချစ် ဖြစ်ပါသည်။ ထို့ကြောင့် လင် သည် မယားပါလျှင်၊ မယားသည် လင်ပါလျှင် ဇဝရက်တောင် ထိပ်၌ပင် နေရ နေရ၊ သမုဒ္ဒရာအလယ်က ကျွန်းကလေး၌ပင် နေရ နေရ နေနိုင်စွမ်း ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် ချစ်သူနှင့် မကွေမကွာ နေရသောကြောင့် ဖြစ်ပါသည်။

## ဝဋ်လင် ဝဋ်မယား

'**လင်နှင့် မယား၊ လျှာနှင့် သွား**' ဟူသော စကားသည် ရှိ၏။ လျှာနှင့် သွားသည် မွေးစကာလကပင် အတူနေခဲ့ကြသော် လည်း အခန့်မသင့်လျှင် ကိုက်မိတတ်ပါသေးသည်။ လင်နှင့် မယားကား ဒြပ်တစ်ခုစီဖြစ်၍ အခါခပ်သိမ်း တစ်ဦး၏ အလိုကို တစ်ဦး လိုက်နိုင်မည် မဟုတ်ပါ။ ထိုအခါ အချင်းချင်း ရန်ဖြစ် ကြ၍ လင်ကသော်လည်း မယားကို ရိုက်ပါမည်။ သို့မဟုတ် မယားကသော်လည်း လင်ကို ဒေါသအလျောက် ရိုက်တတ် သည်။ ထိုမျှကလေးကို အပြစ်မြင်ပါက နောင်ဘဝထိအောင် ထိုအမျက် စွဲပါသွားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ စူဠသုဘဒ္ဒါသည် ငါ့အပေါ် ခါချဉ်ထုပ်များ ချရမည်လားဟု ရန်ငြိုးဖွဲ့ကာ ဆဒ္ဒန်ဆင်မင်းကို သေကြောင်း ကြံစည်သကဲ့သို့ ဖြစ်ပါသည်။ ဤနေရာ၌ ဝဋ်ဟူသော စကား၏ အဓိပ္ပာယ်ကို သိရန်လိုပါသည်။ **ဝဋ်သဒ္ဒါသည် ဂျင်ကဲ့သို့ လည်ပတ်ခြင်းအနက်ကို** ဟောပါသည်။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူသော ပဋိစ္စသမုပ္ပါဒ်၌လာသော ဝဋ်ဆိုသည်မှာလည်း လည်ပတ်ခြင်းပင် ဖြစ်ပါ၏။

ကိလေသဝဋ်တည်းဟူသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကြောင့် ကမ္မဝဋ်ဟုဆိုအပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုလုပ်သည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတည်းဟူသော ကမ္မဝဋ်ကြောင့် ရုပ်နာမ်တည်းဟူသော ဝိပါကဝဋ်ကို ရသည်။ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် ဖြစ်ရပြန်သည်။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၍ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရပြန်သည်။

ဝဋ်ဟူသည် ဤသို့ဖြင့် လည်ပတ်ခြင်းအနက်ကို ဟောပါသည်။ ဝဋ်လင် ဝဋ်မယားဟူသော ဝဋ်သဒ္ဒါသည်လည်း လည်ပတ်ခြင်းအနက်ကို ဟောသဖြင့် ယခုဘဝ သူက ငါ့ကို နိုင်သည်။ နောင်ဘဝ ငါက သူ့ကို နိုင်ပါလို၏ဟု အပြန်ပြန် အလှန်လှန် ဖြစ်နေခြင်းကိုပင် ဝဋ်လိုက်သည်ဟု ခေါ်ကြပါသည်။

ဝတ္ထုကြောင်းအားဖြင့် ဓမ္မပဒ၊ ယမကဝဂ်၌ ကာဠယက္ခိနီဝတ္ထု ရှိပါသည်။

~ ~ ~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



## ကာဠဘီလူးမဝတ္ထု

မုဆိုးမတစ်ဦး၌ သားတစ်ယောက် ရှိ၏။ ထိုသားသည် လယ်ကိစ္စ၊ အိမ်ကိစ္စ၊ မိခင်ကိစ္စများကို ဆောင်ရွက်နေသဖြင့် မိခင်ကြီးက သားအဖော်ရရန် မယားပေးစားခဲ့သည်။ ထိုမယား ကား သားမမွေးသော အမြုံမ ဖြစ်၏။ ထို့ကြောင့် မိခင်က မျိုးဆက်အတွက် ဒုတိယမယားယူရန် တိုက်တွန်း၏။ သို့သော် လက်ရှိမယားကို ငဲ့၍ နောက်မယား မယူလိုဟု ငြင်းပယ်၏။ ထိုအကြောင်းကို လက်ရှိမယားက သိလေသော် သားဟူသည် မိခင်၏ စကားကို မပယ်နိုင်ကြ။ ထို့ကြောင့် သူတို့ ပေးစားသော နောက်မယားကို ယူသော် ငါသည် ကျွန်မတမျှ ဖြစ်လိမ့်မည်။ ထို့ကြောင့် ငါ့လင်ကို ငါ မယားရှာ၍ ပေးစားအံ့ဟု မိန်းမတစ်ဦး ဆောင်ယူ ပေးစားခဲ့၏။

နောက်မယား သန္ဓေရလာသောအခါ အကယ်၍ ကလေးရ ပါက ငါသည် ဤအိမ်၌ အချည်းနှီး ဖြစ်လတ္တံ့ဟု အကြံဖြစ် ၍ ကိုယ်ဝန်ချဆေးကို ကျွေးသဖြင့် ကိုယ်ဝန် ပျက်ကျလေ၏။ နောက် တစ်ဖန် ကိုယ်ဝန်တည်သောအခါ၌လည်း ဖျက်ချပြန်၏။

ထိုအကြောင်းကို အိမ်နီးချင်းများက ရိပ်မိကြသည်။ ထို့ ကြောင့် နောက်မယားအား သင်၏ အစ်မသည် သင်၏ ကိုယ်ဝန် အန္တရာယ်ကို ပြုနေ၏။ နောက်တစ်ခါ ကိုယ်ဝန်ရလျှင် သူ မသိ စေနှင့်ဟု ပြောကြ၏။ နောက်မယားလည်း အိမ်နီးချင်းတို့၏ စကားဖြင့် နောက်ကိုယ်ဝန်ရသောအခါ မပြောသဖြင့် ကိုယ်ဝန် ရင့်မှ သိလေသည်။ သို့သော် ကိုယ်ဝန် မမွေးနိုင်အောင်ဟု

www.burmeseclassic.com



ကိုယ်ဝန်ချဆေးကို ပေးပြန်ရာ ကိုယ်ဝန်ရင့်သည်ဖြစ်၍ ပျက်မကျဘဲ ဖီလာ ကန့်လန့်ခံနေ၏။ ထိုအခါ နောက်မယားက ငါ့ကို သူက ခေါ်ယူ ပေးစားပြီး ယခု သူက ငါ့ကို ဖျက်ဆီးပြန်သည်။ 'ယခုဘဝ သူက ငါ့ကို ဖျက်ဆီးသကဲ့သို့ နောင်အခါ သူ့ကို ငါ ဖျက်ဆီးနိုင်ရပါလို၏'ဟု ဆုတောင်းကာ သေသောကြောင့် ကွယ်လွန်လျှင် ထိုအိမ်၌ပင် ကြောင်မဖြစ်၍ မိန်းမမြို သေသောအခါ ကြက်မဖြစ်၍ ကြက်မဥတိုင်း ကြောင်မက စား၏။ ထိုသို့ အကြိမ်ကြိမ် စားသောကြောင့် နောင်အခါ ကြောင်မကို နိုင်ရပါလို၏ဟု ဆုတောင်းကာ သေလွန်သော် တော၌ ကျားသစ်မဖြစ်၍ ကြောင်မက သမင်မ ဖြစ်လာ၏။ သမင်မ မွေးသောအခါ ကျားသစ်မက ကလေးကို ၃-ကြိမ် စား၏။

ထိုအခါ သမင်မက ငါ့သားကို စားရမည်လား။ နောင်အခါ သူ၏သားကို ငါ စားရလို၏ဟု ဆုပန်၍ သေသောအခါ ဘီလူးမ ဖြစ်လာ၏။ ကျားသစ်မကား သာဝတ္ထိမြို့၌ အမျိုးသမီး ဖြစ်လာ၏။

အမျိုးသမီး သားဖွားသောအခါ ဘီလူးမက လာ၍ စား၏။ နှစ်ကြိမ်မြောက်လည်း လာ၍ စား၏။ သုံးကြိမ်မြောက်၌ကား ဘီလူးမရန်မှ ဝေးရန် မိဘအိမ်သို့ သွားဖွား၏။ သားငယ်အမည်မှည့်သောနေ့တွင် ဘီလူးမ လာသည်ကို မြင်၍ သားကို ချီပွေ့ကာ ဇေတဝန်ကျောင်းတော်တွင်း ဝင်ပြေးကာ တရားဟောနေသော ဘုရားရှင်ခြေတော်ရင်း၌ ကလေးကို ချထား၍ ဤ သူငယ်အား မြတ်စွာဘုရားကို လှူပါ၏။ သူငယ်၏အသက်ကို ကယ်တော်

www.burmeseclassic.com

www.burmeseclassic.com



မူပါဟု လျှောက်ထား၏။

လိုက်လာသော ဘီလူးမကို တံခါးမုခ်စောင့်နတ်က တားထားသဖြင့် ချက်ချင်း မလိုက်နိုင်ချေ။ ထိုအခါ ဘုရားရှင်က ညီတော်အာနန္ဒာကို ခေါ်၍ ဘီလူးမကို ခေါ်ချေဟု ခိုင်းသောအခါမှ ဘုရားရှင်၏ မျက်မှောက်သို့ ဘီလူးမ ရောက်လာသည်။

ထိုအခါ ဘုရားရှင်က သင်တို့နှစ်ယောက် ယခု ငါ့ထံရောက်လာခြင်းကား နှစ်ဦးစလုံးအတွက် အလွန် ကောင်း၏။ အကယ်၍ မရောက်လာပါက တစ်ကမ္ဘာပတ်လုံး ရန်သည်ဖြစ်လတ္တံ့ဟု မိန့်တော်မူ၍ ...

**န ဟိ ဝေရေန ဝေရာနိ၊**

**သမ္မန္တီဓ ကုဒါစနံ။**

**အဝေရေန စ သမ္မန္တိ၊**

**ဧသ ဓမ္မော သနန္တနော။**

"ဤလောက၌ ရန်တုံ့ပြန်သည့်အတွက် မည်သည့်ရန်မျှငြိမ်းအေးသည်ဟူ၍ မရှိချေ။ ရန်တုံ့မပြန် သည်းခံခြင်းသည်သာလျှင် ရန်ကို ငြိမ်းအေးစေနိုင်သည်။"

ဤသဘောတရားကား ရှေးအခါမှစ၍ ဖြစ်ခဲ့သော ဓမ္မတာတရား ဖြစ်သည်ဟု ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ဘီလူးမ သောတာပန်တည်သည်။ သောတာပန်ကား သူတစ်ပါးအသက်ကို သတ်ရိုးထုံးစံ မရှိပါချေ။ ဘီလူးမသည် သောတာပန်ဖြစ်၍ သူတစ်ပါးအသက် မသတ်နိုင်သောကြောင့် လယ်သမားက ပူဇော်ရသော 'ပုန်းမကြည်နတ်' ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဋ်လည်သည်ဆိုခြင်းကား ကိုယ်က သူ့ကို နိုင်၊ သူက ကိုယ့်ကို နိုင်၊ တစ်လှည့်စီ နိုင်သွားခြင်းမျိုးကို ဆိုလိုပါသည်။ ဝဋ်လင် ဝဋ်မယားဆိုသည်မှာလည်း ဤနည်းပင် ဖြစ်ပါသည်။ တစ်ဘဝတွင် လင်က မယားကို နှိပ်စက်သည်။ မယားက လင် နှိပ်စက်သည်ကို သိသော်လည်း ထိုဘဝ၌ လင်ကို အန်တုရန် မစွမ်းနိုင်သဖြင့် နောင်ဘဝ သူ့ကို နိုင်ရပါလို၏ ဆုပန်၏။ ထိုပန်သောဆုအရ နောင်ဘဝတွင် ကိုယ်က သူ့ကို နိုင်ပြန်၏။ အကယ်၍ သူကတစ်ဖန် ဆုတောင်းခဲ့လျှင် တစ်ဘဝတွင် မိမိ ခံရမည်မှာ သေချာပါသည်။

လောကအိမ်ထောင်ရှင်များကို ဆင်ခြင်၍ ကြည့်ပါသော် အချို့သော အိမ်ထောင်ရှင်များကား လင်ရော မယားပါ ကိုယ်တူ စိတ်တူ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေထိုင်ကြသည်ကို မြင်ရ၏။ အချို့ကား တစ်ဦးအပေါ် တစ်ဦး ချစ်ရည်လူးသော ကြောင့် ရုပ်ချင်းပင် တူသွားသည်ဟု ထင်ရပါသည်။ အချို့သော အိမ်ထောင်ရှင်များကား တစ်ဦးနှင့် တစ်ဦး အသက်ပေး၍ မချစ် ကြသည့်တိုင်အောင် ပုံမှန်အချစ်မျိုးရှိကြ၍ တစ်ဦးအပေါ် တစ်ဦး ညှာတာတတ်ကြပါသည်။ အတော် ကံကောင်းသူများ ဖြစ်ကြ ပါသည်။

အချို့သော လင်မယားများကား တစ်ဦးနှင့် တစ်ဦး မတည့် ကြပါ။ နေ့စဉ် ရန်ဖြစ်နေကြပါသည်။ အတော် ကံဆိုးသူများ ဖြစ်ကြပါသည်။ အချို့သော လင်မယားများကား စားရေး၊ ဝတ် ရေး၊ နေထိုင်ရေးအတွက် မယားက အလုပ်လုပ်ရသည်။ လင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူက ဘာအလုပ်မျှ မလုပ်။ ညနေစောင်းလျှင် အရက်မူး၍ မယားကို ရိုက်တတ်ပါသည်။ ထိုလင်မျိုးနှင့် ပတ်သက်၍ မညို ကို သတိရပါသည်။

မညို၏ လင်ကား ကိုဖိုးအံ့ ဖြစ်ပါသည်။ မညိုသည် အကြော် ကြော်၍ တစ်နေ့လုံး ရောင်းရရှာသည်။ ကိုဖိုးအံ့ကား အကြော်ဖိုနား လာသည်ကိုပင် မမြင်ဖူးပါ။ အခြား ဘာအလုပ် မျှလည်း မလုပ်ပါ။ ညနေစောင်းလာလျှင် အရက်မူးလာပြီ။ သူ အရက်မူးလာလျှင် အခြားသူကိုကား ရန်မရှာ။ မယား မညိုကိုသာ ရိုက်နှက်တတ်သည်။

တစ်ရက်သောအခါ ကာလသားများက အကြောင်းမရှိ အကြောင်းရှာကာ မညိုကို ရိုက်ရမည်လားဟု မယား မညိုကို နှိပ်စက်နေသော ကိုဖိုးအံ့ကို အိမ်ပေါ်တက်ပြီး ဆွဲချကြသည်။ ထိုအခါ မယား မညိုက သူ့လင်ကို ဆွဲချရပါမည်လား သူ့လင် ဘက်မှ ရန်တွေ့နေသောကြောင့် ကာလသားများက ကိုဖိုးအံ့ကို လွှတ်လိုက်ရသည်။ မညိုသည် ညနေတိုင်း လင်၏ အရိုက်ခံနေ ရသည်။ အပြစ်မရှိဘဲ ရိုက်နေရမည်လားဟု ကာလသားများက မညိုဘက်မှ ခုခံကြသောအခါ မညိုက ခုခံသူများကို ရန်တွေ့၍ သူ့လင်ဘက်မှ ဖြစ်နေပြန်ပါသည်။

ထိုအကြောင်းကို မညိုကို ပြောသောအခါ မညိုက ကျွန်မ ယောကျ်ားက အရက်မူးလာလျှင်သာ ကျွန်မကို ရိုက်တတ်သော် လည်း အရက်မမူးလျှင် အဆိပ်မရှိတဲ့ မြွေလို ဘာမျှ မလုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်မကို ရိုက်တယ်ဆိုသော်လည်း ကျိုးကျိုးပဲ့ပဲ့ ရိုက်တာ မဟုတ်ပါဘူး၊ နည်းနည်းပါးပါး ရိုက်တာပါဟု ပြောပါသည်။

ထို့ကြောင့် ကာလသားအဖွဲ့ကမူကား လင်မယား ရန်ဖြစ်လျှင် မဖျဉ်ကြနှင့်၊ ကြည့်သာနေ၊ သေချင် သေသွားပစေ၊ သွားရောက် ဖျဉ်ခဲ့လျှင် ဖျဉ်သူကို အပြစ်ပြောတတ်ကြသေးသည်ဟု ပြောကြပါသည်။

**မယားဟူသည်**မှာ လင်ဖြစ်သူသည် မိမိမှတစ်ပါး အခြားသူနောက် မလိုက်သမျှ (ဝါ) မယားငယ် မနေသမျှ လင်ကို မုန်းရိုးမရှိပါ။ သို့သော် မယားငယ်နေ၍ လင်က မယားငယ်ဘက်ပါသည်ဟု ထင်ခဲ့လျှင် ထိုလင်ကို သတ်ပစ်ချင်အောင် မုန်းတတ်ပါသည်။ ဤနေရာ၌ ရာဇဝင်လာ မိဖုရား ရှင်ဘို့မယ်ကို သတိရမိသည်။

## ရှင်ဘို့မယ်

ရှင်ဘို့မယ်ကား မင်းသွေးမင်းမျိုးဖြစ်၍ အလွန် ရုပ်အဆင်းလှသူ ဖြစ်ပါသည်။ ရာဇဝင်လာစကားအရ ဘုရင်ငါးပါးတို့၏ မိဖုရားကြီး ဆက်ကာ ဆက်ကာ ဖြစ်ရသည်ဟု ဆိုပါသည်။ စလေဆရာ ဦးပုညကလည်း **"ရှင်ဘို့မယ် တစ်သက်၊ မင်းဆက်က ငါးသွယ်"**ဟု တေးထပ်ရေးခဲ့ပါသည်။ ပထမမင်းခေါင်ကြီး၏ သားတော်ကား သီဟသူ ဖြစ်သည်။ ဘုရင်မင်းခေါင် နတ်ရွာစံသောအခါ သီဟသူ(၇၈၃-၇၈၇) နန်းတက်သည်။ ထိုင်ရှားသော မိဖုရားများကား-

www.burmeseclassic.com

www.burmeseclassic.com



(၁) စောမင်းလှ၊ (၂) ရှင်ဘို့မယ်၊ (၃) ရှင်စောပုတို့ ဖြစ်ကြသည်။

ရှင်စောပု မရောက်မီက သီဟသူသည် ရုပ်အဆင်း လှပသော ရှင်ဘို့မယ်ကို မြတ်နိုးသည်။ စောမင်းလှက မိမိထက် မြတ်နိုးရမည်လားဟု မကျေနပ်၍ နန်းတော်မှ ထွက်သွားပြီး တန်ဆောင်းတစ်ခု ဆောက်လုပ်နေသည်။

မြန်မာ့ရာဇဝင်ကို ကြည့်လျှင် နှစ်အကြာဆုံး စစ်ထိုးကြသည်မှာ ပထမမင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ ဖြစ်သည်။ မင်းနှစ်ပါး နတ်ရွာစံသောအခါ အင်းဝ၌ သီဟသူမင်းဖြစ်၍ ဒဂုန်မြို့၌ ရာဇာဓိရာဇ်၏ သားတော် ဗညားရံ စား၏။ ဗညားရံ၏ နှမကား ရှင်စောပုတည်း။ ငယ်စဉ်က မောင်တော်ဝမ်းကွဲနှင့် လက်ထပ်၍ သမိန်တကာတော်၊ နဲတကာသင် သမီးနှစ်ယောက်နှင့် သမိန်မရူ သားတစ်ယောက်ဖွားမြင်စဉ် လင်ဖြစ်သူ ကွယ်လွန်၍ မုဆိုးမ ဖြစ်ခဲ့သည်။ အသက် ၂၉-နှစ်အရွယ်တွင် မောင်တော် ဗညားရံက သီဟသူမင်းကို ဆက်လိုက်သည်။

ရှင်စောပုကား သားသုံးယောက်မိခင် ဖြစ်သော်လည်း အလွန် လှပသော ရုပ်အဆင်းရှိ၏။ ထို့ကြောင့် သီဟသူမင်းသည် ရှင်ဘို့မယ်ကို မေ့ကာ ရှင်စောပုနှင့် အချိန်ကုန်နေလေ့ရှိသည်။ ဤသည်ကို ရှင်ဘို့မယ်က မကျေနပ်သဖြင့် အုန်းဘောင်စော်ဘွားကို စကားသွင်း လုပ်ကြံစေသဖြင့် အောင်ပင်လယ်အရပ် လယ်ချောင်းကုပ်၌ မိန်းမအများနှင့် ပျော်ပါးနေစဉ် အုန်းဘောင်စော်

www.burmeseclassic.com

www.burmeseclassic.com



ဘွား ဆင်နှင့်လာတိုက်၍ အနိစ္စ ရောက်ရလေသည်။ လင်ဖြစ်သူ နောက်မယားယူ၍ နောက်မယားကို မိမိထက် ချစ်သည်ဟု ထင်ခဲ့လျှင် မယားက လင်အပေါ် မုန်းတတ်ပါသည်။

သို့သော် လောကအတွင်း ယောကျ်ား၊ မိန်းမဟူ၍ ရှိခဲ့ရာ ဓမ္မတာအားလျော်စွာ မိန်းမက များ၍ ယောကျ်ားက နည်းခဲ့သည်။ ထို့ကြောင့် ယောကျ်ားတစ်ယောက်လျှင် မိန်းမပေါင်းများစွာ ယူနိုင်ခွင့် ရှိလေသည်။ ယောကျ်ားပေါင်းများစွာကိုကား မိန်းမတစ်ဦးတည်းက ရယူပိုင်ခွင့် မရှိပါချေ။ ဤသဘာဝကို ဓမ္မတာတရားကပင် ဆုံးဖြတ်ပါသည်။

ယောကျ်ားတစ်ယောက်သည် မိန်းမပေါင်းများစွာနှင့် ပျော်ပါးသော်လည်း မိန်းမဖြစ်သူ၌ ရောဂါ မရှိခဲ့သော် ယောကျ်ား၌ မည်သည့်ရောဂါမျှ မဖြစ်ပါ။ မိန်းမဖြစ်သူ ယောကျ်ားပေါင်းများစွာနှင့် ပျော်ပါးခဲ့သော် ယောကျ်ားတို့၌ ရောဂါမရှိသော်လည်း မိန်းမ၌ ရောဂါဖြစ်လာတတ်သည်။

ဤအကြောင်းနှင့် ပတ်သက်၍ လေ့လာသောဆရာတို့က ကာလသားရောဂါသည် ပြည့်တန်ဆာမတို့မှ ကူးစက်ခြင်းဖြစ်သည်။ ပြည့်တန်ဆာမတို့၏ ကာလသားရောဂါသည်ကား ယောကျ်ားပေါင်းများစွာနှင့် ပျော်ပါးသောကြောင့် ဖြစ်သည်ဟု ဆိုကြပါသည်။

ယခုအခါ ကာလသားရောဂါသည် မိန်းမကြောင့် ယောကျ်ား၌ ဖြစ်၍ ယောကျ်ားကြောင့် မိန်းမ၌ဖြစ်သောကြောင့် မည်သူက အစဟူ၍ မယူဆနိုင်အောင် ဖြစ်ခဲ့ရသည်။ သို့ရာတွင် ကာလသား

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ၏ အစသည်ကား မိန်းမတို့က စ၍ဖြစ်သည်ဟု သုတေသီတို့က ဆိုကြသည်။

လောက၌ မယား လင်အမြှောင်နေသော် ရစရာမရှိအောင် အပြစ်ဆိုတတ်ကြသော်လည်း လင်ဖြစ်သူ မယားအမြှောင် နေသောအခါ ကြီးကြီးမားမား အပြစ်မျှဆိုကြခြင်းမှာ ဤသဘော သက်ဝင်သောကြောင့် ဖြစ်ပါသည်။

ရှေးဟောင်း မြန်မာဓမ္မသတ်တို့တွင် မယားဖြစ်သူ အမြှောင် ထားသောကြောင့် လင်ငယ်နှင့် ပျော်ပါးနေသည်ကိုမိ၍ လင်ကြီး က လက်လွန်သွားသော် လင်ကြီးအပြစ်မရှိကြောင်း ဖော်ပြထား သည်ကို တွေ့ရဖူးပါသည်။ ဤသဘောကား ယောကျ်ားဘက်ကို မဲတင်း၍ ဖော်ပြထားခြင်း မဟုတ်။ ဓမ္မတာသဘောကို ဖော်ပြ ရေးသားခြင်းသာ ဖြစ်ပါသည်။

ဓမ္မတာသဘောကား ယောကျ်ား ဖြစ်သူ မယားများစွာ ယူ၍ အပြစ်မရှိသော်လည်း မိန်းမဖြစ်သူ လင်များစွာယူပါက အပြစ်ဖြစ်သည့်သဘောပင် ဖြစ်ပါသည်။ လောက၌ ပန်းတစ်ပွင့် သာ ပန်ပါဟူသောစကား ရှိပါသည်။ ထိုစကားအရ ကဗျာတစ်ပုဒ် ရေးသားဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ပွင့်ပန်း

* ပန်းအပွင့်တွေက
နမ်းချင့်ဖွယ် တကြုကြုနှင့်
ပြာအဖြူ နီဝါဆင့်ပါလို့
ပင်မြင့်က ဝေလွှင့်လွှင်။ ။

* ပန်စရာ့ပေမို့
ဟန်ကျပြီ ဘဝင်ကြည်သမို့
ခင်မဒီ ထွေလီပန်းတို့ကို
ဝေစီအောင် ကေသီနန်းမှာကွယ်
မြန်းဆင်ခဲ့လျှင်။ ။

* အမှန်ပါ သွင်မလှသော်ကြောင့်
မြင်ရသူ မကြည်နူးပါဘူး
အရှုးမ ဆိုလိမ့်ထင်
ဆင်ခြင်ဖို့ အကြောင်း။ ။

* တစ်ပွင့်ပန်းကိုမှ
ဆင်မြန်းသူ အလွန်ယဉ်သတဲ့
သွန်သင်တယ် မထင်မှားပါနှင့်
ညက်ကညာ မျက်နှာများခဲ့လျှင် (ကွယ်)
ကြားလို့မကောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ပွင့်ပန်းနှင့် ပတ်သက်၍ **လှိုင်ထိပ်ခေါင်တင်၏ အကြောင်းသည်** အလွန် မှတ်သားစရာ ကောင်းလှပါ၏။ လှိုင်ထိပ်ခေါင်တင်ဆိုသည်ကား လှိုင်နှင့် ဘောလယ်ရွာတို့ကို အပိုင်စားရသော မင်းသမီးဖြစ်၍ လှိုင်မင်းသမီး၊ ဘောလယ်မင်းသမီး ဟူ၍ ခေါ်ကြပါသည်။ ယခုခေတ်အထိ သီဆိုနေကြသော ဘောလယ်ကဗျာသည် လှိုင်ထိပ်ခေါင်တင် စတင် ရေးသားသောကြောင့် 'ဘောလယ်'ဟူသောအမည်ကို ရပါသည်။

လှိုင်ထိပ်ခေါင်တင်ကား ရွှေဘိုမင်းနှင့် အနောက်နန်းမတော် မိဖုရား မမြကလေးတို့၏ သမီးရတနာ ဖြစ်သည်။ မမြကလေးသည် 'မိဖုရားစာဆိုတော်'ဖြစ်သကဲ့သို့ လှိုင်ထိပ်ခေါင်တင်သည်လည်း 'မင်းသမီးစာဆိုတော်' ဖြစ်ပါသည်။

သို့သော် လှိုင်ထိပ်ခေါင်တင်ကား ကံမကောင်းရှာပါ။ ၎င်း၏ မိခင် မမြကလေးသည် အသက် ၃၆-နှစ်အရွယ်တွင် စကြာမင်းခေါ် ပြည်မင်းအရေး၌ မသက်ာ၍ အသတ်ခံတော်မူရရှာသည်။ ထိုစဉ်က လှိုင်ထိပ်ခေါင်တင်သည် အသက် ၁၂-နှစ်မျှသာ ရှိသေးသည်။ ထိုအချိန်တွင် မယ်တော် ရာဇဝတ်သင့်၍ မည်သူကမျှ ခေါ်ဝေါ်ဖွဲ့ခြင်းမရှိစဉ် အထူးအဆွင့်အရေးရသော ရွှေဘိုမင်း၏သမီးတော် စကြာဒေဝီက ကောက်ယူကျွေး မွေးမြူခဲ့သည်။

လှိုင်ထိပ်ခေါင်တင်သည် မိဖုရား မမြကလေး၏ သမီးရတနာဖြစ်သည့်အတိုင်း ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



လည်း လှပ၍ ကဗျာအရေးအသားလည်း အလွန် ပြောင်မြောက်သူ ဖြစ်သည်။ ခမည်းတော် ရွှေဘိုမင်း နတ်ရွာစံသော် သားတော် ပုဂံမင်း နန်းတက်၏။ ပုဂံမင်းသည်ကား လှိုင်ထိပ်ခေါင်တင်ကို ခေါ်ယူ ကျွေးမွေးထားသော စကြာဒေဝီ၏ မောင်တော်အရင်း ဖြစ်သည်။ မောင်တော် ပုဂံမင်း နန်းကျသောအခါ မင်းတုန်းမင်း ဘုရင်ဖြစ်လာသည်။

မင်းတုန်းမင်းကား ဘုန်းရှင်ကံရှင်ဖြစ်သည့် အားလျော်စွာ သူတစ်ပါးအား သတ်ဖြတ် ညှဉ်းဆဲရန် စိတ်တော်မရှိချေ။ သို့သော် မင်းတုန်းမင်း၏ ဘုန်းကံအလျောက် ညီတော် ကနောင်မင်းသားက ရှေ့တန်းမှ တိုက်ခိုက်၍ နောင်တော်ကို နန်းတင်ခဲ့သည်။

မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားကား လှိုင်ထိပ်ခေါင်တင်၏ ငယ်ချစ်လင် ဖြစ်ပါသည်။ လှိုင်ထိပ်ခေါင်တင် မင်းသမီးဘဝဖြင့် စကြာဒေဝီထံနေစဉ် ကနောင်မင်းသားနှင့် ချစ်ကြိုက်ကြသည်ဟု ဆိုသည်။ ထိုအခါ စကြာဒေဝီက လှိုင်ထိပ်ခေါင်တင်ကိုခေါ်၍ ထိုအကြောင်း မေးမြန်းရာ လှိုင်ထိပ်ခေါင်တင်ကလည်း ဟုတ်မှန်ပါကြောင်း ပြန်လည် လျှောက်ထားလေသည်။ ထိုအခါ စကြာဒေဝီက-

"ကနောင်မင်းသားသည် မင်းသွေး အပြည့်အဝပါသောကြောင့် ရုပ်ရည်လှပရုံမျှမက သူရသတ္တိနှင့် ပြည့်စုံသူလည်း ဖြစ်၍ လွန်စွာ နှစ်သက်စရာ ကောင်းပါသည်။ သို့သော် ခေါင်တင် သတိပြုရန် ပြောပြမည်။ သဘောထားကြီးကြီးနှင့် နေထောင်ပါ။

www.burmeseclassic.com



ဤမင်းသားသည် ရုပ်ရည်ချော၍ သူ့ရသတ္တိနှင့် ပြည့်စုံသလောက် ကာမရာဂဘက်ကလည်း အလွန်အားကြီးသူဖြစ်သည်။ ထို့ကြောင့် ငါ၏ လင်ကား ငါ့ကိုသာ ချစ်ရမည်ဟု သဘောမထားဘဲ သူနေချင်သလို နေပစေ။ ငါ့ကို မပစ်လျှင် တော်ပြီဟု သဘောထားနိုင်လျှင် ဤမင်းသားနှင့် မိခင် သဘောတူပါသည်''ဟု ပြောဆိုကာ ထိမ်းမြားပေးခဲ့သည်။

လှိုင်ထိပ်ခေါင်တင်၏စိတ်၌ ဘုရင်ဟူသည် မယားပေါင်းများစွာနှင့် စံစားမြဲဖြစ်၍ မိဖုရားဆိုသည်မှာ မယားပေါင်းများစွာအတွင်းမှ တစ်ဦးမျှသာ ဖြစ်သည်ဟု ယူဆခဲ့သူ ဖြစ်သည်။ သို့သော် မောင်တော် အိမ်ရှေ့မင်းသားသည်ကား မယားတွေအလွန် များလှ၏။ စာရင်းဝင် ၃၈-ယောက် ရှိ၏။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်သည် အိမ်ရှေ့မိဖုရား ဖြစ်ပါသော်လည်း အိမ်ရှေ့မောင်တော်သည်ကား သူ့ထံသို့ တစ်ခါတစ်ရံမှ ရောက်လာတတ်သည်။ များသော်အားဖြင့် သူသည်…

''စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့
မှန်ရွှေပြူ ပြတင်းငယ်က၊ မယ်ခုမျှော်။
သုံးချက်စည်တော်၊ ရိုက်ဆော်ညွှင်းတယ်လေး
လင်းလုပေါ့နော်…''အစရှိသော ဘောလယ်သီချင်းများကို ရေးသား သီဆိုရင်း အချိန်ကုန်ခဲ့ရရှာသည်။ တစ်နေ့တွင် သူသည် ဆရာတော်ကြီးတစ်ပါးအား ဤသို့ လျှောက်ထားလေသည်။

''အရှင်ဘုရား၊ တပည့်တော်မ၏ မောင်တော်သည် တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်မကို ပစ်ထား၍ အခြားမိန်းမများနှင့် ပျော်မွေ့နေပါသည်။ ဤနေရာ၌ တပည့်တော်မ လျှောက်ထားလိုသည်မှာ ယောကျ်ားများသည် မိန်းမပေါင်းများစွာနှင့် ပျော်ပါးနေသကဲ့သို့ မိန်းမဖြစ်သူလည်း ယောကျ်ားပေါင်းများစွာနှင့် ပျော်ပါးနေပါသော် အကျိုးအပြစ် မည်သို့ရှိပါသနည်း''ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ကြီးက ''အိမ်ရှေ့မိဖုရား၊ ယောကျ်ားနှင့် မိန်းမသည် လူ့ဘဝချင်း တူသော်လည်း အခြေအနေချင်း မတူညီပါ။ ထို့ကြောင့် ယောကျ်ားကို အာခံ၍ ယောကျ်ားကဲ့သို့ လင်ပေါင်းများစွာကို ယူပါက လှေနှင့်မြင်း အလဲမှားသော ရှမ်းကြီးကဲ့သို့ ဖြစ်တတ်ပါသည်''ဟု မိန့်လေသည်။ ထိုအခါ လှိုင်ထိပ်ခေါင်တင်က **''လှေနှင့်မြင်း အလဲမှားသော ရှမ်းဆရာကြီး** အကြောင်း မိန့်တော်မူပါဦးဘုရား''ဟု လျှောက်ထားသဖြင့် ဆရာတော်ကြီးက–

''အိမ်ရှေ့မိဖုရား... ရှေးအခါက ရှမ်းဆရာကြီးတစ်ယောက် မြစ်ကမ်းနား မြို့တစ်မြို့သို့ မြင်းစီး၍ ရောက်လာပါသည်။ ထိုအခါ မြန်မာမိတ်ဆွေက သင်၏ မြင်းကြီး အလွန်လှသည်။ ကျွန်တော် ခဏစီးပါရစေဟု အခွင့်ပန်၍ တစ်နေကုန် မြင်းစီးလေသည်။ ရှမ်းဆရာကြီးသည် မြင်း မောပန်းနေသည်ကို ခံပြင်း၍ ငါလည်း မြန်မာ၏လှေကို ငှား၍လှော်မည်ဟု တစ်နေ့ကုန်လှော်ရာ လှေမှာမမော လူသာ မောသောကြောင့် မခံသာဘူးဟော့၊ လှေမှာ မမော၊ ငါသာ မောတော့သည်ဟု ဆိုသည်။ ထိုရှမ်းကြီး ဥပမာကဲ့သို့ လင်ဖြစ်သူကို ခံပြင်း၍ လင်ကဲ့သို့

www.burmeseclassic.com



ကျင့်မည်ဆိုသော် မိမိသာ အမေ အဖတင်တင်ဖွယ်ရာ ရှိသည်’’ ဟု အဖြေပေးလေသည်။

ထို့ကြောင့် မိန်းမနှင့် ယောကျ်ားသည် လူ့ဘဝချင်းကား တူပါသည်။ သို့သော် မိန်းမ-ယောကျ်ား ပညတ်ချင်း ခြားသော ကြောင့် တရားသဘောချင်း မတူညီပါချေ။ ဤသို့လျှင် လင်မယားဟူ၍ ဖြစ်ပွားခဲ့လျှင် မူလက လင်သည် မယားကို ချစ်သကဲ့သို့ မယားကလည်း လင်ကို ချစ်သည်။ ကြားကလေ သွေးဝေးသည်ဟု ထင်ကြသည်။ အတန်ကြာခဲ့လျှင် ရိုးလာသည်။ မယားကလည်း လင်အပေါ် အချစ်ပေါ့လာသည်။ လင်ကလည်း မယားအပေါ် အချစ်ပေါ့လာသည်။

‘အချစ်သည် အပြစ်ကို ချေဖျက်နိုင်သည်’ ဟူသော ရှေးစကား ရှိပါသည်။ ကိုယ်က သူ့အပေါ် ချစ်ခဲ့လျှင် သူ့အပြစ်ကို ကိုယ်က မမြင်တတ်ပါ။ ထို့ကြောင့် မိဘသည် သားသမီးကို ချစ်သောကြောင့် သားသမီးတို့၏ အပြစ်ကို မမြင်ချေ။ အမိ၊ အဖဟုရှိခဲ့ရာ များသောအားဖြင့် အမိက သားသမီးကို ပိုမို၍ ချစ်တတ်ကြသည်။ ထိုအခါ သားသမီးတို့၏ အပြစ်ကို အဖက ဆိုသည်ကိုပင် အမိက မခံမရပ်နိုင် ဖြစ်တတ်သည်။ သားသမီးတို့၏ အပြစ်ကို အမိက ကာကွယ်တတ်သည်။

လင်နှင့် မယား အချစ်သည်လည်း တစ်ချစ်တည်း ချစ်ကြတုန်းက တစ်ယောက်အပြစ်ကို တစ်ယောက် မမြင်ပါ။ အတော်ကြာ၍ အချစ်ရိုးလာခဲ့သော် သူ့အပေါ် အပြစ်ချ၍ ငါ့အပေါ်

www.burmeseclassic.com



အပြစ်ချနှင့် ပွစိ ပွစိ ဖြစ်ခဲ့တတ်ကြပါသည်။ သို့သော် သာမည အပြစ်ကား လောကထုံးစံမျှဖြစ်၍ ကြီးကြီးမားမား အချစ်မပျက်တတ်ကြပါ။ ထိုသို့မဟုတ် ငယ်ကျိုးငယ်နာ ထိခဲ့ပါမူကား အလွန်ချစ်သော လင်မယားတို့သည်လည်း ကွဲသွားတတ်ကြပါသည်။

ဦးသာတိုးနှင့် ဒေါ်ရွှေမြတို့ အကြင်လင်မယား ဖြစ်ခဲ့ကြသည်မှာ ကြာပါပြီ။ ယခုအခါ သားကြီးပင် အသက် ၃၀-ကျော်ခဲ့ပြီ။ အားလုံး သားသမီး ခုနစ်ယောက် ရှိပါသည်။ ဤမျှရှည်ကြာ လေးမြင့်သော ကာလပတ်လုံး တစ်ကြိမ်တစ်ခါမျှ စကားများခြင်း၊ ရန်ဖြစ်ခြင်း မရှိခဲ့ဖူးပါ။ သို့သော် တစ်ရက်တွင် ဦးသာတိုးက "ဟဲ့...ရွှေမြ၊ နင်စကား ကြီးကြီးကျယ်ကျယ် ပြောမနေနှင့်၊ နင် ငါနဲ့ရလို့ လူစော်နံတာ၊ ငါနှင့်သာ မရလျှင် ဟော ဟေး ... နင်ဟာ ခွေးမ ခွေးမ"ဟု ရက်ရက်စက်စက် ဆိုခဲ့သည်။

၎င်းတို့၏ မူလအကြောင်းကို လေ့လာသောအခါ ဦးသာတိုးက ပစ္စည်းရှိသော သား၊ ဒေါ်ရွှေမြက ပစ္စည်းမဲ့ အမျိုးသမီး၊ တစ်ဦးနှင့် တစ်ဦး ချစ်ကြိုက်၍ ယူခဲ့ပြီးမှ ယခုကဲ့သို့ ငယ်ကျိုးငယ်နာ ဖော်ခဲ့သောကြောင့် အဘိုးကြီးနှင့် အမယ်ကြီးနှစ်ယောက် ဘယ်လို စေ့စပ်၍မျှ မရဘဲ ကွဲသွားကြဖူးပါသည်။

## လင်နှင့်မယား လျှာနှင့်သွား

ခံတွင်း၌ လျှာနှင့်သွားတို့သည် ရှိကြ၏။ သွားက အစာကို ဝါးချေ၍ လျှာက အရသာကို ခံယူပါသည်။ လျှာနှင့်သွားတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စချင်း နီးကပ်သည့်အားလျော်စွာ တစ်ခုနှင့်တစ်ခုလည်း နီးကပ်စွာ တည်နေကြသည်။ တစ်ခုနှင့် တစ်ခု ကျေးဇူးပြု၍ ချစ်ခင်စွာ အတူတကွ နေခဲ့ကြပါသည်။ ကံအလျောက် ဖြစ်ပေါ် တည်နေကြသည်ဟု ဆိုနိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦး အလွန် ကျေးဇူးပြု၍ ကံပစ်ချသည့် အားလျော်စွာ မကွေမကွာ နေကြပါသော်လည်း တစ်ခါတစ်ရံ လျှာကို သွားက ကိုက်မိခြင်းလည်း ဖြစ်ခဲ့တတ်ပါသေးသည်။ ဤဥပမာကိုယူ၍ "လင်နှင့် မယား၊ လျှာနှင့်သွား" ဟု ရှေးဆရာများက ဥပမာပေးကြပါသည်။ လျှာနှင့်သွားသော်လည်း တစ်ခါတစ်ရံ ကိုက်မိတတ်သေးသဖြင့် လင်နှင့်မယားလည်း တစ်ခါတစ်ရံ ရန်ဖြစ်တတ်ပါသေးသည်ဟု ဆိုလိုပါသည်။

လောကအတွင်း၌ သတ္တဝါမှန်သမျှသည် ရုပ်နှင့် နာမ်ပေါင်းထားသည်က များပါသည်။ ရုပ်နှင့် နာမ် ပေါင်းမထားသောသတ္တဝါကား အသညသတ်နှင့် အရူပသတ္တဝါတို့သာ ရှိကြပါသည်။ ကျန်သော ကာမဘုံသား သတ္တဝါနှင့် ရူပဘုံသား သတ္တဝါမှန်သမျှ ရုပ်နှင့်နာမ် ပေါင်းထားသူချည်း ဖြစ်ကြပါသည်။

ကံအားလျော်စွာ ရုပ်နှင့်နာမ် ပူးပေါင်းထားသော သတ္တဝါဖြစ်ပါလျက် တစ်ရံတစ်ခါ မိမိရုပ်နှင့် မိမိနာမ်သည် ဆန့်ကျင်ဘက်လည်း ဖြစ်ခဲ့တတ်ပါသည်။ စိတ်၏ အလိုသို့လည်း ကိုယ်မလိုက်နိုင်။ ကိုယ်၏အလိုသို့လည်း စိတ်မလိုက်နိုင်ခြင်းများကြုံရတတ်ပါသေးသည်။ မလိုက်နိုင်ခြင်းသာ ဖြစ်ရသည်။ စိတ်နှင့်ကိုယ်၊ နာမ်နှင့်ရုပ်ကား တစ်ဦးတည်းမှာ ဖြစ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်း၌ဖြစ်သော ရုပ်နှင့်နာမ်သည်ပင် တစ်ခါတစ်ရံ ဆန့်ကျင်ဘက် ဖြစ်ခဲ့သော် လင်နှင့်မယားဆိုသည်ကား တစ်ဦးတည်း မဟုတ်သဖြင့် မယားသည် လင်၏အပေါ်၌လည်းကောင်း၊ လင်သည် မယား၏အပေါ်၌လည်းကောင်း အစဉ်ထာဝရ မချိုပြနိုင်ပါ။ တစ်ခါတစ်ရံ အပြစ်မြင်ခဲ့ပါလိမ့်မည်။ အပြစ်နှင့် အချစ်သည် ဆန့်ကျင်ဘက်ဖြစ်၍ အပြစ်မြင်လျှင် အချစ်လျော့သွား၍ အချစ်ပေါ်လာလျှင် အပြစ်ပျောက်သွားတတ်ပါသည်။

စာရေးသူ ငယ်ရွယ်စဉ်က မရွှေလှဆိုသူနှင့် သိပါသည်။ မရွှေလှ၏ လင်ကား ကိုကောက်ရ ဖြစ်ပါသည်။ ကိုကောက်ရသည် ဘာအလုပ်မျှ မလုပ်ပါ။ မယားလုပ်စာကို မှီစားနေသူ ဖြစ်ပါသည်။ ဘာအလုပ်မျှ မလုပ်ဟု ဆိုခဲ့ခြင်းကား မှားသွားပါသည်။ အမှန်သော်ကား ကိုကောက်ရ အလုပ်လုပ်ပါသည်။ သူ၏အလုပ်ကား အရက်သောက်ခြင်းနှင့် ဘိန်းရှူခြင်းအလုပ် ဖြစ်ပါသည်။ မရွှေလှသည် ကိုကောက်ရ အရက်မှန်မှန် သောက်နိုင်ရန် စိမ်ရေအိုးတည်ကာ ညတိုင်း တိတ်တဆိတ် အရက်ချက်ပေးရသည်။ ဈေးလည်း ရောင်းပြီးသောအခါ ဈေးရောင်းရသော ငွေမှ စိမ်ရည်အတွက် ထန်းလျက်နှင့် ဘိန်း နေ့စဉ် ဝယ်ပေးရသည်။ တစ်ခါတစ်ရံ မဝယ်နိုင်ပါက အဆဲအဆို အရိုက်အနှက် ခံရသေးသည်။

ထို့ကြောင့် မရွှေလှကို ဒီလောက် ဈေးများတဲ့ လင်ကို ပစ်ထားခဲ့ပါဗျာ။ ဘာကြောင့် သူ့အလိုကို လိုက်ချင်တာလဲဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောသောအခါ မရွှေလှက သူ ချေးများပေမယ့် ကိုယ်က သူ့ကို ချစ်တော့ သူ့အလို လိုက်ရတာပေါ့ဟု ပြောပါသည်။ မရွှေလှ ပြောသောအခါမှ သြော်··အချစ်ဆိုတာ အပြစ်ကို ပျောက်သွားစေပါတကားဟု သဘောပေါက်ခဲ့ပါသည်။

စာရေးသူ ကြားဖူးသလောက်ဆိုလျှင် အချို့သော လင်များသည် အလွန် ဆိုး၏။ နေ့ရှိတိုင်း အရက်သောက်၊ အရက်မူးလာလျှင် အိမ်က မယားကို ဆဲလိုက်၊ ရိုက်လိုက် လုပ်တတ်သည်။ သို့သော် မယားဖြစ်သူက ထိုလင်ကို မပြတ်နိုင်ဘဲ အချစ်သည်းနေတတ်သေးသည်။

ကိုဘဝမ်းသည် ထိုကဲ့သို့သော လူစားမျိုး ဖြစ်သည်။ ကိုဘဝမ်း၏မယား မအေးမှာ နာမည်နှင့်အလိုက် အလွန် အေးသည်။ အလွန်အေးသော မအေးသည် မီးစနှင့် တူသော ကိုဘဝမ်းနှင့် ညားသောအခါ ညနေတိုင်း အဆဲခံ၊ အရိုက်ခံ ဖြစ်နေရှာသည်။ သို့သော် နောက်တစ်နေ့ မိုးလင်းသောအခါ ကိုဘဝမ်း၊ ကိုကိုဝမ်းနှင့် တဝမ်းတည်း ဝမ်းသံကို ကြားရပြန်သည်။ ထို့ကြောင့် ကိုဘဝမ်းအား "ဘယ်နှယ့် ·· ညကဖြင့် လင်မယားကွဲကြတော့ မလို၊ ရိုက်ကြနှက်ကြနှင့်၊ မိုးလင်းတော့ နှစ်ယောက်သား ကြည်လို့ပါလား၊ ခင်ဗျားတို့ဟာ ဘယ်လိုလဲ"ဟု မေးသောအခါ ကိုဘဝမ်းက ဟီ ဟီ ·· ဟု ရယ်မောပြီး "ဟုတ်တယ်၊ ညက အရက်မူးမူးနှင့် အေးကို ဆဲလည်း ဆဲတယ်။ ရိုက်လည်း ရိုက်တယ်။ ရိုက်ပြီး ကိုယ်က ထိုးအိပ်လိုက်တယ်။ အိပ်ရာကနိုးတော့ အေး ငိုနေတာ တွေ့တယ်။ ဘာဖြစ်လို့ ငိုနေတာလဲလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မေးတော့ ကိုယ် ရိုက်ထားတဲ့ဒဏ်ရာတွေကို လှန်ပြပြီး ‘ကြည့်စမ်းပါဦး၊ တော် ရိုက်ထားတာတွေ၊ ကြည့်ကောင်းသေးရဲ့လား’ ဆိုပြီး ငိုတယ်။ ဒီတော့ ကိုယ်က ဟာ ‥ ဟုတ်ပါရဲ့၊ ဒါ ကိုယ် ရိုက်တာလား၊ တောက် ‥ မသိဘူးကွာ၊ ကိုယ် မူးသွားတယ်။ အေး မကျေနပ်ရင် ကိုယ့်ကို ရိုက်ကွာလို့ ပြောလိုက်တော့ အေးက ‘ကြည့်စမ်း၊ ကြည့်စမ်း၊ ကိုယ်ရိုက်တာ ကိုယ်မသိဘူးတဲ့’ လို့ ပြောပြီး ကိုယ့်ကို ပြန်ထုတယ်။ ဟဲ ‥ ဟဲ အဲဒီညဟာ ကိုယ်တို့ရဲ့ အချစ်ဆုံးညပါပဲ” ဟု ပြန်ပြောပါသည်။

ကိုဘဝမ်း ပြောပြသော အချစ်ဆိုသည်ကို စာရေးသူ သဘောပေါက်သည်မှာ လင်နှင့်မယားသည် ချစ်၍ ယူထားကြသည်ကား မှန်ပါသည်။ သို့သော် ကာလကြာသောအခါ အချစ်သည် ရိုးလာသည်။ ပြင်းစရာ ဖြစ်လာသည်။ ထိုအခါ အပြစ်ရှာ၍ ရိုးနေသောအချစ်ကို ဆန်းသစ်အောင်ပြုရန် အပြင်းပြေရန်ဖြစ်ကြသည်ဟု အဓိပ္ပာယ်ပေါက်ပါသည်။

လင်နှင့် မယားသည် လင်သည် တစ်ဦး၊ မယားသည် တစ်ဦးဖြစ်၍ ဒြပ်ချင်း မတူညီကြပါ။ ဒြပ်ချင်း မတူညီသော လင်နှင့် မယားကို အချစ်က ဒြပ်ချင်း တူညီအောင် ပြုပေးလိုက်ပါသည်။ ထို့ကြောင့် လင်နှင့် မယားအကြား ‘အချစ်’ ရှိသေးလျှင် လင်နှင့်မယား မကွဲနိုင်သေးပါ။ လင်နှင့်မယားအကြား “အချစ်” ဟူသော သံယောဇဉ်ကြိုးမရှိပါက လင်တခြား၊ မယားတခြား ဖြစ်၍ တစ်ဦးစီ ကွဲကွာသွားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချစ်ဟူသော သံယောဇဉ်ကြိုးသည်လည်း ပုံစံ အမျိုးမျိုး တည်ရှိပါသည်။ လင်နှင့် မယားအကြား သားသမီးများ ဖြစ်ပွားလာသည်။ ထို သားသမီးသံယောဇဉ်ကို ငဲ့၍ လင်မယား တည်နေနိုင်သည်။

အချို့သောလင် အချို့သောမယားသည် မိမိတို့ စိတ်ကြိုက် မဖြစ်သောကြောင့် မကောင်းပါ။ သူ့ကိုပစ်၍ အခြားတစ်ယောက်ကို ယူလျှင် ဖြစ်ပါသည်။ သို့သော် သူ့ကို မိဘက ထိမ်းမြားပေးထားသည် (သို့မဟုတ်) သူနှင့် ကိုယ်ချစ်၍ ယူခဲ့ကြသည်။ ယခုမှ ပစ်ပယ်ရလျှင် ကိုယ်ဆိုးရာကျတော့မည်ဟု အောင့်၍လည်း ချစ်ခဲ့ကြသည်။

## မအောင့်နိုင်သူများ

မအောင့်နိုင်၍ လင်ငယ်, မယားငယ် ယူသွားသူများလည်း ရှိပါသည်။ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ လင်မယား သမီးရည်းစားဟူ၍ ဖြစ်လာလျှင် မိမိ တစ်ဦးတည်းကိုသာ ချစ်စေလိုသည်။ အခြားသူကို မချစ်စေလိုပေ။ ဤသည်ကား အချစ်သဝန်တိုခြင်းပင် ဖြစ်ပါသည်။

ဤ အချစ်သဝန်တိုမှုသည် လူတိုင်း၌ ရှိတတ်ပါသည်။ မိမိတစ်ဦးတည်းကိုသာ ချစ်စေလိုသော မယားသည်, လင်သည်, မိမိချစ်သောသူသည် အခြားတစ်ဦးနှင့် အချစ်ချင်း ဖလှယ်သည်ဟု ထင်ကြေးအံ့။ ထိုလင် ထိုမယားအပေါ် အချစ်ပြတ်၍ သူမှ အခြားသူနှင့် ချစ်တတ်သည် မဟုတ်။ ငါလည်း ချစ်တတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ပါးစပ်က မဆိုသော်လည်း ဆိုဘိသကဲ့သို့ လင်ငယ်, မယားငယ် ကောက်၍ယူတတ်ကြပါသည်။ အချို့ကား အလွန် ရိုးသားသော မိမိလင်, မိမိ၏မယားကို သဘောမကျ၍ ကလိန်ကလက်ပြုမူတတ်သောသူအပေါ် စွဲလမ်း၍လည်း လင်ငယ်, မယားငယ် ယူတတ်ကြပါသည်။

## အိုအောင်ပေါင်းနိုင်သူများ

**'ဒီလင် ဒီမယား အိုသည့်တိုင်အောင် ပေါင်းနိုင်ကြပါစေ'** ဟု မင်္ဂလာ လက်ထပ်ပွဲတစ်ပွဲတွင် အကန်တော့ခံ လူကြီးတစ်ဦး၏ ဆုပေးသံကို ကြားဖူးပါသည်။

ကျွန်ုပ်တို့၏ မျက်စိအောက်တွင် အိုသည့်တိုင်အောင် ပေါင်းသင်း နေထိုင်သွားကြသော လင်မယားများကို မြင်တွေ့ဖူးပါသည်။ ၎င်းလင်မယားတို့သည် အကြောင်းကြောင်းကြောင့် လင်မယားဖြစ် လက်တွဲခဲ့ကြသော်လည်း ဝမ်းတွင်းက ချစ်, မချစ်ကိုကား မသိနိုင်ပါ။ ဤနေရာ၌ ဒသနိပါတ်၊ **ကဏှာဒီပါယနဇာတ်**မှ သူကြွယ်မတစ်ဦး၏အကြောင်းကို တစ်စိတ်မျှ ဖော်ပြချင်ပါသည်။

ရှေးအခါကာလက ကောသမ္ဗီပြည်၊ တစ်ခုသောရွာ၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝကြသော သူကြွယ်နှစ်ဦးတို့ ရှိကြ၏။ တစ်ဦးက ဒီပါယနအမည်ရှိ၍ တစ်ဦး၏ နာမည်ကား မဏ္ဍဗျဟု ခေါ်၏။ ဒီပါယနနှင့် မဏ္ဍဗျတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၍ တစ်ဦးကို တစ်ဦး ချစ်ခင်ခြင်း ရှိကြသည်။ ထိုသူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တို့တွင် မဏ္ဍာဗျသည် မိဘ၏ အမွေဖြစ်ကုန်သော ပစ္စည်းဥစ္စာတို့ကို ကြည့်ရှု၍ သံဝေဂ ဖြစ်ပွားခဲ့၏။ ဤပစ္စည်းဥစ္စာ ရတနာ ရွှေငွေတို့ စုဆောင်းထားခဲ့ကြသော ငါ့အဘိုး, ငါ့အဘွား, ငါ့မိဘများလည်း သေကြလေကုန်ပြီ။ ငါသည်လည်း မိဘများ နည်းတူ ရှာဖွေ စုဆောင်းထားသော ပစ္စည်းများကို စွန့်ပစ်၍ မချတ်ဧကန် သေရအံ့။ ဤပစ္စည်းများအပေါ် တွယ်တာ စွဲလမ်းခြင်းဖြင့် ငါသည် အပါယ်ဘုံသို့သာ လားရန်ရှိသည်။ ထို့ကြောင့် ပစ္စည်းများကို စွန့်ပစ်၍ ရသေ့ပြုအံ့ဟု အကြံဖြစ်ခဲ့သည်။

မိမိအကြံကို မိတ်ဆွေ ဒီပါယနအား ပြောကြား၏။ ဒီပါယန ကလည်း အဆွေ ရသေ့ဝတ်လျှင် ငါလည်း ဝတ်အံ့ဟု ရှိရှိသမျှ ပစ္စည်းဥစ္စာများကို စွန့်ကြဲကြပြီး ရသေ့ဝတ်ကာ ဟိမဝန္တာ၌ နေခဲ့ကြ၏။ ဟိမဝန္တာ၌ နေသော် နှစ်ပေါင်း ၅၀-ကြာ၏။ သို့သော် ဈာန်သမာပတ်ကို မရခဲ့ကြချေ။

ရသေ့နှစ်ဦးတို့သည် တော၌ နေကြသည်မှာ နှစ်ပေါင်း ၅၀-ကြာခဲ့လေရာ အသက် ၂၅-နှစ်ခန့်က ရသေ့ဝတ်ခဲ့ကြခြင်း ၍ အသက်အရွယ်လည်း ၇၀-ကျော်ခဲ့ကြပြီ။ ထိုအခါ အိုမင်းသောဒဏ်၊ ရာသီဥတု၏ဒဏ်ကြောင့် နေထိုင်မကောင်းကြချေ။ ထို့ကြောင့် ချဉ်ဆား မှီဝဲရန်အတွက် လူတို့ နေထိုင်သောရွာသို့ ချဉ်းကပ်လိုကြသည်။ ထိုအခါ ဒီပါယနရသေ့က-

"အရှင်မဏ္ဍာဗျ- မည်သည့်ရွာတွင် ကျွန်ုပ်၏ မိတ်ဆွေ ရှိပါသည်။ သင်၏အမည်နှင့် တူစွ၊ မဏ္ဍာဗျဟူ၍ပင် ခေါ်ပါ

www.burmeseclassic.com



သည်။ သူနှင့် ကျွန်ုပ် ကွဲကွာနေသည်မှာ နှစ်ပေါင်း ၅၀-ရှိပြီ ဖြစ်၍ ကျွန်ုပ်အား မှတ်မိချင်မှ မှတ်မိပါလိမ့်မည်။ ထိုမဏ္ဍာဗျထံ ဦးစွာ သွားကြစို့ဟု ဆိုသည်။ မဏ္ဍာဗျရသေ့ကလည်း ကောင်းသား ပဲဟု ဦးခေါင်းငြိမ့်ကာ မဏ္ဍာဗျသူကြွယ်ရှိရာ ဇနပုဒ်သို့ သွား ကြသည်။

မဏ္ဍာဗျသူကြွယ်သည် ရသေ့များကို မြင်သောအခါ အလွန် နှစ်သက် ဝမ်းသာဟန်ဖြင့် ရင်းပိုင်ဥယျာဉ်၌ ကျောင်းဆောက်၍ ရသေ့နှစ်ပါးတို့အား လုပ်ကျွေးလေသည်။ မဏ္ဍာဗျသူကြွယ်၏ ကျောင်း၌ နေကြသည်မှာ (၃-၄)နှစ်ခန့် ကြာ၍ စားကောင်း သွားကောင်း ကျန်းမာခဲ့ကြသည်။

ထိုအခါ ဒီပါယနရသေ့က ဤအရပ်၌ နေထိုင်ရသည်မှာ အလွန် ကောင်းလှပါသည်။ ဒါယကာ၏ စေတနာကိုလည်း အလွန် ကျေးဇူးတင်ပါသည်။ သို့သော် ငါတို့ အစားအသောက်အတွက် အနေအထိုင်အတွက် ရသေ့ဝတ်ခဲ့ကြသည် မဟုတ်။ သံသရာဝဋ် ဒုက္ခမှ ကင်းလွတ်ကြရန် ရသေ့ဝတ်ခဲ့ကြသည်။

ယခုအခါ ငါတို့မှာ အိပ်စား၊ ထိုင်စားဘဝဖြင့် သေချိန် နီးကပ်လာခဲ့ပြီ။ ထို့ကြောင့် ထိုက်သင့်သောတရားကို အားထုတ်ရန် တစ်နေရာသို့ သွားလိုသည်ဟု ဆို၏။ ထိုအခါ မဏ္ဍာဗျရသေ့က လည်း အရှင်သွားလျှင် ကျွန်ုပ်လည်း လိုက်အံ့ဟု မဏ္ဍာဗျသူကြွယ် ကို ပန်ကြား၍ ဗာရာဏသီပြည်အနီး အဓိမုတ္တကသင်္ချိုင်း၌ တရားကျင့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရက်အတန်ကြာသောအခါ ဒီပါယနရသေ့က ဤသုသာန်၌ နေရသည်မှာ အလွန် ပျင်းရိလှသည်။ မဏ္ဍာဗျသူကြွယ်ထံ ခဏပြန်ဦးမည်ဟု ပန်ကြား၍ ပြန်သွား၏။ အဓိမုတ္တကသုသာန်၌ကား မဏ္ဍာဗျရသေ့တစ်ဦးတည်း ကျန်ရစ်သည်။

တစ်နေ့သ၌ ခိုးသူတစ်ယောက်သည် ညအခါ သူတစ်ပါး အိမ်တက်ခိုးရာ အိမ်ရှင်နှင့် အစောင့်များက သိ၍ ဝိုင်းလိုက်သော အခါ အဓိမုတ္တက သုသာန်သို့ ရောက်၍ ခိုးယူလာသော ဥစ္စာထုပ်ကို ရသေ့၏ ကျောင်းတံခါး၌ ပစ်ချ ထွက်ပြေးသွား၏။ လိုက်လာသော သူတို့သည် ဥစ္စာထုပ်ကို တွေ့၍ ဤရသေ့ကား ညအခါ ခိုး၊ နေ့အခါ ရသေ့ယောင်ဆောင်သူတည်းဟု ဥစ္စာထုပ်နှင့်တကွ ရသေ့ကို မင်းထံ ပြသောအခါ မင်းက ဤမျှ ဆိုးသွမ်းသော ရသေ့ခိုးသူကို တံကျင်လျှို၍ သတ်စေဟု အမိန့်ထုတ်၏။ မင်း၏ အမိန့်အတိုင်း ရသေ့ကို တံကျင်လျှိုကြရာ မည်သည့်တံကျင်မျှ ရိုက်သွင်း၍ မရချေ။ ထိုအခါ ရသေ့က ငါသည် ခိုးသူလည်း မဟုတ်ချေ။ ခိုးသူ မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ငါ၌ အပြစ်ဖြစ်ရသနည်းဟု ဆင်ခြင်သောအခါ လွန်ခဲ့သောဘဝကို သိသော ဇာတိဿရဉာဏ် ဖြစ်ပေါ်လာသည်။

မဏ္ဍာဗျရသေ့သည် ရှေးတစ်ဘဝက လက်သမား၏ သား ဖြစ်၍ ဖခင်အလုပ်လုပ်ရာ တောသို့ လိုက်၏။ တောသို့ရောက် သောအခါ ဖခင်က သစ်ကို ရွေနေသည်။ သူသည်ကား ယင်ယပ် ကို ဖမ်း၍ ပင်လယ်ကသစ်မြစ်ဖြင့် ယင်၏ ဒွါရကို ထိုးဘာ ကစားခဲ့ဖူး၏။ ထိုအခါ ယင်ယပ်သည် ပင်လယ်ကသစ်သား

www.burmeseclassic.com

www.burmeseclassic.com



တန်းလန်းဖြင့် အသက်ရှင်နေသည်။ ထိုအကြောင်းကို ဉာဏ်၌ ထင်ခဲ့၍ ယခု မကောင်းမှုအား သူတစ်ပါးက ပြုသည်မဟုတ်။ ငါကိုယ်တိုင် ပြုခဲ့မိတာပါတကားဟု သိ၍ မင်းချင်းတို့ကို ခေါ် ပြီးလျှင် ငါ့ကို တံကျင်လျှိုလိုပါမူ ပင်လယ်ကသစ်သားကို တံကျင်ပြု၍ လျှိုကြလေဟု ဆို၏။

မင်းချင်းများကလည်း ရသေ့ဆိုသည့်အတိုင်း တံကျင်လျှို သောအခါ ကိုယ်မှ သွေးများထွက်ကျ၍ လွယ်ကူစွာ တံကျင်လျှို၍ ရသဖြင့် အစောင့်ချထားကာ ပြန်သွားကြသည်။ ထိုအခါ ဒီပါယန ရသေ့၏ စိတ်၌ မဏ္ဍဗျရသေ့အား တွေ့လိုသောစိတ် အားကြီးစွာ ဖြစ်ပွားလာသဖြင့် မဏ္ဍဗျရသေ့နေရာ အဓိမုတ္တကသုသာန်သို့ လာ၏။ လမ်း၌ မဏ္ဍဗျရသေ့ကို တံကျင်လျှိုခံရကြောင်း သတင်း ကြား၍ သုသာန်သို့ အမြန်အရောက်လာပြီးလျှင်-

"အရှင် မဏ္ဍဗျ- အရှင့်မှာ အပြစ်ရှိ၍ တံကျင်လျှိုခံရပါ သလောဟု မေး၏။ မဏ္ဍဗျရသေ့က ယခုဘဝ မိမိ၌ ဘာအပြစ်မှ မရှိကြောင်း၊ သို့သော် အတိတ်ဘဝက ပြုမှားမိသောအပြစ်ကြောင့် ခံရခြင်းဖြစ်ကြောင်း ပြန်လည် ပြောပြသည်"

ဒီပါယနရသေ့က- "အရှင်၊ အရှင့်ကို ဖမ်းသူ, တံကျင် လျှိုသူများအပေါ် ပြစ်မှားခြင်း ရှိပါသလော"ဟု မေး၏။

မဏ္ဍဗျရသေ့က- "အရှင်၊ ယခုအပြစ်ကား ဟိုဘဝက ငါ ကျူးလွန်ခဲ့သော အပြစ်ကြောင့်ဖြစ်သည်ကို ငါ၏ ဇာတိဿရ ဉာဏ်ဖြင့် သိသောကြောင့် မည်သူ့အပေါ်မှာမှ ငါ၏ ပြစ်မှားခြင်း မရှိပါဟု ပြန်ဖြေလေသည်"

www.burmeseclassic.com

www.burmeseclassic.com



"အို အရှင်မဏ္ဍဗျ- အရှင်၌ တစ်စုံတစ်ရာ အပြစ်ရှိမည် မဟုတ်ကြောင်းကို ကျွန်ုပ် သိပါသည်။ အရှင်ကဲ့သို့ သီလရှိသောပုဂ္ဂိုလ်၏ အရိပ်သည် အလွန် အေးလှပါ၏။ အေးမြသော အရှင်ရသေ့၏ အရိပ်၌ နေပါရစေ"ဟု အခွင့်ပန်လျက် မဏ္ဍဗျရသေ့အား လျှို၍ စိုက်ထားသော တံကျင်တိုင်ကို မှီ၍ နေ၏။

ဒီပါယနရသေ့ကား ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အဆင်းရှိ၏။ သို့သော် မဏ္ဍဗျရသေ့ကို မှီနေသောကြောင့် မဏ္ဍဗျရသေ့ထံမှ ထွက်ကျလာသော သွေးပေါက်တို့သည် ဒီပါယနရသေ့၌ စိုစွတ်၍ ထိုသွေးများ ခြောက်သွားသောအခါ မည်းနက်သော အဆင်းဖြစ်၍ နေသည်။ ထို့ကြောင့် ဒီပါယနရသေ့ကို (ကဏှာဒီပါယန- မည်းနက်သော ဒီပါယန)ဟု ခေါ်ကြသည်။ မိုးလင်းသောအခါ အစောင့်အရှောက်တို့သည် ဗာရာဏသီမင်းထံ ရသေ့နှစ်ယောက် ပြောကြားသော စကားများကို သံတော်ဦးတင်ကြသည်။ ထိုအခါ မင်းကြီးသည် ထိတ်လန့်၍ သုသာန်သို့ ကိုယ်တော်တိုင် ကြွချီတော်မူလာပြီးလျှင် တံကျင်ကို မှီနေသော ကဏှာဒီပါယနရသေ့အား-

"အို ရသေ့- အဘယ်ကြောင့် သတ်ရန် လျှိုထားသော တံကျင်ကို မှီနေပါသနည်း"ဟု မေး၏။

"အို မင်းကြီး- ငါသည် တံကျင်လျှိုခံထားရသော ရသေ့ကို စောင့်နေခြင်း ဖြစ်ပါသည်"

"အို ရသေ့- ဤရသေ့၌ အပြစ်ရှိ၍ တံကျင် လျှိုခံထားရသည် မဟုတ်ပါလော"

www.burmeseclassic.com

www.burmeseclassic.com



"အို မင်းကြီး- ဤရသေ့သည် ငယ်ရွယ်စဉ် လူ့ဘဝက အသပြာ ရှစ်ကုဋေ ကြွယ်ဝသူဖြစ်သည်။ ထို အသပြာအားလုံးကို စွန့်၍ ရသေ့ဝတ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀-ကျော်ခဲ့ပြီ။ အသက် အရွယ်ကြီး၍ သေခါနီးမှ သူ တစ်ပါးဥစ္စာကို အဘယ်မှာ ခိုးပါ အံ့နည်း။ ဤရသေ့၌ လုံးဝ အပြစ်မရှိပါ"

"အို မင်းကြီး- ဤလောက၌ **မကောင်းသူ လေးဦး** ရှိပါ သည်။ ကာမဂုဏ် ခံစား၍ လူ့ဘဝ၌ နေသူဖြစ်ပါလျက် ဥစ္စာ ရရန် အားထုတ်ခြင်း မရှိ။ ပျင်းရိသောသူလည်း မကောင်းပါ။ ရဟန်းအဖြစ် အပြစ်ကင်းရာ သာသနာတော်၌ နေသူဖြစ်ပါလျက် လူတို့ မျက်စိအောက်၌ ကြည်ညိုဖွယ် မရှိ။ ကိုယ်မစောင့်စည်း၊ နှုတ်မစောင့်စည်းသော ရဟန်းသည်လည်း မကောင်းပါ။ တိုင်း ပြည်၏ အရှင်သခင် မင်းဖြစ်ပါလျက် ဆင်ခြင်ခြင်းမရှိ ယခုကဲ့သို့ ရုတ်တရက် အပြစ်ပေးခြင်းမျိုးလည်း မကောင်းပါ။ လောက၌ ပညာရှိ ပုဂ္ဂိုလ်တစ်ယောက် အမည်ခံယူထားပါလျက် အမျက် ဒေါသကို ဖျက်ဆီးခြင်းမရှိ။ ဟိုမာန် သည်မဲ ပြုလုပ်သူသည်လည်း မကောင်းပါ။ ထိုမကောင်းသူ လေးဦးတွင် အရှင်မင်းကြီး ပါဝင် နေပါ သည်။ အပြစ်မရှိသော ဤရသေ့၏ ဖြစ်ရပုံကို အသင် မင်းကြီး ရှုတော်မူပါလော။

"အို ရှင်ရသေ့- အကျွန်ုပ် မှားပါသည်၊ အို မင်းချင်းတို့ ရသေ့၏ တံကျင်ကို ဆွဲနုတ်ကြလော့"

မင်းကြီး၏အမိန့်ဖြင့် တံကျင်ကို ဆွဲနုတ်ကြသည်။ သို့ သော် ဆွဲနှုတ်၍ မရချေ။ ထိုအခါ မဏ္ဍဗျရသေ့က-

www.burmeseclassic.com

www.burmeseclassic.com



"အို မင်းကြီး- ယခု ငါ ခံနေရသည်ကား ဝဋ်ခံနေရခြင်း ဖြစ်သည်။ ငါ၏အသက်ကို ပေးလိုပါက တံကျင်ကို မနုတ်ဘဲ ဖြတ်ပစ်ပါလော့"ဟု ဆိုသည်။

မင်းချင်းများသည် မဏ္ဍဗျရသေ့ဆိုသည့်အတိုင်း တံကျင်ကို ဖြတ်ပစ်ကြသည်။ မဏ္ဍဗျရသေ့သည် တံကျင်တန်းလန်းဖြင့် အသက်ရှင်နေသောကြောင့် (**အာဏိမဏ္ဍဗျ**- တံကျင်ရှိသော မဏ္ဍဗျ)ဟု ခေါ်ဝေါ်ကြသည်။ ဗာရာဏသီမင်းသည် ထိုရသေ့နှစ်ဦးတို့အား ကန်တော့၍ မင်းဥယျာဉ်အတွင်း နေစေလေသည်။

ကဏှာဒီပါယနရသေ့သည် မဏ္ဍဗျရသေ့၏ တံကျင်လျှိုသော အနာပျောက်ကင်းသောအခါ မိတ်ဆွေ မဏ္ဍဗျသူကြွယ်ထံသို့ ပြန်သွားလေ၏။ ကဏှာဒီပါယနရသေ့ ပြန်လာသည်ဟု သတင်းကြား၍ မဏ္ဍဗျသူကြွယ်သည် သားမယားနှင့် အတူတကွ ကဏှာဒီပါယနထံသို့လာ၍ အာဏိမဏ္ဍဗျရသေ့၏အကြောင်းကို နာ၏။ ထိုစဉ် မဏ္ဍဗျသူကြွယ်၏ သားငယ် ယညဒတ္တသည် ဂျင်ကို ပေါက်၍ ကစားရာမှ ဂျင်သည် လိမ့်၍ မြွေရှိသော ကျင်းအတွင်း ကျ၏။ သူငယ်သည် ကျင်းမှ ဂျင်ကို နှိုက်ယူရာ လက်ကို မြွေပေါက်သဖြင့် အဆိပ်တက်၍ လဲနေ၏။ သူငယ် မြွေဆိပ်တက်နေမှန်းသိ၍ မိဘတို့သည် ရသေ့ထံ ပွေ့ယူလာကြပြီးလျှင် "အရှင်ဘုရား··· သူငယ် မြွေဆိပ်တက်နေပါသည်။ မြွေဆိပ်ကျအောင် ဆေးကုပေးတော်မူပါဘုရား"ဟု လျှောက်ထားကြ၏။

ထိုအခါ ရသေ့က "ဒါယကာတို့၊ ငါကား ဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်စားခဲ့သူ မဟုတ်၍ ဆေးမကုတတ်ပါ။ သို့သော် သစ္စာပြု ပေးပါအံ့''ဟု ဆိုပြီး ''ငါသည် ရသေ့ဝတ်ခဲ့ရာ ခုနစ်ရက်မျှသာ ပျော်မွေ့ခဲ့သည်။ ခုနစ်ရက်မှလွန်၍ အနှစ် ငါးဆယ်ကျော်အထိ အနည်းငယ်မျှ ပျော်မွေ့ခြင်း မရှိ။ ဤမှန်သော သစ္စာစကား ကြောင့် ယညဒတ် အဆိပ်ကင်း၍ ချမ်းသာခြင်းသို့ ရောက်စေ သတည်း''ဟု သစ္စာပြု၏။

ကဏှာဒီပါယန၏ သစ္စာကြောင့် အဆိပ်သည် လျော့ကျ၍ မေ့မြောနေသော သူငယ်သည် မျက်စိဖွင့်ကြည့်ပြီး အမေ, အဖေ ဟု ခေါ်ကာ ပြန်မှိန်းသွား၏။ ထိုအခါ ရသေ့က ငါ၏သစ္စာအစွမ်း ကြောင့် အဆိပ်အင်အား လျော့ကျသွားလေပြီ။ သို့သော် ကျန်သေး ၏။ သင်သည်လည်း သင့်သားအတွက် သစ္စာပြုပါဦးဟု မဏ္ဍဗျ သူကြွယ်ကို ဆို၏။ ထိုအခါ မဏ္ဍဗျသူကြွယ်,က-

''ငါကား ငါ့ဥစ္စာကို အလှန် မက်မော၏။ မည်သူ့ကိုမျှ မပေးလို၊ မလှူလိုပါချေ။ သို့သော် အများ ကဲ့ရဲ့မည်စိုး၍ ငါ လှူခဲ့သည်။ ဤမှန်သော သစ္စာစကားကြောင့် ငါသား ယညဒတ် အဆိပ်ကင်း၍ ချမ်းသာခြင်းသို့ ရောက်ပါစေသတည်း''ဟူ၍ သစ္စာပြု၏။

ဖခင် မဏ္ဍဗျသူကြွယ်၏ သစ္စာစကားကြောင့် ယညဒတ် ကိုယ်၏ အထက်ပိုင်းမှ အဆိပ်သည် မြေသို့ လျော့ကျ သက်ဝင် လေ၏။ သို့သော် ထကား မထနိုင်သေး၊ ထိုအခါ သူကြွယ်က ဇနီးဖြစ်သူအား သစ္စာ၏ တန်ခိုးကြောင့် ငါတို့သား ယညဒတ်

www.burmeseclassic.com

www.burmeseclassic.com



သည် အတန်ပင် ကျန်းမာလာခဲ့ပြီ။ ယညဒတ် ကျန်းမာရန် ရှင်မ သစ္စာပြုပါဦးဟုဆို၏။ ထိုအခါ သူကြွယ်၏ ဇနီးက "အရှင်.. ကျွန်မ၌ တစ်ခုသော သစ္စာကား ရှိပါ၏။ သို့ရာတွင် အရှင့် မျက်မှောက်၌ မဆိုဝံ့ပါ"ဟု ပြောသည်။

ရှင်မ ဆိုသာ ဆိုပါ။ ဘယ်သူ့ကိုမျှ ငဲ့စရာ မလိုပါ။ သား အနာ ပျောက်ရန်သာ အရေးကြီးပါသည်ဟု သူကြွယ်ကဆိုသော် မိခင်ဖြစ်သူက "ငါ့သားကို ကိုက်သော မြွေကို မုန်းဘိသကဲ့သို့ ငါ၏လင် မဏ္ဍဗျကိုလည်း ငါသည် မုန်း၏။ ဤမှန်သော သစ္စာ စကားကြောင့် ငါ့သား ယညဒတ်သည် အဆိပ်ကင်း၍ ချမ်းသာ ခြင်းသို့ ရောက်ပါစေသတည်း"ဟု သစ္စာပြုလိုက်သည်နှင့် တစ်ပြိုင်နက် သားငယ် ယညဒတ် အဆိပ်ကင်း၍ ကျန်းမာခြင်းသို့ ရောက်လာခဲ့သည်။ ထိုအခါ မဏ္ဍဗျသူကြွယ်က ရသေ့အား-

"အရှင် ဒီပါယန၊ ရသေ့ဘဝ၌ မပျော်မွေ့ပါဘဲလျက် အဘယ့်ကြောင့် နှစ်ပေါင်းရှည်ကြာ ယနေ့ထိအောင် ရသေ့ဝတ် နှင့် နေခဲ့ပါသနည်း"ဟု မေး၏။

ထိုအခါ ရသေ့က "ဒါယကာ၊ ငါသည် ရသေ့ဘဝ၌ မပျော်မွေ့သည်ကား မှန်၏။ သို့သော် အကယ်၍ လူထွက်ပါက တရားကျင့်ရန် ရသေ့ဝတ်ပါလျက် တဏှာရာဂ နှိပ်စက်၍ လူ ထွက်ရရှာသည်ဟု သူတစ်ပါး ကဲ့ရဲ့မည် စိုးသောကြောင့် ရသေ့ ဘဝဖြင့် ရှည်ကြာစွာ နေခြင်းဖြစ်၏"ဟု ပြန်ပြောပြီးလျှင် သင် သည်လည်း မိမိပစ္စည်း နှမြောပါလျက်နှင့် အဘယ့်ကြောင့် ပေးလှူသနည်းဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူကြွယ်က- "ကျွန်ုပ်၏ အဘိုး၊ အဘေး၊ အဖေ၊ အမေတို့သည် အလှူရေစက် လက်နှင့်မကွာသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်ကျမှ မပေးလှူသော် သူတစ်ပါး ကဲ့ရဲ့ဖွယ်ကိုမြင်၍ အလိုမရှိဘဲ ပေးလှူရခြင်း ဖြစ်ပါသည်"ဟု လျှောက်ထား၏။ ထို့နောက် သူကြွယ်က ဇနီးအား-

ရှင်မသည် ငါ့အား မနှစ်သက်ပါဘဲ ဘယ်အတွက် နှစ်လရှည်ကြာစွာ ပေါင်းသင်းခြင်းပြု၍ နေရပါသနည်းဟု မေး၏။ ဇနီးက "အရှင်၊ ကျွန်မတို့အမျိုးသည် တစ်လင် တစ်မယားစနစ်မျိုးဖြစ်၍ လင်ကြီးကို စွန့်၍ လင်ငယ် ယူသွားသူ မရှိဖူးပါ။ ကျွန်မလက်ထက်ကျမှ မိန်းမယုတ်ဟု အဖြစ်မခံလိုသောကြောင့် အရှင့်ကို မချစ်ပါဘဲ ချစ်ယောင် ဆောင်နေရခြင်း ဖြစ်ပါသည်" ဟု ပြောဆိုပြီးလျှင်-

"အရှင်၊ သား၏ အသက်အတွက် အရှင်၏ မျက်မှောက်၌ မဆိုအပ်သည်ကို ကျွန်မ ဆိုမိခဲ့ပြီ။ ကျွန်မအပေါ် ခွင့်လွှတ်တော်မူပါ"ဟု မဏ္ဍဗျသူကြွယ်အား ကန်တော့လေသည်။

ထိုအခါ မဏ္ဍဗျသူကြွယ်သည် "နှမ၊ သင့်အား ငါသည်းခံ၏။ ဤနေ့မှစ၍ ကြမ်းတမ်းသော စိတ်ကို မဖြစ်ပါစေနှင့်၊ ငါကလည်း ရှင်မ မနှစ်သက်သော အမူအရာကို မပြုအံ့"ဟုဆို၏။

ထိုအခါ ကဏှာဒီပါယနရသေ့က "ဒါယကာ၊ သင်သည်လည်း ကံ၊ ကံ၏အကျိုးကို ယုံကြည်၍ အလှူကို ပေးလှူပါလော့။ ငါသည်လည်း ယနေ့မှစ၍ ရသေ့ဘဝ၌ မွေ့လျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



နေတော့အံ့''ဟု မိန့်ဆိုပြီးလျှင် ယနေ့မှစ၍ မယားသည်လည်း လင်၌ ချစ်ခင်စွာ ပြုစု၏။ သူကြွယ်လည်း ကံ-ကံ၏ အကျိုးကို ယုံကြည်စွာ ပေးလှူ၏။ ဒီပါယနရသေ့သည်လည်း ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဤ၀တ္ထု၌ ရယူလိုသည်ကား ယညဒတ္တ၏ မိခင် ဖြစ်၏။ ယညဒတ္တ၏ မိခင်သည် မိမိ၏လင်ကို မချစ်ပါဘဲလျက် အမျိုးကို ချစ်၍ အသက်ထက်ဆုံး ပေါင်းသင်းသွားခဲ့လေသည်။ လောက၌ ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ စိတ်အလိုသို့ လိုက်လျှင် မကောင်းပါချေ။ "**တည်ပြီးသော ဘုရား၊ လင်းတပင် နားစေ**" ဟူသော စကားတစ်ခု ရှိပါသည်။ လင်မယားဟူ၍ ဖြစ်ခဲ့ပြီးမှ လင်အပေါ် မယားအပေါ် အပြစ်ရှာ၍ စိတ်နောက်လိုက်ရန် မလိုတော့ပါ။

## လင်ချစ်မယား

လင်ချစ် မယားချစ်ကို အလွန် ခိုင်မာသော အချစ်ဟု ထင်ကြရသည်။ သို့သော် တကယ်ခိုင်မာသော အချစ်ကား မဟုတ်ကြပါချေ။ တကယ်ခိုင်မာသော အချစ်မဟုတ်သော ကြောင့် ဘာမျှ မပြောပလောက်သော အပြစ်မျှဖြင့် လင်မယား ကွဲတတ်ကြပါသည်။ ရွှေခွက်, ငွေခွက်အကွဲကို ပြန်ဆက်ရ သည်။ မြေခွက် အကွဲကိုကား ပြန်ဆက်က မရဟူသော စကား ရပ် ရှိပါသည်။ များသောအားဖြင့် လင်နှင့် မယားအကွဲသည် ရွှေခွက်အကွဲ မဖြစ်တတ်ဘဲ မြေခွက်အကွဲ ဖြစ်တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမစသည်တို့သည် မိဘအမွေစသည်တို့ကြောင့် ကွဲတတ်ကြပါသည်။ သို့သော် ထိုအကွဲကား ရွှေခွက်အကွဲမျိုး ဖြစ်၍ ပြန်စေ့စပ်၍ ရတတ်ပါသည်။

တစ်ခါက အိမ်တစ်အိမ်ကို မီးလောင်ရာ အိမ်၏ အတွင်း၌ သားအမိ ပိတ်မိနေသည်။ အမိဖြစ်သူက ကယ်တော်မူကြပါ။ ကယ်တော်မူကြပါဟု သံကုန်ဟစ်၍ အော်သော်လည်း အခြားမည်သူ မဆိုထားဘိ ထိုမိန်းမ၏ လင်ယောကျ်ားကသော်ပင် မီးပုံတွင်းဆင်း၍ မကယ်ဝံ့ ဖြစ်နေသည်။ ထိုသို့ အခြေအနေ ရှုပ်ထွေးနေစဉ် လူတစ်ယောက် ပြေးလာပြီး မီးပုံတွင်း ခုန်ဆင်းဝင်ကာ သားအမိနှစ်ယောက်လုံးကို ကယ်တင်ခဲ့သည်။

ထို ကယ်တင်သူကား သူ သဘောမတူသူနှင့် လိုက်ပြေးရမည်လားဟု စိတ်ခုကာ ကွဲနေသော မောင်အရင်း ဖြစ်လေသည်။ မောင်ဖြစ်သူသည် နှမအား သေလောက်အောင် မုန်းတီးသော်လည်း အမှန်တကယ် အရေးကြုံလာသောအခါ သွေးကပြော၍ အသက်ပေး ကယ်နိုင်ပါသည်။ ထို့ကြောင့် လင်အချစ် မယားအချစ်တို့သည် မူလက ဘယ်မျှ ကြီးမားစေကာမူ ကြာလာသောအခါ သွေးအေး၍ မောင်နှမအချစ်လောက် မခိုင်မာပါချေ။ ထို့ကြောင့် မယားသည် လင်ငယ်နေ၍ လင်သည် မယားငယ်နေကြခြင်း ဖြစ်ပါသည်။

အသီတိနိပါတ် မဟာကုဏ္ဍာလဇာတ်တွင်-

"သဗ္ဗနဒီ ဝင်္ကနဒီ၊

သဗ္ဗေ ကဋ္ဌမယာ ဝနာ။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗိတ္ထိယော ကရေ ပါပံ။
လာဘမာနေ နိဝါတကေ"

မြစ်ဟူသမျှ ကောက်၏။ တောမှန်သမျှ ထင်းဖြစ်၏။ မိန်းမမှန်သမျှ ဆိတ်ကွယ်ရာကိုရလျှင် မကောင်းမှုကို ပြုမြဲဖြစ်၏ ဟု လာသည်။

ဤစကားရပ်သည် ရပ်ှန်းများကို ဟောသောကြောင့် မိန်းမမှန်သမျှ ဆိတ်ကွယ်ရာကိုရလျှင် မကောင်းမှုကို ပြုမြဲဖြစ်၏ဟု ဟောသော်လည်း ယောကျ်ားများဘက်ကိုလည်း ပြန်ကြည့်ပါဦး။ ယောကျ်ားနှင့်မိန်းမသည် ပုထုဇဉ်မှန်ပါက ဘာမျှ မထူးကြပါ။

မဃဒေဝလင်္ကာသစ် ၃၁၃-၅ ..

"ချွတ်ယွင်းဖောက်လွဲ၊ အိုင်မမြဲသည့်၊ ကွဲ့တို့ပမာ၊ ငယ်ကြင်ယာ၌၊ သစ္စာသွေစောင်း၊ မေတ္တာပြောင်း၍၊ အဟောင်းကိုပစ်၊ အသစ်ကိုသာ၊ ရှာတတ်စွာခဲ့။ ကညာ ရွယ်စစ်၊ ငယ်နုမျစ်နှင့်၊ အသစ်ကိုတွေ့၊ အဟောင်း မေ့လျက်၊ တပ်ပွေ့အာသာ၊ ကြိုက်ရာရာတိုင်း၊ သူ့မှာ အတင်း၊ လိုက်ရှောင်ကွင်း၏။

မယွင်းစစ်စစ်၊ ထိုသို့ဖြစ်၍၊ အချစ်လိုက်စား၊ ယုံမိမှားလျက်၊ ယောကျ်ားဗာလ၊ လူ့ပါပနှင့်၊ တွေ့ရ ကြုံရ၊ ပေါင်းဆုံရသော်၊ မိန်းမတို့ထုံး၊ ငွေကုန်ရှုံးက၊ သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊ သွေဖောက်ပြား ၍၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက၊

www.burmeseclassic.com

www.burmeseclassic.com



သက်ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင့်။

အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ား လျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံး ထွားသည်၊ နွားနှင့် ကျားနှင့် အတူတည်း…”ဟု ရေးသားခဲ့ပါသည်။

ဤလင်္ကာကို စေ့စေ့စပ်စပ် ကြည့်စမ်းပါ။

မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒခန်းကို မိန်းမအကြောင်း မကောင်းသည်ကိုသာ ရေးသည်ဟု ကျမ်းပြုဆရာတော်ကို အပြစ် တင်တတ်ကြသည်။ ပုတ္တောဝါဒအခန်းသည် သားတော်ကို ဆုံးမ သောအခန်း ဖြစ်ပါသည်။

သားနှင့် ရဟန်းများကို ဆုံးမရာ၌ မိန်းမတို့၏ ကောင်းခန်း များကို ဖွဲ့ဆို ရေးသားထားပါက မူလက မ,ဘက်သို့ စိတ်ညွတ် နေသော ပုထုဇဉ်များအတွက် ကျွမ်းသန္တာလန်သွားဖွယ်ရာ ရှိ သည်။ ထို့ကြောင့် မိန်းမအကြောင်း မကောင်းသည်ကိုသာ ထုတ်ပြခဲ့ပါသည်။ ထိုသို့ ထုတ်ပြခြင်းသည်လည်း ဆရာတော်၏ အလိုအတိုင်းမဟုတ်ဘဲ ဘုရားဟောကျမ်းမှ ထုတ်နုတ် ပြောပြ ခြင်းဖြစ်၍ ဆရာတော်၏ ဉာဏ်တော်ကို အလွန် ချီးကျူးမိပါ သည်။ သို့သော် ဆရာတော်သည် မိန်းမတွေကိုချည်း အပြစ်ဆို သည်ကား မဟုတ်။ အချို့သော ယောကျ်ားများ၏ အပြစ်ကိုလည်း တိုတိုနှင့် သရုပ်ဖော်တော်မူခဲ့ပါသည်။ ယခု လင်္ကာသစ်၏ ဆိုလို ရင်းကို သေချာစွာ ကြည့်စမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲများသည် ဤအိုင်၌သာ ဝပ်မည်ဟု အိုင်မမြဲသကဲ့သို့ အချို့သော ယောကျ်ားများသည် မိန်းကလေးထံ ချဉ်းကပ်၍ ဤကမ္ဘာအတွင်း သင့်ကိုသာ အချစ်ဆုံး၊ သင့်အပြင် ချစ်ရမည့်သူ မရှိပါဟု ကိုယ့်ဘက် မပါပါအောင် ဆွဲဆောင်ပြီးနောက် မိန်းကလေး ကိုယ့်ဘက်ပါလာသောအခါ ယခင် ပြောဆိုခဲ့ဖူးသော သစ္စာစကားကို မေ့ကာ အဟောင်းကိုပစ် အသစ်ဘက်သို့ မေတ္တာ ပြောင်းတတ်ကြ၏။

ငယ်ရွယ်စဉ်ကာလက နှစ်ဦးသဘောတူ ချစ်ခဲ့ကြသော မိန်းမကို ပစ်၍ အသစ်တွေ့သောအခါ အဟောင်းကို မေ့၍ အသစ်နှင့် ပျော်မွေ့ရာသို့ အဟောင်းက လိုက်၍လာသောအခါ ငယ်ချစ်နှင့် မတွေ့အောင် ပုန်းရှောင် ကွေ့ကွင်းနေတတ်ကြသည်။

ထို့ကြောင့် ယုံမိမှားသူတို့မှာ ထိုကဲ့သို့သော လူ့ဗာလနှင့် ပေါင်းဆုံမိခဲ့သော် လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်ဆို သကဲ့သို့ လင်မကောင်း၍ တစ်သက်လုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကြုံကြရတော့သည်။

လောက၌ သစ္စာဟူသော-အနှစ်၊ ဆင်ခြင် တွေးတောမှု- ပညာမရှိကြသော ယောကျ်ားများသည် အသွင်သဏ္ဌာန်မှာ ယောကျ်ားဖြစ်ပါလျက် မိန်းမတို့ထက် ယုတ်မာဆိုးဝါး မိုက်လုံး ထွားတတ်ကြပါသည်။

နွားနှင့် ကျားသည် အသွင်သဏ္ဌာန်ချင်း ခြားသော်လည်း တိရစ္ဆာန်ဟူသော ဇာတ်အားဖြင့် ကွဲပြားခြင်း မရှိသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အကြင်မျှလောက် မိန်းမသည် မကောင်းသကဲ့သို့ ယောကျ်ားသည်လည်း ထိုမျှလောက်ပင် မကောင်းတတ်ပါဟု ဆိုလိုပေသည်။

**ပုထုဇ္ဇနော ဥမ္မတ္တကောဟူသော** စကားအရ ပုထုဇဉ်မှန်သမျှ ဥမ္မတ္တက အရူးချည်း ဖြစ်ကြပါသည်။ မိန်းမလည်း ပုထုဇဉ်၊ ယောကျ်ားလည်း ပုထုဇဉ်ဖြစ်၍ အရူးတွေချည်း ဖြစ်ကြပါသည်။ မိန်းမက သာသည်။ ယောကျ်ားက သာသည်ဟူ၍ မရှိပါ။ အားလုံး အတူတူနှင့် အနူနူချည်းသာ ဖြစ်ကြပါသည်။

## ဟိရီ နှင့် ဩတ္တပ္ပ

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဟိရီ-ဩတ္တပ္ပရှိမှသာ သင့်လျော်ပါသည်။ ဟိရီ-ဩတ္တပ္ပသာ မရှိပါက မည်သည့်မိန်းမ မည်သည့်ယောကျ်ားမျှ ကောင်းကြလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် ဟိရီတရားနှင့် ဩတ္တပ္ပတရားကို စိတ်နှလုံး စင်ကြယ်စေသောကြောင့် **သုက္ကတရား**၊ လောကကို စောင့်ရှောက်တတ်သောကြောင့် **လောကပါလတရား**၊ စာတုမဟာရာဇ်, တာဝတိံသာစသော 'ဥပပတ္တိနတ်'၊ ကိလေသာမှ စင်ကြယ်သော 'ဝိသုဒ္ဓိနတ်'၊ လူတို့ကို စီမံအုပ်ချုပ်သော 'သမ္မုတိနတ်' ဤနတ် ၃-ပါးတို့ အမြဲ စောင့်ရှောက်သောတရားဖြစ်၍ **ဒေဝဓမ္မတရား** ဟူ၍ ခေါ်ဆိုရလေသည်။ ဤ ဟိရီတရား ဩတ္တပ္ပတရားသည် ကုသိုလ်တရား ဖြစ်ပွားရာ၌ နီးကပ်သောအကြောင်းလည်း ဖြစ်ပါသည်။ နီးကပ်သော အကြောင်းဆိုသည်မှာ ဟိရီတရား ဩတ္တပ္ပ

www.burmeseclassic.com

www.burmeseclassic.com



တရား ဖြစ်ပွားမှ ကုသိုလ်စိတ် ဖြစ်သည်။ ဟိရီတရား ဩတ္တပ္ပ တရား မဖြစ်ပွားသူ၌ ကုသိုလ်တရားမဖြစ်ဟု ဆိုလိုပါသည်။

ထို့ကြောင့် ဟိရီတရား၊ ဩတ္တပ္ပတရားကို ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့်သောကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ဒဏ္ဍဝဂ်၊ ဗဟုဘဏ္ဍိကဝတ္ထုကို ထုတ်နုတ် ဖော်ပြပါဦးမည်။

**ဗဟုဘဏ္ဍိကဝတ္ထု**

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါက သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော သူကြွယ်တစ်ယောက် ရှိ၏။

ထိုသူကြွယ်၌ ပစ္စည်းဥစ္စာ ပေါများသော်လည်း သားထောက် သမီးခံကား မရှိချေ။ မယားဖြစ်သူ ကွယ်လွန်သောအခါ ဘဝကို ငြီးငွေ့၍ ရဟန်းပြုခဲ့သည်။ ရဟန်းပြုသော်လည်း ရှိပစ္စည်းများကိုမူကား မစွန့်ခဲ့ချေ။ ဇေတဝန်ကျောင်းတော်၏ အနီး၌ မိမိပစ္စည်းဖြင့် ကျောင်းဆောက်စေသည်။ ကျောင်းအရံကို ပြုစေသည်။ မီးတင်းကုတ်ကို ဆောက်စေသည်။ ပစ္စည်းသိုမှီးရာ ဘဏ္ဍာတိုက်ကို ပြုစေသည်။ ထို့နောက် ဆီ, ထောပတ် စသည် အပြည့်အစုံ သိုမှီးပြီးမှ ရဟန်းပြုခဲ့ခြင်းဖြစ်သည်။ ရဟန်းပြုပြီးသောအခါ လူ့ဘဝက ကျွန်များကို ခေါ်ယူ၍ ကောင်းသောအစာအာဟာရများကို ချက်ပြုတ် စားသောက် နေထိုင်လေသည်။

လူ့ဘဝက ပစ္စည်းချမ်းသာသူ ဖြစ်သည့်အားလျော်စွာ ထိုပစ္စည်းများအားလုံး ကျောင်း၌ သိုမှီးထားလေသည်။ သင်္ကန်းကို

www.burmeseclassic.com

www.burmeseclassic.com



လည်း နေ့စဉ် လဲလှယ်၍ ဝတ်ဆင်လေသည်။ တစ်နေ့ မိုးအနည်းငယ်ရွာသဖြင့် အဝတ်အထည်များကို ထုတ်၍ လှန်းစေသည်။ ထိုစဉ် ကျောင်းစဉ် လှည့်လည်ကုန်သော ရဟန်းများ ရောက်လာကြပြီးလျှင် ငါ့ရှင် ယခု နေလှန်းသောပစ္စည်းကား မည်သူ၏ ပစ္စည်းပါနည်းဟု မေးကြသည်။ ထိုရဟန်းက ဤပစ္စည်းများကား ငါပိုင်ဆိုင်သော ပစ္စည်းများတည်းဟု ခပ်ကြွားကြွား ပြောဆိုလေ၏။ ထိုအခါ ရဟန်းများက-

"ငါ့ရှင်··· သင်သည် ရဟန်း မဟုတ်လော၊ ရဟန်းဖြစ်ပါက သုံးထည်သောသင်္ကန်းကို ဘုရားရှင် ခွင့်ပေးခဲ့သည်။ ငါ့ရှင်သည် အလိုနည်းပါးသော သာသနာတော်၌ ရဟန်းပြုပါလျှင် အဘယ့်ကြောင့် ဤမျှသော ပစ္စည်းများကို စုဆောင်းထားရသနည်း။ ငါ့ရှင်- လာပါ၊ ဘုရားရှင်ထံသို့ သွားပါစို့၊ ဘုရားရှင်၏ အဆုံးအမကို နာခံပါစို့"ဟု ဘုရားထံသို့ ခေါ်သွားကာ ဤရဟန်း၌ ပစ္စည်း အလွန်များပြားကြောင်း လျှောက်ထားကြလေ၏။

ဘုရားရှင်က- "ရဟန်း၊ သင်၌ ပစ္စည်းဥစ္စာ များစွာရှိသည်ဆိုသည်မှာ မှန်သလော"ဟု မေး၏။ ရဟန်းက မှန်ပါကြောင်း လျှောက်ထားသောအခါ "ရဟန်း၊ ငါသည် အလိုနည်းရန် ဟောပါလျက် အဘယ်ကြောင့် ပစ္စည်းဘဏ္ဍာ များပြားရပါသနည်း"ဟု မိန့်၏။

ထိုအခါ ထိုရဟန်းသည် မတ်တပ်ရပ်ကာ အပေါ်ရုံသင်္ကန်းကို ခွါချလျက် သင်းပိုင်တစ်ထည်တည်းဖြင့် "ယခုကဲ့သို့

www.burmeseclassic.com



လှည့်လည် သွားလာရမည်လား''ဟု လျှောက်၏။ ထိုအခါ ဘုရားရှင်က-

''ရဟန်း၊ သင်သည် ဟိရီ ဩတ္တပ္ပ အရှက်အကြောက်ကို ရှာမှီးတတ်သော ရေစောင့်ဘီလူးအဖြစ် တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး နေဖူးပါလျက် ယခုအခါ ကိုယ်ရုံကို စွန့်ပစ်လျက် ဟိရီ- ဩတ္တပ္ပကင်းစွာ ရပ်နေပါသနည်း''ဟု မိန့်၏။ မြတ်စွာဘုရား၏ စကားကို ကြား၍ ကိုယ်ရုံကို ပြန်လည် ဝတ်ရုံကာ ထိုင်၏။ ထိုအခါ ရဟန်းများက ဤရဟန်း၏ ရှေးက ဟိရီ- ဩတ္တပ္ပ ရှာမှီးပုံကို ဟောပြတော်မူရန် လျှောက်ထားကြသဖြင့် ရေစောင့်ရက္ခိုသ်ဝတ္ထုကို ဟောပြတော်မူသည်။

## ရေစောင့်ရက္ခိုသ်ဝတ္ထု

ဗာရာဏသီမင်း၏ မိဖုရားမှ ဘုရားအလောင်းတော် မဟိံသ မင်းသားကို ဖွား၏။ မဟိံသမင်းသား၏နောက် စန္ဒကုမာရမင်း သားကို ဖွားပြီးနောက် မယ်တော်မိဖုရား ကွယ်လွန်သဖြင့် နောက်မိဖုရားတစ်ဦး တင်မြှောက်၏။ ထိုမိဖုရားမှ သူရိယကုမာရ မင်းသားကို ဖွား၏။

ထိုအခါ မင်းကြီးက လိုသောဆုကို တောင်းရန် မိန့်တော်မူသောအခါ ဒုတိယမိဖုရားက သူ၏သား သူရိယကုမာရမင်းသား ကို မင်းအဖြစ် ပေးသနားတော်မူပါဟု တောင်းဆို၏။ ထိုအခါ သားတော်ကြီးများ ရှိနေ၍ သားငယ်ကို မင်းအဖြစ် မပေးနိုင် ကြောင်း မိန့်တော်မူပြီးနောက် မိဖုရားသည် သူ၏ သား မင်း

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို မရသောကြောင့် သားတော်ကြီးများ၏ အကျိုးမဲ့ကို ပြုတတ်သည်ဟု ယူဆတော်မူ၍ သားတော်ကြီး ၂-ပါးကို ခေါ်ကာ-

"ချစ်သားတို့၊ တိုင်းပြည်မှ ထွက်၍ တော၌ နေကြရမည်။ ငါ လွန်သောအခါမှ လာရောက်၍ မင်းပြုကြ" ဟု မိန့်၍ တောသို့ စေလွှတ်လိုက်သည်။ မဟိံသမင်းသားနှင့် စန္ဒကုမာရမင်းသားတို့ ခမည်းတော်၏ အမိန့်အရ တောသို့သွားရန် နန်းတော်မှ ဆင်းလာကြစဉ် မင်းရင်ပြင်၌ ကစားနေသော သူရိယကုမာရမင်းသားသည် နောင်တော်တို့ကို မြင်၍ တောသို့သွားကြမည်ဟု သိသောအခါ အကျွန်ုပ်လည်း လိုက်မည်ဟု နောင်တော်တို့ တား၍မရ။ တောသို့ လိုက်ပါလာခဲ့လေသည်။

ဟိမဝန္တာတောအတွင်း ရောက်သောအခါ မဟိံသမင်းသားက ရေငတ်သဖြင့် ညီအငယ် သူရိယကုမာရအား ရေအိုင်ကို ညွှန်ပြ၍ ထိုရေအိုင်မှ ရေကို ကြာရွက်ဖြင့် ဆောင်ယူခဲ့လော့ဟု ခိုင်း၏။ ထိုရေအိုင်ကား ဝေဿဝဏ်နတ်မင်းအမိန့်ဖြင့် ရေဘီလူး ပိုင်ဆိုင်သောအိုင်တည်း။ ထိုအိုင်သို့ ရောက်လာသူအား ဒေဝဓမ္မ တရားကို မေး၍ မဖြေနိုင်လျှင် စားခွင့်ရ၏။

သူရိယမင်းသားသည် ဆင်ခြင်မှုမရှိဘဲ အိုင်းတွင်းသို့ ဆင်းရာ ဘီလူး၏ အဖမ်းကို ခံရလေ၏။ ဘီလူးသည် ဒေဝဓမ္မ တရားကိုမေးရာ မဖြေနိုင်၍ မိမိ ဗိမာန်အတွင်း သွင်းထား၏။ မဟိံသမင်းသားသည် ညီအငယ် ပြန်မရောက်၍ ညီအလတ်

www.burmeseclassic.com



စန္ဒကုမာရမင်းသားကို လွှတ်ပြန်၏။ စန္ဒကုမာရမင်းသည်လည်း ဒေဝဓမ္မကို မဖြေဆိုနိုင်၍ ဘီလူးအဖမ်းကို ခံရပြန်သည်။ ညီနှစ်ဦးစလုံး ပြန်မရောက်သဖြင့် မဟိံသမင်းသားကိုယ်တိုင် ရေအိုင်သို့သွားကာ လေ့လာ၏။

ရေအိုင်တွင်း သက်ဆင်းသော ညီငယ်နှစ်ယောက်တို့၏ ခြေရာများကိုသာ တွေ့၍ ပြန်တက်လာသော ခြေရာကို မမြင်သဖြင့် ဤရေအိုင်သည် ဘီလူး သိမ်းဆည်းသော ရေကန် ဖြစ်ရမည်ဟု သိ၍ သန်လျက်ကို အအိမ်မှ နှုတ်၍ကိုင်ကာ ကန်အတွင်း မဆင်းဘဲ ရပ်နေ၏။ ဘီလူးသည် ကန်အတွင်း မဆင်းသော မင်းသားကို မြင်သဖြင့် ဆင်းအောင်တိုက်တွန်းမည်ဟု ကြံစည်ကာ လူ၏အယောင် ဖန်ဆင်း၍-

"အချင်းယောကျ်ား၊ ရေငတ်လျှင် ကန်တွင်း ဆင်းသောက်ပါ၊ ကြာပန်းကို ပန်ပါ၊ ကြာစွယ်ကို စားပါ"ဟု ပြောလေ၏။ ဘုရားလောင်းသည် ပြောလာသူကို မြင်လျှင်ပင် ဤသူ လူသား မဟုတ်၊ ဘီလူးတည်းဟု သိသဖြင့်-

"သင်သည် ငါ၏ညီများကို ဖမ်းထားသည် မဟုတ်လော"ဟု မေး၏။

"ဟုတ်၏၊ ငါဖမ်းထား၏"ဟု ပြန်ပြောလျှင် အလောင်းတော်က-

"ငါ့ညီများကို အသင် အဘယ်ကြောင့် ဖမ်းသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါကား ဤကန်ကို ပိုင်သော ဘီလူးတည်း၊ ဤကန်ကို ဆင်းသောသူကို ငါ စားပိုင်ခွင့်ရှိသောကြောင့် ဖမ်းထားသည်"

"ကန်တွင်း ဆင်းသူတိုင်းကို အသင် စားပိုင်ခွင့်ရှိသလား"

"လူတိုင်းကိုကား စားပိုင်ခွင့် မရှိ၊ ဒေဝဓမ္မတရား မသိသောသူကိုသာ စားပိုင်ခွင့် ရှိပါသည်"

"ဒေဝဓမ္မတရားကို အသင် အလိုရှိပါသလား"

"ဒေဝဓမ္မတရားကို ငါ အလွန် အလိုရှိပါသည်"

"ထိုသို့ အလိုရှိလျှင် ငါ ဟောပြမည်"

"ဟောပြပါအရှင်"

"ဒေဝဓမ္မတရားသည် အလွန် မွန်မြတ်၏၊ ငါ၏ကိုယ်ကား ချွေးတို့ဖြင့် ညစ်နွမ်းနေသည်၊ ညစ်နွမ်းသော ဤကိုယ်ဖြင့် ဒေဝဓမ္မတရားကို ငါ မဟောနိုင်ပါ"

"အရှင်... ထိုသို့ဖြစ်ပါက အရှင့်ကို ရေချိုးပေးပါရစေ" ဟု ဘီလူးသည် အလောင်းတော်အား ရေချိုးစေပြီးလျှင် ရေကို သောက်စေပြီးမှ မင်္ဂလာ မဏ္ဍပ်အလယ် ခင်းထားသော ပလ္လင်ထက်သို့ တင်၍ ရိုသေစွာ နာယူလေသည်။ ထိုအခါ ဘုရားအလောင်းတော်က ဘီလူးမင်း ရိုသေစွာ နာလော့ဟု မိန့်ဆိုပြီးလျှင်-

**ဟိရီ ဩတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။**

**သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ-**

ဟူသော ဂါထာကို ဟောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**လောကေ-** လောက၌၊ **ဟိရီ ဩတ္တပ္ပ သမ္ပန္နာ-** ဒုစရိုက်မှုမှ ရှက်တတ် ကြောက်တတ်ကုန်သော၊ **သုက္ကဓမ္မ သမာဟိတာ-** စင်ကြယ် သန့်ရှင်းသော တရားတော်နှင့် ပြည့်စုံကုန်သော၊ **သန္တော-** ငြိမ်သက် အေးချမ်းသော စိတ်နှလုံးရှိတော်မူကုန်သော၊ **သပ္ပုရိသာ-** သူတော်ကောင်းတို့ကို၊ **ဒေဝ ဓမ္မာတိ-** ဒေဝဓမ္မတရားရှိကုန်သော သူမြတ်တို့ဟူ၍၊ **ဝုစ္စရေ-** မိန့်ဆိုတော်မူအပ်ကုန်၏။

ဘီလူးသည် အလောင်းတော်၏ တရား၌ ကြည်ညို၍ ဖမ်းထားသော ညီနှစ်ဦးအနက် တစ်ဦးကို ပေးမည်။ လိုသောညီကို မိန့်ပါ ပြော၏။ ဘုရားအလောင်းက ညီငယ်ကို လွှတ်ပါဟုဆို၏၊ ဘီလူးက "အို မင်းသား၊ သင်သည် ဒေဝဓမ္မတရားကိုကား သိ၏။ သို့သော် လောက၏ သဘာဝကိုကား မသိ၊ လောက၏ သဘာဝကား ကြီးသူကို ရိုသေထိုက်သောကြောင့် ကြီးသူကို တောင်းသင့်သည် မဟုတ်ပါလော"ဟု ဆို၏။

"ဘီလူး၊ လောက၏ သဘာဝကိုလည်း ငါ သိပါ၏။ သို့သော် ငါ၏ ညီနှစ်ဦးတို့တွင် ညီငယ်သည် အရေးကြီး၏။ သူ့အတွက် ငါတို့ တောဝင်ခဲ့ရ၏။ အကယ်၍ ညီငယ်ကို အသင် စားပါက အသင်စားသည်ဟု ပြော၍ ယုံကြည်ကြမည် မဟုတ်။ ငါတို့ သတ်ခဲ့ပြီဟု စွပ်စွဲမှုမှ လွတ်ရန် ညီငယ်ကို တောင်းဆိုရခြင်း ဖြစ်သည်"

"အို မင်းသား၊ သင်သည် ဒေဝဓမ္မတရားကိုလည်း သိ၏။ လောက၏ သဘာဝကိုလည်း နားလည်၏။ ထို့ကြောင့် သင်၏ ညီ နှစ်ဦးလုံး ပြန်ပေးပါအံ့"

www.burmeseclassic.com

www.burmeseclassic.com



''ဘီလူး၊ ငါ၏ညီနှစ်ယောက်ကို ပြန်ပေးသောကြောင့် သင့်အား အလွန် ကျေးဇူးတင်၏။ ငါတို့ တိုင်းပြည်သို့ ပြန်သောအခါ ငါတို့နှင့် လိုက်ခဲ့ပါ။ သင့်အား သင့်လျော်စွာ ထား၍ ပြုစုပါမည်ဟုဆိုကာ ခမည်းတော် နတ်ရွာစံ၍ ဗာရာဏသီသို့ ပြန်ကြသောအခါ ရေစောင့်ဘီလူးကိုပါ ခေါ်ယူ၍ ကောင်းစွာ ထားလေသည်။

ဤသည်ကား သူကြွယ်ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသော ဗဟုဘဏ္ဍိကဝတ္ထုဖြစ်၍ ရှေးအခါက ရေစောင့်ဘီဘူးသည် ယခုအခါ သူကြွယ်ရဟန်း ဖြစ်လာသည်ဟု မိန့်တော်မူလေသည်။

## ဟိရီနှင့် ဩတ္တပ္ပ စေတသိက်များ

ဟိရီစေတသိက်နှင့် ဩတ္တပ္ပစေတသိက်တို့သည် ကုသိုလ်စိတ်၌ ယှဉ်သော သောဘဏသာဓာရဏစေတသိက်များ ဖြစ်ကြသည်။

ကာယဒုစရိုက်စသည်မှ စက်ဆုပ်တတ်၊ ရှက်တတ်သောတရားကို ဟိရီတရားဟု ဆိုသည်၊ ဟိရီသဒ္ဒါသည် ရှက်ခြင်းကို ဟောဆောကြောင့် မြင်မြင်တကာ ရှက်ခြင်းကို ဟိရီဟု ထင်တတ်ကြသည်။ မြင်မြင်တကာ ရှက်ခြင်းကား ဟိရီမဟုတ်ပါ။ ဒုစရိုက် ၁၀-ပါးမှ စက်ဆုပ်ခြင်း၊ ရှက်ခြင်းကိုသာ ဟိရီဟု မှတ်သင့်ပါသည်။ အချို့သော အပျိုကလေးများသည် ဘုရားရှိခိုးရမည်။ ဆွမ်းလောင်းရမည်။ သီလယူရမည်တို့ကို ရှက်နေ

www.burmeseclassic.com



တတ်သည်။ ကုသိုလ်ပြုရန် ရှက်ခြင်းကား ဟိရီတရား မဟုတ်ပါ။ အဋ္ဌသာလိနီ အဋ္ဌကထာအရ ဟိရီတရားသည်-

၁။ မကောင်းမှုမှ စက်ဆုပ်ခြင်း လက္ခဏာရှိ၏။

၂။ စက်ဆုပ်ခြင်း၊ ရှက်ခြင်းကြောင့် မကောင်းမှုကို မပြုခြင်းကိစ္စရှိ၏။

၃။ မကောင်းမှုမှ တွန့်တို ဆုတ်နစ်သော အပြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

၄။ မိမိကိုယ်ကို ရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟု ပြဆိုပါသည်။ (ဥပမာအားဖြင့် အမျိုးကောင်း ချွေးမနှင့် တူသည်ဟု ဆိုပါသည်။)

အမျိုးကောင်း ချွေးမသည် ဤမကောင်းမှုကို ငါပြုသော် ငါ့ကို ကဲ့ရဲ့လတ္တံ့၊ ငါသည် ရှက်ဖွယ်ဖြစ်လတ္တံ့ဟု လောကကို ငဲ့၍ မကောင်းမှုမှ ရှောင်ကြဉ်သကဲ့သို့ မှတ်ရပါမည်။

ဤရှက်ခြင်းနှင့် ပတ်သက်၍ လောကနီတိကျမ်း၌ မိန်းမနှစ်မျိုး ခွဲပြထားပါသည်။ **မိန်းမနှစ်မျိုးဆိုသည်မှာ-** (၁) ပြည့်တန်ဆာမနှင့် (၂) အမျိုးကောင်းသမီးပါတည်း။ လောကနီတိ၌ဆိုသည်ကား-

**နဋ္ဌာ လဇ္ဇာ စ ဂဏိကာ၊**

**နိလ္လဇ္ဇာ စ ကုလဓီတာ-** ဖြစ်ပါသည်။

**ဂဏိကာ-** ပြည့်တန်ဆာမသည်၊ **လဇ္ဇာ-** ရှက်ခြင်းကြောင့်၊ **နဋ္ဌာ-** ပျက်စီး၏။ **ကုလဓီတာ-** အမျိုးကောင်းသမီးသည်၊ **နိလ္လဇ္ဇာ**

www.burmeseclassic.com

www.burmeseclassic.com



၈- အရှက်မရှိခြင်းကြောင့်လည်း၊ **နဋ္ဌာ**-ပျက်စီး၏။

ဤလောကနီတိစကားသည် တိုကား တို၏။ သို့သော် ဖြန့်၍ ကြည့်ပါက အလွန်ရှည်ပါသည်။ ပြည့်တန်ဆာမဆိုသည် ကား ကိုယ်ကိုပြ၍ အသက်မွေးသောကြောင့် ဣန္ဒြေကြီး တစ်ခွဲ သား လုပ်နေလျှင် လာဘ်လွဲသွားနိုင်ပါသည်။

မိန်းမကောင်းကား ပြည့်တန်ဆာ မဟုတ်၍ အရှက်တရား ကို ရှေ့က ထားရသည်။ ကိုယ်၏ အတွင်းသားကို မဆိုဘိ ခြေသလုံးသားကိုပင် မတရားသောနည်းဖြင့် မပြကောင်းချေ။ အကယ်၍ ပြည့်တန်ဆာမကဲ့သို့ ပြုကျင့်ပါက မိမိသည် ပြည့် တန်ဆာမ ဖြစ်သွားလိမ့်မည်။ ယောကျ်ားကောင်းတို့သည် ပြည့် တန်ဆာမကို ပျော်ရုံမျှသာပျော်၍ အစဉ်မယားအဖြစ် အလကား ပေးသော်လည်း ယူလိုသူ မရှိကြပါ။ ထို့ကြောင့် အမျိုးကောင်း သမီးသည် ပြည့်တန်ဆာမကဲ့သို့ အရှက်မဲ့ခြင်း မရှိစေရ။ ပြည့် ပြည့်ဝဝ အရှက်ရှိစေရပါမည်။

ပြည့်ပြည့်ဝဝ အရှက်ရှိသောကြောင့် လင်ကောင်းသား ကောင်းရသော ဧကနိပါတ် ဗာဟိရဇာတ်ကို ဖော်ပြပါဦးမည်။

## ဗာဟိရဇာတ်

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် နန်းတော် အထက်မှ ပြတင်းပေါက်ကို ဖွင့်၍ ကြည့်ရှုနေစဉ် မိန်းမတစ်ဦး သည် ချုပုတ်တစ်ခုအတွင်း ဝင်ကာ ကိုယ်ကို အဝတ်ဖြင့် ရစ် ပတ်၍ ထိုင်နေသည်ကို မြင်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအမျိုးသမီးသည် ကျင်ကြီးနှိပ်စက်၍ ထိုင်သည် ဖြစ်ရာ၏။ ဤမျှ ကျင်ကြီး နှိပ်စက်သော်လည်း အမျိုးသမီးကား ရှက်ဖွယ်သော အင်္ဂါကို လူ မမြင်နိုင်ရန် ချုံသို့ဝင်ကာ ကိုယ်ကို အဝတ်ဖြင့် ဖုံးလွှမ်းထားသည်။

ထိုနေရာ၌ မည်သူမျှ မရှိချေ၊ ဖြစ်တတ်သလို သွားလျှင်လည်း ဖြစ်နိုင်ပါလျက် ဤသို့ ခန္ဓာကိုယ်ကို အဝတ်ဖြင့် ဖုံးလွှမ်းခြင်းကား အရှက်ကြီးသောကြောင့် ဖြစ်ရာသည်။ ဤမျှ အရှက်ကြီးမားသော အမျိုးသမီးကား ရှက်ဖွယ်ရာသော မှားယွင်းခြင်းဖြစ်ဖွယ်ရာ မရှိ။ ထို့ကြောင့် မိဖုရားမြှောက်ရသော် ကောင်း၏ဟု အကြံရ၍ လင် ရှိ,မရှိ စိစစ်စေရာ လင်မရှိသော အပျိုစင်အဖြစ်ကို သိ၍ မိဖုရားကြီးရာထူး တင်မြှောက်လေသည်။

ထို မိဖုရားကြီးကား အလွန်ဝ၍ ရုပ်အဆင်းကား မလှချေ။ သို့သော် ရှက်တတ်သော ဟိရီဂုဏ်နှင့် ပြည့်စုံသောကြောင့် အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်ခဲ့ရသည်။ မိဖုရားကြီး ဖြစ်ရုံမျှမက ၎င်းမှဖွားသော သားသည်လည်း စကြာမင်းဖြစ်ကြောင်း ဇာတကနိပါတ် ဗာဟိရဇာတ်၌ ပြဆိုပါသည်။

## ဩတ္တပ္ပတရား

ဒုစရိုက်တရား ပြုလုပ်ရန် ကြောက်ရွံ့ခြင်းကို ဩတ္တပ္ပတရားဟု ဆိုပါသည်။ ပုထုဇဉ်မှန်သမျှ လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ် အညစ်အကြေးများ ရှိကြပါသည်။ ဒေါသတရား ဖြစ်ပွားလာခဲ့သော သူတစ်ပါးအား နှိပ်စက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ခြင်း ပြုချင်တတ်သည်။ လောဘတရား အားကြီးလာခဲ့သော် သူတစ်ပါးပစ္စည်းကို လိုချင်တတ်သည်။ ရာဂတရား အားကြီးလာခဲ့သော် သူတစ်ပါးသားမယား ပြစ်မှားချင်တတ်သည်။

မိမိသန္တာန်၌ရှိသော အကုသိုလ်တရားများက ဆွပေးသောကြောင့် ထို အကုသိုလ်မှုများကို ပြုချင်စိတ် ပေါ်ခဲ့တတ်ပါသည်။ ထိုသို့ မကောင်းစိတ် ပေါ်ခဲ့သော်လည်း ထိုမကောင်းမှုကြောင့် မကောင်းသော ဘဝရောက်မှာ ကြောက်ခြင်းသည် ဩတ္တပ္ပတရားပင် ဖြစ်ပါသည်။

တေမိမင်းသားသည် ယခင်ဘဝက နှစ်ပေါင်း ၂၀- မင်းလုပ်ခဲ့သည်။ ကွယ်လွန်သောအခါ မင်းဘဝက ပြုလုပ်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ငရဲကျခဲ့ရသည်။

ယခုဘဝ မိခင်ကမွေး၍ မကြာမီ ဇာတိဿရဉာဏ်ဖြင့် ထိုအကြောင်းကို သိသည်။ ယခု မိမိသည် မင်းမျိုး၌ ဖြစ်ပြန်ပြီ၊ မင်းဖြစ်ခဲ့သော် ထိုထို မကောင်းမှုများကို ပြုလုပ်မိတော့မည်။ ထို့ကြောင့် မင်းမဖြစ်ရန် (သူအ)ဟန်ဆောင်မှ ဖြစ်ချေမည်ဟု စကားမပြောဘဲ နေခဲ့သည်။ ဤသည်ကား ဩတ္တပ္ပတရားပင်တည်း။

ပုထုဇဉ်မှန်သမျှ မကောင်းမှုကို ပြုလုပ်ချင်သည်။ ဟိရီတရား။ ဩတ္တပ္ပတရားကြောင့် မကောင်းမှုကို ကြဉ်ရှောင်သည်။

ပုထုဇဉ်မှန်သမျှ ကောင်းမှုဖြစ်သော ဒါန, သီလ, ဘာဝနာတရားများကို မပြုလုပ်ချင်ပေ။ သို့သော် ဟိရီတရား၊

www.burmeseclassic.com

www.burmeseclassic.com



သြတ္တပ္ပတရားကြောင့် ကောင်းမှုကို ပြုခဲ့ကြသည်။

ထို့ကြောင့် ကုသိုလ်ဖြစ်ခြင်း၏ နီးကပ်သော အကြောင်းတရားကား ဟိရီနှင့် သြတ္တပ္ပ ဖြစ်ခဲ့ကြသည်။

ဟိရီနှင့် သြတ္တပ္ပတရားသည် သူတော်ကောင်းဥစ္စာခေါ်သော အရိယာဥစ္စာ ခုနစ်ပါး၌လည်းကောင်း။ သူတော်ကောင်းတရား ခုနစ်ပါး၌လည်းကောင်း ပါဝင်ခဲ့သည်။

**သူတော်ကောင်းဥစ္စာ ခုနစ်ပါးကား-**

(၁) သဒ္ဓါဓနေ (၂) သီလဓနေ (၃) ဟိရီဓနေ (၄) သြတ္တပ္ပဓနေ (၅) သုတဓနေ (၆) စာဂဓနေ (၇) ပညာဓနေ ဖြစ်၍။

**သူတော်ကောင်းတရား ခုနစ်ပါးကား-**

(၁) သဒ္ဓါ (၂) ဟိရီ (၃) သြတ္တပ္ပ (၄) ဗဟုသုတ (၅) အာရဒ္ဓဝီရိယ (၆) ဥပဋ္ဌိတသတိ (၇) ပညာတို့ ဖြစ်ကြပါသည်။

## အရှက် နှင့် လင်ရှမှု

"ရေမရှိသောကန်၊ အလံမရှိသော ရထား၊ လင်မရှိသော မိန်းမများ" မတင့်တယ်ကြောင်း ရှေးဟောင်းစကား ရှိပါသည်။ မိန်းမဘဝသည် အပျိုကြီးအဖြစ်ဖြင့် အရိုးမထုတ်နိုင်ပါ။ အရွယ်ရှိခိုက် အလွန် လင်ကောင်းရသင့်ပါသည်။

ဤသူကား ငါ တစ်သက်လုံး မှီခိုနိုင်သော ယောက်ျားကောင်းတည်းဟု သိပါလျက် အရှက်ကြောင့် ဣန္ဒြေကို သိမ်းသိမ်းရသဖြင့် အိမ်ထောင်ရှင်အဖြစ်မှ လက်လွတ်သွားသူများ ရှိကောင်းရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပေးမရသော မိန်းမတို့ဏ္ဍရွှေကြောင့် လင်ကောင်းနှင့် လွဲသွားရသည်ဆိုခြင်းကား အမှန်သော် သဘာဝ မကျပါ။ မည်မျှ ဏ္ဍရွှေကောင်းသော အမျိုးသမီးဖြစ်စေ အချိန်တန်သောအခါ အိမ်ထောင်ပြုသွားသည်ကိုသာ များသောအားဖြင့် တွေ့ဖူးပါသည်။ ချစ်သောသူနှင့် ကွဲသွားရခြင်းကား မိန်းမတို့ ဏ္ဍရွှေကြောင့် မဟုတ်ပါ။ အမူလွန်သောကြောင့် ဖြစ်တတ်ပါသည်။

ဤအကြောင်းကို ဝတ္ထုတစ်ပုဒ်၌ တွေ့ဖူးပါသည်။

**ဝါတဂ္ဂသိန္ဓဝဇာတ်** (နိဒါန်း)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က သာဝတ္ထိပြည်၌ အပျိုကြီးတစ်ဦး ရှိ၏။

ထိုအပျိုကြီးကား ရုပ်အဆင်း လှပပါ၏။ သို့သော် အမူလွန်သောကြောင့် တစ်ကြိမ်မျှ ရည်းစားမထားဘူးချေ။

ထို သာဝတ္ထိပြည်၌ပင် ရုပ်အဆင်းလှပ၍ ပစ္စည်းဥစ္စာ အတော် ကြွယ်ဝသော လူပျိုကြီးတစ်ယောက်လည်း ရှိ၏။ ထို လူပျိုကြီးသည်လည်း မိန်းမပျိုများနှင့် စကားမပြောဝံ့အောင် ရှက်တတ်သောကြောင့် အသက်ကြီးလာသည့်တိုင်အောင် ရည်းစားမျှ မထားဖူးချေ။ တစ်ရက်တွင် ထိုအပျိုကြီးနှင့် လူပျိုကြီးတို့ တွေ့ဆုံကြ၏။ တွေ့လျှင်တွေ့ချင်း အပျိုကြီးသည် လူပျိုကြီးကို ကြိုက်၏။ ကြိုက်သောကြောင့် ခဏခဏ ကြည့်၏။ လူပျိုကြီး ကလည်း ဤအမျိုးသမီး ငါ့အပေါ်များ ကျနေရှာသလားဟု မကြာခဏ ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး တွေ့ဆုံခြင်းကား တစ်ခဏမျှသာဖြစ်၍ မကြာမီ ကွဲသွားကြ၏။ သို့သော် အပျိုကြီးကား မစားနိုင်။ မသောက်နိုင် ချစ်မီးလှိုင်လျက် ရှိ၏။ ချစ်မီးလှိုင်သောကြောင့် အိပ်ရာညောင် စောင်း၌ လျောင်းစက်နေရ၏။ ထိုအခါ အိမ်စေမကလေးများက လာရောက်၍-

"မမ ဘာဖြစ်သနည်း နေမကောင်းခြင်း ဖြစ်သလော" စသည်ဖြင့် မေးမြန်းကြသည်။ သို့သော် အပျိုကြီးက ဘာမျှ ပြန်မပြောချေ၊ အပျိုကြီး၏ ပြန်မပြောသောကြောင့် အိမ်စေ များက ခဏခဏ မေးကြ၏။ ခဏခဏ မေးပါများ၍ အပျိုကြီး မျက်ရည်ကျလာသည်။

"မမ ဘာကြောင့် မျက်ရည်ကျပါသနည်း၊ မျက်ရည်ကျ သည်ကို ထောက်၍ မမ၏စိတ်၌ အပူတစ်ခု ကေန် ရှိရမည်။ ထိုအပူကား အခြား မဟုတ်၊ ယမန်နေ့က တွေ့သော လူပျိုကြီး ၏ အပူဖြစ်ရမည်၊ ထိုလူပျိုကြီးလည်း မမအတွက် ယခု မအိပ် နိုင်။ မစားနိုင် ဖြစ်နေရရှာပါသည်" ဟု ပြောလေသည်။

ထိုအခါ အပျိုကြီးက ရင်ဖွင့်၍ ထိုလူပျိုကြီးကို စွဲလမ်း မိကြောင်း ဝန်ခံပြောဆိုလေသည်။

ထိုလူပျိုကြီးအတွက်ဆိုလျှင် မမ မပူပါနှင့် ကျွန်မ ခေါ် ပေးပါမည်။ မမ လိုသောရက်ချိန်းသာ ပေးပါဟု ပြောဆိုကြ၏။

အပျိုကြီးသည် အစေခံမတို့အား ရက်ချိန်းပေးလိုက်ပြီး နေရာတိုက်ခန်းကို ပြင်ဆင်၍ မိမိကိုယ်တိုင် အလှပြုပြင်ကာ

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေ၏။ အစေခံမလေးများသည် လူပျိုကြီးထံသွား၍ အကျိုးအကြောင်း ပြောပြခေါ်ကြ၏။ လူပျိုကြီးကလည်း ရှက်တတ်၍ ဟုတ်များမှ ဟုတ်ရဲ့လားကွယ် မတော်လို့ မဟုတ်လျှင် အရှက်ကွဲရချည့်ဟု ပြော၏။ အစေခံမများက ဟုတ်ပါသည် အစ်ကိုကြီးရှင့်··· မမသည် အစ်ကိုကြီးအတွက် ယခု မစားနိုင်။ မသောက်နိုင် ဖြစ်နေပါသည်။ မမ၏ အပူကို အစ်ကိုကြီး ကြွရောက်ငြိမ်းသတ်ပေးပါဟုဆိုကာ လူပျိုကြီးကို အိမ်သို့ ခေါ်ခဲ့ကြ၏။

အပျိုကြီး၏ တိုက်ခန်းအတွင်း၌ နှစ်ဦးသား တွေ့ကြလေပြီ။ သို့သော် လူပျိုကြီးကလည်း ရှက်တတ်၍ အပျိုကြီးကို မကိုင်ဝံ့၊ မပြောဝံ့ ဖြစ်နေသည်။ အပျိုကြီးကလည်း ချက်ချင်းသူ၏ အလိုကို လိုက်ခဲ့လျှင် ငါ့ကို အပေါစား ထင်လိမ့်မည်။ ယခုသော် ငါက မကြိုက်ဟန်ဆောင်မှ တော်မည်ဟု ရုတ်တရက် လူပျိုကြီးဘက် မျက်နှာမူကာ-

"ရှင် ဘာကိစ္စ လာတာလဲ၊ မိန်းမ၏ အခန်းတွင်း မဝင်ကောင်းဘူးဆိုသည်ကိုမျှ မသိသလော၊ သင် ယခု ထွက်သွားပါ" ဟု ပြောဆိုလိုက်၏။

အလွန် ရှက်တတ်သော လူပျိုကြီးသည် အပျိုကြီးအသံကြားသည်နှင့် ကောင်မလေးတွေ ငါ့ လာနှောက်ကြတာပါလားဟု ယူဆကာ အိမ်သို့ ပြန်ပြေးလေသည်။ နောင်လည်း မလာတော့ချေ။

အပျိုကြီးသည်ကား ငါ အပြောမှားပြီ။ ငါ့ချစ်သူ ငါ့အပေါ် အထင်မှားသွားပြီဟု ယူကြုံးမရဖြစ်ကာ ကွယ်လွန်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းသည် အလွန်ထင်ရှား၍ ရဟန်းများပင် သိသွားသည်။ ရဟန်းများက ထိုအကြောင်း ဘုရားရှင်အား လျှောက်ထားကြသဖြင့် ဘုရားရှင်က ဤဝါတဂ္ဂသိန္ဓဝဇာတ်ကို ဟောခြင်းဖြစ်လေသည်။

## ဝါတဂ္ဂသိန္ဓဝဇာတ်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မင်္ဂလာမြင်းတော်သည်ကား (ဝါတဂ္ဂ) အမည်ရှိသော သိန္ဓောမြင်း ဖြစ်၏။

မြင်းထိန်းတို့သည် ဝါတဂ္ဂကို ဆောင်ယူ၍ ဂင်္ဂါမြစ်၌ ရေချိုးပေးကြ၏။ ထိုရေချိုးဆိပ်၌ ဘဒ္ဒါလီအမည်ရှိသော မြင်းမသည် ဝါတဂ္ဂသိန္ဓောမြင်းကို မြင်သောအခါ အလွန် တပ်မက်ခြင်း ရာဂစိတ်ကြောင့် မအိပ်နိုင် မစားနိုင်သဖြင့် ကြုံလှီ၍လာသည်။

ဘဒ္ဒါလီ၌ သား မြင်းငယ်တစ်ကောင် ရှိ၏။ မြင်းငယ်သည် မိခင် ပိန်ချုံးသည်ကို မြင်၍ "အို မိခင်၊ အဘယ့်ကြောင့် အစာ မစားသနည်း။ မည်သည့်ရောဂါ ဖြစ်ပါသနည်း" ဟု မေးသည်။

မိခင် မြင်းမက- "ချစ်သား၊ မိခင်၌ မည်သည့် ရောဂါမျှမရှိ။ သိန္ဓောမြင်းကို စွဲလန်းသောကြောင့် မအိပ်နိုင် မစားနိုင်ခြင်းဖြစ်ပါသည် ဟုဆို၏။ ထိုအခါ မြင်းငယ်က ဤအတွက် ပူရန်မလိုပါ။ မိခင်သည် အိပ်မြဲ အိပ်၊ စားမြဲ စားနေပါ။ ထိုသိန္ဓောမြင်းကို သားခေါ်ခဲ့ပါမည်ဟုဆိုကာ သိန္ဓောမြင်းထံ သွား၍ အကျိုးအကြောင်း ပြောပြကာ ခေါ်လေသည်။ ထိုအခါ ဝါတဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com



သိန္ဓောမြင်းက "ချစ်သား၊ သင်၏ မိခင်သည် ငါ၏အတွက် မစားနိုင်၊ မသောက်နိုင် ဖြစ်နေပါက မြင်းထိန်းတို့သည် ငါ့ကို ရေချိုးပေးပြီးနောက် ဂင်္ဂါမြစ်နားဌ် ကျက်စားရန် လွှတ်ထားပါသည်။ ထိုအချိန် ထိုအရပ်သို့ သင့်မိခင်ကို ခေါ်ခဲ့ပါဟု ဆိုလေ၏။ ဝါတဂ္ဂသိန္ဓောမြင်း ကျက်စားနေစဉ် မြင်းငယ်သည် မိခင်မြင်းမကို ခေါ်ခဲ့၏။ ဝါတဂ္ဂမြင်းသည် မြင်းမကို မြင်လျှင် ဟည်၍ အနီးသို့ ချဉ်းကပ်ကာ မြင်းမ၏ ကိုယ်ကို နမ်း၏။ ထိုအခါ မြင်းမ၏ စိတ်၌ အကယ်၍ မြင်းထီး၏ အလိုသို့ လိုက်ခဲ့လျှင် ငါ့ကို အပေါစား ထင်လိမ့်မည်။ မိန်းမတို့ မာယာဖြင့် မချစ်ဟန်ဆောင်မှ တော်မည်ဟု လာနမ်းသော ဝါတဂ္ဂသိန္ဓောမြင်း၏ အောက်မေးကို နောက်ခြေဖြင့် ကျောက်ကန်၍ ပြေး၏။

မြင်းမ ကန်သောဒဏ်ကြောင့် သိန္ဓောမြင်း၏ အောက်သွားကျိုးမည်ကဲ့သို့ နာ၏။ မြင်းမ၏ စိတ်၌ ငါ ဤသို့ ကန်၍ ပြေးသော် မြင်းထီးသည် ငါ့ နောက်လိုက်ပြီး ချော့လတ္တံ့။ ထိုအခါမှ ငါသည် သူ၏အလိုသို့ လိုက်အံ့ဟု ရည်ရွယ်သည်။ သို့သော် မြင်းမ ရည်ရွယ်သကဲ့သို့ကား မဖြစ်ချေ။ ငါ့အပေါ် မြင်းမသည် ရက်စက်၏။ ငါသည် ဤမြင်းမကို မလိုတော့ဟု ထိုအရပ်မှ ထွက်ခွာသွားလေ၏။

ထိုအခါ သားမြင်းငယ်က မိခင် မြင်းမအား-

"အို မိခင်.. မိခင် မစားနိုင်၊ မသောက်နိုင် စွဲလန်းသည် ဆို၍ သိန္ဓောမြင်းကြီးကို ကျွန်တော် ခေါ်ခဲ့ရသည်။ သိန္ဓောမြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး ရောက်လာသောအခါ မိခင်၏ အပြုအမူကား မည်သို့နည်း''
ဟု မေး၏။

မြင်းမက ''ချစ်သား… မိခင်တို့ မိန်းမသဘောကား
ဤသို့ပင် ဖြစ်သည်။ မချစ်၍ကား မဟုတ်၊ ချစ်လျက် အမူလွန်
သွားခြင်း ဖြစ်ပါသည်''ဟု ပြန်လည် ပြောဆိုလေသည်။

ထို့ကြောင့် မူခြင်းနှင့် ရူက်ခြင်းသည် မတူပါ။ ရူက်ခြင်း
ဆိုသည်မှာ ရူက်သင့်သောကြောင့် ရူက်ခြင်းဖြစ်၍ မူခြင်း
ဆိုသည်ကား ရူက်ခြင်းမဟုတ်။ ဘာမျှမသိသော ကလေးငယ်
ကဲ့သို့ ယောကျ်ားအပေါ် ချွဲခြင်းသာ ဖြစ်ပါသည်။

**ထို့ကြောင့် ချစ်သောသူနှင့် ကွဲရခြင်းကား ဟိရီဟူသော
ရူက်ခြင်းနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိပေ။**

## တော်ဝင်သော မယား

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တော်လေးဝဟု ရှေးစကား
ရှိပါသည်။ ထိုတော်လေးဝတို့တွင် **အမရာ**ဆိုသည်မှာ မဟောသဓ
ဇာတ်တော်မှ မဟောသဓ၏ဇနီး ဖြစ်ပါသည်။ သူမ တော်ဝင်ခြင်း
ကား လင်ဖြစ်သူ ရာဇဝတ်ဘေးကြောင့် ပြေးနေရစဉ် 'သိန်း၊
ဒေဝိန်၊ ကာမိန်း၊ ပဂုတ်'ဆိုသော အမတ်ကြီးများက အချောင်
ရမည် အထင်နှင့် အမရာကို သိမ်းသွင်းကြရာ ၎င်းတို့ ထင်သလို
အချောင်မရသည့်ပြင် ၎င်းကိုယ်တိုင် မျောက်ဖြူဖြစ်အောင် ပြုမူ
နိုင်စွမ်းရှိသောကြောင့် တော်စာရင်း၌ သွင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီဆိုသည်မှာ ပကိဏ္ဏကနိပါတ်လာ စန္ဒကိန္နရီ ဖြစ်ပါသည်။ စန္ဒကိန္နရီ တော်ဝင်မယား ဖြစ်ရခြင်းမှာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် တောကစား ဝါသနာကြီးသောကြောင့် မုဆိုးအသွင်ဖြင့် ဟိမဝန္တာတောအတွင်းသို့ တစ်ကိုယ်တည်း ဝင်ခဲ့သည်။ ထိုအခါ ငွေတောင်၌ ပျော်ပါးနေကြသော ကိန္နရီမောင်နှံတို့ကို မြင်သည်။ မင်းကြီးသည် ကိန္နရီမကို မြင်သောအခါ အလွန်တပ်မက်သည်ဖြစ်၍ သူ့မယား ရလိုသော် သူ့လင်ကို သတ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကိန္နရာဖိုကို မြားဖြင့် ပစ်လိုက်သည်။ ကိန္နရာဖိုသည် မြားဒဏ်သင့်၍ လဲကျသွားသည်။ ကိန္နရာဖို မြားမှန်၍ လဲကျသွားသည်ကို ကိန္နရီမ မသိသေးချေ။ သို့သော် ငါ၏လင်သည် အဘယ့်ကြောင့် မြေ၌ အိပ်ပါသနည်းဟု စူးစမ်းသောအခါမှ မြားဒဏ်ရာမှ သွေးယိုစီးသည်ကို မြင်သဖြင့် ငါ့လင် မြားထိပါတကားဟု ပြင်းစွာ ငိုကြွေးလေသည်။

ကိန္နရီမ ငိုသံကြား၍ ကိန္နရာကား သေလေပြီ၊ ကိန္နရီမကို ဆောင်အံ့ဟု ဗြဟ္မဒတ်မင်းသည် ပုန်းကွယ်ရာမှ ကိုယ်ကို ပြ၏။ ကိန္နရီမသည် ဗြဟ္မဒတ်မင်းကို မြင်သောအခါ ဤသူသည် ငါ့လင်ကို ပစ်သည် ဖြစ်လတ္တံ့ဟု ကြောက်ရွံ့တုန်လှုပ်လျက် တောင်ထိပ်သို့ ပျံတက်ပြီးလျှင် "ဟယ်- သူယုတ်၊ သင်သည် အဘယ်ကြောင့် အပြစ်မရှိသော ငါ့၏ လင်ကို ပစ်ဘိသနည်း။ လင်သေ၍ ငါ အလွန် စိတ်ဆင်းရဲရ၏။ ငါ စိတ်ဆင်းရဲသကဲ့သို့ သင်၏ အမိ၊ သင်၏ မယား၊ သင်၏ သမီးများလည်း စိတ်ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ကြပါစေ''ဟု ဆို၏။ ထိုအခါ ဗြဟ္မဒတ်မင်းက ''ဟယ်- ကိန္နရီမ… လင် သေ၍ မပူပါနှင့်၊ ငါသည် သင်၏ လင်ဖြစ်၍ သင်သည် ငါ၏မိဖုရား ဖြစ်ပါလိမ့်မည်''ဟုဆို၏။

ထိုအခါ ကိန္နရီမက ''ဟယ်- မုဆိုး၊ ငါကား အသက် အသေခံရန် အသင့်ရှိသည်။ သင်၏ မယားအဖြစ်ကိုကား မည် သည့်အခါမှ ပြုလိမ့်မည် မဟုတ်ပါ''ဟု ဆို၏။

ဗြဟ္မဒတ်မင်းသည် ကိန္နရီမ၏ စကားကို ကြားသောအခါ ကိန္နရီမအပေါ် ချစ်စိတ်ပျက်၍ ထွက်ခွာသွားလေသည်။

ဤသို့လျှင် မိဖုရားစည်းစိမ်ဖြင့် ဖြားယောင်းသည့်တိုင် မိမိလင်အပေါ် သစ္စာမဖောက်သောကြောင့် ကိန္နရီ(တော်ဝင်)ခြင်း ဖြစ်သည်။

မဒ္ဒီဆိုသည်ကား ဝေဿန္တရာမင်းကြီး၏ မိဖုရားပါတည်း။ ဝေဿန္တရာမင်းသည် တိုင်းပြည်မှ နှင်ထုတ်စဉ် မိဖုရားကြီး မဒ္ဒီ မပါဝင်ပါ။ သို့သော် လင်မရှိသော မိန်းမကား အချည်းအနှီး သာ ဖြစ်သည်။ လင့်နောက်ကို လိုက်၍ လင်နှင့်အတူ တောခို နေရခြင်းက မြတ်သည်ဟု ယူဆ၍ ဝင်္ကပါတောင်သို့ လိုက်ခဲ့၏။ ဝင်္ကပါတောင်သို့ ရောက်သောအခါ မိန်းမဖြစ်ပါလျက်နှင့် တော ကြီးမျက်မည်းတွင် သရဲမကြောက်၊ တစ္ဆေမကြောက်၊ တော ကောင်ကို မကြောက်။ လင်ကို သစ်သီး ရှာဖွေ ကျွေးမွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ဖြစ်သူက သားနှင့် သမီးပါမက မိမိကိုပါ အလှူခံတို့အား လှူဒါန်းပြောသော်လည်း ဤလင်ကား ရက်စက်သောလင်တည်းဟု မယူဆဘဲ လင်ပြုသမျှ လင်၏ပါရမီကို ကူညီဖြည့်ရသည်ဟု ယူဆ ယုံကြည်ခဲ့သည်။ ထို့ကြောင့် မဒ္ဒီကို တော်ဝင်စာရင်း၌ ထည့်ထားကြပါသည်။

**သမ္ဘုလ**ဆိုသည်ကား ၅၅၀-တိုသနိပါတ်၌ လာသော သမ္ဘုလမိဖုရားကို ဆိုလိုပါသည်။ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သားတော် အိမ်ရှေ့စံ (သောတ္ထိသေနမင်းသား)သည် နူနာရောဂါ စွဲကပ်သဖြင့် နန်းတော်ကို စွန့်ပစ်၍ တောသို့ လာခဲ့ရ၏။ သမ္ဘုလမိဖုရားသည် နူနေသောလင်ကို မပစ်ဘဲ လင်နှင့်အတူ တောသို့ လိုက်ပါ၍ သစ်သီးကြီးငယ် ရှာဖွေ၍ ကျွေးသည်။

တစ်နေ့ သစ်သီးရှာမှ အပြန်တွင် ဒါနောဘီလူးက လိုက်၍ ချစ်ရေးဆိုရာ အနုနည်းနှင့် မရ။ အကြမ်းဖက်ခဲ့သဖြင့် နတ်များကို တိုင်တည်ရာ သိကြားမင်းက လာ၍ ခြိမ်းခြောက်မှ လွှတ်ပေးသည်။ ထိုနေ့ အချိန်ကုန်မှ တဲနန်းသို့ ပြန်ရောက်ရာ လင်ဖြစ်သူ သောတ္ထိသေနမင်းသားက မသင်္ကာဖြစ်ပြန်သဖြင့် မင်းသား၏ နူနာကို သစ္စာဖြင့် ပျောက်ကင်းစေခဲ့သည်။ ထို့ကြောင့် သမ္ဘုလသည် တော်ဝင်သူစာရင်း၌ ပါဝင်ခဲ့သည်။

**ဤတော်ဝင်မယားများ၏ ဆိုလိုရင်းမှာ** လင်အပေါ် သစ္စာမဖောက်ခြင်း၊ လင်၏အလိုကို လိုက်ခြင်း၊ လင်ပြုသမျှ ကြည်ဖြူမငြင်းနိုင်ခြင်းတို့ကို တော်ဝင်သောမယားဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော မယားများကား လင်ကို အလွန်ချစ်၏။ မိမိက လင်အပေါ် ချစ်သကဲ့သို့ လင်ကလည်း မိမိအပေါ် ချစ်စေချင်၏။ မိမိက သစ္စာရှိသကဲ့သို့ လင်ကလည်း မိမိအပေါ် သစ္စာရှိစေချင်၏။ လောကအမြင်နှင့် ကြည့်လျှင် ထိုမိန်းမ၏ အယူအဆသည် မှန်ကောင်း မှန်မည်ဖြစ်သော်လည်း ထို မယားမျိုးကား တော်ဝင်စာရင်း၌ မပါဝင်သည်ကို သတိချပ်ကြစေလိုပါသည်။

အချို့သော ယောကျ်ား၊ အချို့သော မိန်းမများမှာ မယားအပေါ်၊ လင်အပေါ် အပြစ်ငယ်ကို ပုံကြီးချဲ့၍ နောက်တစ်ယောက် ရှာတတ်ကြပါသည်။

## မောင်သောင်း၏ မယား

မောင်သောင်း၏ မိန်းမသည် မောင်သောင်း နေထိုင်မကောင်း၍ ရက်အတော် ကြာသွားသောအခါ မောင်သောင်းထံ သားငယ် သုံးယောက်ကို ပစ်ထားခဲ့ပြီး လင်ငယ်နောက်သို့ လိုက်သွားပါသည်။

များသောအားဖြင့် အိုင်တွေ့ ခြေဆေးဆိုသော စကားအရ ဤအရာ၌ ယောကျ်ားများ သာလွန်၍ ဆိုးပါသည်။

ငယ်စဉ်က ချစ်ခဲ့သောမယား မီးယပ်နာစွဲသဖြင့် ငယ်ချစ်ကို ပစ်ထားပြီး နောက်တစ်ယောက် ကောက်ကာငင်ကာ ယူသော ယောကျ်ား အတော်များများ တွေ့ရဖူးပါသည်။ သို့သော် ဤသို့ ဖောက်ပြန်တတ်သည်ကား ယောကျ်ားတိုင်း၊ မိန်းမတိုင်း မဟုတ်ပါ။ အမျိုးအရိုးပါသူများ ဖြစ်တတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးအရိုး

လောကမှာ "လူမှာအမျိုး၊ ကြက်မှာအရိုး" ဟူသော စကားပုံရှိပါသည်။ ကြက်မှာ အရိုးဟူသော စကား၏အဓိပ္ပာယ်ကို အကျယ်မသိသော်လည်း လူမှာမူကား အမျိုးအရိုး လိုက်တတ်ပါသည်။

သူနူမျိုးသည် နူတတ်သည်။ မျက်စိကန်းသောအမျိုး မျက်စိကန်းတတ်သည်။ ရှူနာ ရှိုက်နာကုန်းမျိုးသည် ရှူနာရှိုက်ကုန်းဖြစ်တတ်သည်။ ဤမျှသာမက သူခိုးမျိုးသည် ခိုးတတ်သည်။ မယားငယ်ယူသောအမျိုး မယားငယ် ယူတတ်သည်။ လင်ငယ်နေသောအမျိုး လင်ငယ်နေတတ်ပါသည်။

ဤသို့ မျိုးရိုး အစဉ်အဆက်လိုက်ခြင်းသည် နိယာမတရားကဲ့သို့ မြဲသည်ကား မဟုတ်ပါ။ လောက၌ သူဆင်းရဲ၏သားလည်း ဘုရင်ဖြစ်တတ်ပါသည်။ ပုပ်စော်နံသော ရွှံ့အတွင်းမှာလည်း ကြာပန်း ပေါက်တတ်ပါသည်။ သို့သော် မျိုးရိုးမကောင်းသော သူကိုကား စိတ်မချရပါ။ လွန်ခဲ့သောနှစ်က ထီးချိုင့်၊ ညောင်ပင်သာအုပ်စု၌ ဓားပြတိုက်မှုဖြစ်၍ ရဲက ထောက်လှမ်း စုံစမ်းမှုကြောင့် ဓားပြအားလုံး ဖမ်းမိပါသည်။ ထိုဓားပြတို့တွင် အလွန်အံ့သြစရာကောင်းသည်ကား ဓားပြခေါင်းဆောင် မောင်ကျော်ဆန်းပါတည်း။

မောင်ကျော်ဆန်းသည် (...)မြို့နယ်မှ (...)ရွာသား ဖြစ်ပါသည်။ သူတို့ရွာကို အများက ဓားပြရွာဟု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခားပြရွာဟု ခေါ်ကြသည့်အတိုင်း ကျော်ဆန်း၏ အဖေလည်း ခားပြဖြစ်သည်။ ကျော်ဆန်း၏ အစ်ကိုသည်လည်း ခားပြ ဖြစ်သည်။

ကျော်ဆန်းကား ထိုစဉ်က အရွယ်မကြီးသေးပါ။ ၁၄-နှစ်၊ ၁၅-နှစ် သားခန့်မျှသာ ရှိပါသေးသည်။ သူသည် အဖော်များနှင့်အတူ ပဲပေါ်သော ရာသီတွင် ဧရာဝတီမြစ်ဝှမ်းသို့ ပဲနုတ်လိုက်ခဲ့သည်။

ကျော်ဆန်းတို့အဖွဲ့သည် ညောင်ပင်သာအုပ်စု-ကျေးရွာလူကြီး ဦးမောင်တင်+ဒေါ်ခင်ပုတို့အိမ်မှာ တည်းခို၍ ပဲခင်းရှိရာလိုက်ကာ ပဲနုတ်ကြသည်။ ပဲရာသီ ကုန်ဆုံး၍ ပဲနုတ်လာသူများ ပြန်ကြသောအခါ မောင်ကျော်ဆန်းကား မပြန်တော့ဘဲ ဦးမောင်တင်+ဒေါ်ခင်ပုတို့၏ မွေးစားသားလုပ်၍ နေရစ်သည်။ မောင်ကျော်ဆန်း ညောင်ပင်သာအုပ်စု၌ နေသည်မှာ အတော်ကြာသွားပါပြီ၊ သုံးလေးနှစ်ခန့် ရှိခဲ့ပြီ၊ ထို့ကြောင့် ဦးမောင်တင်+ဒေါ်ခင်ပုတို့က သားအရင်းကဲ့သို့ ချစ်ခင်စွာ ကျွေးမွေး ဆင်ပြင်ထားကြသည်။

ဧရာဝတီမြစ်ရေကြီးသော ဝါဆိုဝါခေါင်တွင် ကျော်ဆန်း အရပ်သို့ ခဏ ပြန်သွားသည်။ ကျော်ဆန်း ပြန်သွား၍ မကြာမီ ဦးမောင်တင်တို့ အိမ်ကို ခားပြတိုက်ခံရရှာသည်။ ထိုခားပြတို့တွင် ကျော်ဆန်း ပါလိမ့်မည်ဟု မည်သူမျှ မထင်ကြချေ။ ကျေးဇူးရှင်ကို ကျေးစွပ်မည် မဟုတ်ဟု ထင်ကြသည်။ သို့သော် ရဲဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်း၍လိုက်သောအခါ ဓားပြခေါင်းဆောင်မှာ ကျော်ဆန်းမှန်း သိကြသဖြင့် လူတိုင်း အံ့သြကြသည်။

အမှန်မှာကား အံ့သြဖွယ်ရာ မရှိပါ။ "လူမှာအမျိုး၊ ကြက်မှာအရိုး"ဆိုသည့်အတိုင်း ဓားပြ၏ သားမြေးသည်လည်း အများအားဖြင့် ဓားပြတိုက်တတ်သည်သာ ဖြစ်ပါသည်။

ထို့ကြောင့် မယားငယ်နေသောအမျိုး မယားငယ်နေ၍၊ လင်ငယ်နေသောအမျိုး လင်ငယ်နေတတ်ပါသည်။

## ရင်ဖွင့်သူ

တစ်ရံရောအခါက အမျိုးသမီးတစ်ယောက် ရင်ဖွင့် ပြောဆိုသည်ကို ကြားရဖူးပါသည်။ ထိုအမျိုးသမီး၏ လင်သည် အလွန်ဆိုးသည်။ အလုပ်ကိုကား ကောင်းစွာ မလုပ်၊ နေ့စဉ် အရက်သောက်၊ အိမ်ပြန်လာ မယားကို ရန်ရှာ၍ ရိုက်တတ် သည်။ သို့သော် ထိုအမျိုးသမီးကား သူ့လင်ဆိုးသည်ဟု ဘယ် သောအခါမျှ မပြောဘဲ ဆဲဆို ရိုက်နှက်သမျှကို နေ့စဉ် သည်းခံ နေရှာသည်။

ထိုအခါ အိမ်နီးချင်းများက သင်သည် အရွယ်လည်း ရှိသေးသည်။ ရုပ်ရည်လည်း ခေသူမဟုတ်။ ဘာမျှ အသုံးမကျ သော လင်၏ အဆဲအဆို ခံနေသည်မှာ လွန်စွာ အံ့ဖွယ်ကောင်း သည်။ တစ်လင်မကောင်း တစ်လင်ပြောင်း လင်ပေါင်းများတော့ ဘာဖြစ်သလဲဟု ပင့်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမျိုးသမီးက ကျွန်မတို့အမျိုးမှာ လင်အပေါ် ကျူးကျော်ကျင့်သူ မရှိခဲ့ဖူးပါ။ ဒီလင် မကောင်း၍ နောက်လင် ယူပြန်လည်း နောက်လင်သည်လည်း ကောင်းချင်မှ ကောင်းတတ်ပါသည်။ သူနှင့် ကျွန်မသည် မိဘက ပေးစား၍ မချစ်ဘဲ ယူခဲ့ကြသည် မဟုတ်ပါ။ တစ်ယောက်နှင့် တစ်ယောက် ချစ်ကြိုက်၍ ယူခဲ့ကြပါသည်။ ငယ်ချစ်ဖြစ်သူပင် ဤသို့ဖြစ်ပါသော် နောက်လင်ကား ဤလင်ထက် ဆိုးမည်ဖြစ်၍ အမျိုးအကျင့်ကို ကျွန်မ မဖျက်ဆီးလိုပါဟု ပြန်ပြောခဲ့သည်။

ထိုမိန်းမ ပြောသောစကား အင်မတန် မှန်ပါသည်။ မိမိ ကံဆိုးသောကြောင့် လင်ဆိုး၊ သားဆိုးနှင့် တွေ့ရခြင်း ဖြစ်ပါသည်။ အကုသိုလ်ကံသည် မြင်နိုင်သောတရား မဟုတ်ပါ။ အကုသိုလ်ကံ အကျိုးပေးကြုံခဲ့သော် ကောင်းသောလင်လည်း လင်ဆိုးဖြစ်တတ်၍ ကောင်းသော သားသမီးလည်း သားဆိုး၊ သမီးဆိုး ဖြစ်တတ်ပါသည်။

ထိုအကြောင်းကို ထေရီအပဒါန်မှလာသော ကုဏ္ဍလကေသီ ထေရီမဝတ္ထုဖြင့် သိသင့်ပါသည်။

## ကုဏ္ဍလကေသီ

ကုဏ္ဍလကေသီရှင်မသည် ယောကျ်ားရဟန္တာဘ၀ဖြင့် ကျက်တမ်းဝင်ရန် ရှေးရှေးသော ဘုရားရှင်တို့ အထံတော်၌ ဒါန သီလ စသော ကောင်းမှု အဆောက်အဦများ ပြုစုခဲ့သူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်၌ ခရီးသွားသူသည် ခြေတစ်လှမ်း အချော်မှား၍ ချောက်အတွင်း ကျခံရသကဲ့သို့ ဘဝတစ်ကွေ့၌လည်း သူတစ်ပါးမယားကို မှားယွင်းစွာ ကျူးလွန်ခဲ့မိသည်။ ကျူးလွန်ခဲ့မိသော ထိုအပြစ်ကြောင့် ထိုဘဝမှ ကွယ်လွန်သောအခါ ငရဲကျခဲ့သည်။ ငရဲမှ လွတ်သောအခါ မျောက်ဖြစ်၍ ဝှေးစေ့ကို မျောက်ကြီးက ကိုက်ဖြတ်သဖြင့် ကွယ်လွန်ခဲ့ရ၏။ မျောက်ဘဝမှ ကွယ်လွန်သောအခါ ဆိတ်ဖြစ်၍ ဝှေးစေ့ကို အထုတ်ခံရပြီး ကလေးများ စီးသည်ကိုလည်း ခံခဲ့ရ၏။ ဆိတ်ဘဝမှ ကွယ်လွန်ပြန်သော် နွားဖြစ်၍ အသင်းအကွပ်ခံရကာ လှည်းကို ရုန်းခဲ့ရ၏။ နွားဘဝမှ သေလွန်သော် ကျွန်မဝမ်း၌ နပုန်းပဏ္ဍုက် ဖြစ်ခဲ့ရ၏။ နပုန်းပဏ္ဍုက်ဘဝမှ သေလွန်သော် လှည်းသမား၏ သမီးဖြစ်၏။ အရွယ်ရောက်သောအခါ ဂီရိဒါသမည်သော လှည်းကုန်သည်၏ သားနှင့် ရ၍ လင်အိမ်သို့ လိုက်ရ၏။ ဂီရိဒါသ၌ကား မယားကြီး ရှိ၏။ အကျင့်သီလ ရှိ၏။ ထို မယားကြီးကို လင်က မုန်းအောင် ကုန်းစကားကို ဆိုပြန်၏။

ထို မယားငယ်ဘဝမှ သေလွန်သောအခါ အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ သူဌေးသမီး ဣသိဒါသီ ဖြစ်လာ၏။ အရွယ်ရောက်သောအခါ သူဌေးသားနှင့် ပေးစား၍ သူဌေးကတော် ဖြစ်ပါသော်လည်း သူ့မယား ကျူးလွန်ခဲ့မိသော ပရဒါရကကံကြောင့် လင်ယောကျ်ားက မုန်း၍ အိမ်မှ နှင်ထုတ်ခြင်းကို ခံရ၏။

ထို့နောက် ဒုတိယလင် ရပြန်၏။ ဒုတိယလင်သည် နှင်

www.burmeseclassic.com



ထုတ်ပြန်၏။ ထို့နောက် ဒမကမည်သော ရဟန်းလူထွက်နှင့် ရပြန်၏။ ဒမက၊ ကလည်း ၁၅-ရက်မျှသာပေါင်း၍ စွန့်ပစ်သွား ပြန်၏။

လင်သုံးယောက်၏ စွန့်ပစ်ခြင်းကို ခံရပြီးနောက် ငါသည် ကား မကြာခဏ လင်၏ စွန့်ပစ်ခြင်းကို ခံရသော် ယခုဘဝ ငါ၏အပြစ်ကြောင့် မဟုတ်။ အတိတ်ဘဝက ပြုခဲ့သော ငါ၏ မကောင်းမှုကံကြောင့်သာ ဖြစ်သည်ဟု သံဝေဂရ၍ ဗိနဒတ္တ အရှင်မထံ၌ ရဟန်းမိန်းမ ပြုလုပ်၍ ဆင်ခြင်သောအခါမှ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

ဤ ဣသိဒါသီအရှင်မသည် ယခုဘဝ၌ ပစ္စည်းချမ်းသာ သော သူဌေးသမီးလည်း ဖြစ်၏။ ရုပ်ရည်လည်း လှပ၏။ အရွယ် လည်း ရှိ၏။ သို့ပါလျက် ပရဒါရကံ နှိပ်စက်ခြင်းကြောင့် လင်၏ စွန့်ပစ်ခြင်းကို ခံခဲ့ရ၏။ ယောကျ်ားဘဝဖြင့် ကျူတ်တမ်းဝင်နိုင် ပါလျက် မိန်းမဘဝဖြင့် ကျူတ်တမ်းဝင်ခဲ့ရ၏။ ထို့ကြောင့် မိမိ သည် ဘယ်မျှကောင်းအောင် ပြုပါသော်လည်း ပြုသလို မဖြစ်ဘဲ လင်ဆိုး၊ သားဆိုး၊ သမီးဆိုးများနှင့် ကြုံတွေ့ကြရတတ်ပါသည်။

လောကတွင် အတိတ်ကံ ဆိုးသောကြောင့် လင်ဆိုး၊ သားဆိုး၊ သမီးဆိုးများနှင့် ကြုံတွေ့ရသကဲ့သို့ မိမိကိုယ်တိုင် ယခုဘဝ ဆိုးသောကြောင့်လည်း လင်ဆိုးများနှင့် ကြုံတွေ့ရ တတ်ပါသည်။

~ ~ ~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



## ယခုဘ၀ ဆိုးသူ

မအေးမြိုင်သည် ချောလည်း ချော၊ လှလည်း လှ၏၊ ကိုသူတော်ဆိုသူနှင့် ရသည်။ ကိုသူတော်ကား အလွန် ရိုးသားသောသူ ဖြစ်ပါသည်။ ရသမျှပစ္စည်း မအေးမြိုင်ကို အပ်သည်။ အပ်သမျှပစ္စည်း မအေးမြိုင်က ဖြုန်းသည်။ နောင်သောအခါ လူရိုးကြီး ကိုသူတော်ကို စွန့်ပစ်၍ လူဆန်း အောင်ဒင်နောက် လိုက်ပြေးသည်။ အောင်ဒင်က မအေးမြိုင်ကို တစ်လခန့် ပေါင်းသေးသည်။ တစ်လမှကျော်သောအခါ နောက်မယားတစ်ယောက် ကောက်ယူပြီး မအေးမြိုင်ကို စွန့်ပစ်ခဲ့သည်။ ထိုအခါ မအေးမြိုင်က တကောင်း ကြံညှပ် လုပ်ပြန်သည်။ တကောင်း ကြံညှပ်ဆိုသည်ကား 'အဟောင်းကို ပြန်ကပ်'သည်ဆိုသော စကားသာ ဖြစ်ပါသည်။ ကိုသူတော်ကား လူရိုးကြီးတော့ ဟုတ်ပါသည်။ သူ့လက်တွင်းမှ လင်ငယ်နောက် လိုက်သွားသော မအေးမြိုင်ကို ပြန်လည် မသိမ်းပိုက်တော့ပါ။

ဤသို့ လင်အစွန့်ခံရသည်ကား မအေးမြိုင်၏ အတိတ်ကံကြောင့် မဟုတ်၊ ပစ္စုပ္ပန်ကံဟု ဆိုအပ်သော ယခုဘ၀ လော်လည်မှုကြောင့် ဖြစ်ပါသည်။

## လော်လည်ခြင်း ငါးပါး

**လောလ**ဟူသော ပါဠိစကားကို မြန်မာက **လော်လည်**ဟု ဘာသာပြန်ပါသည်။ လောလသဒ္ဒါသည် လျှပ်ပေါ်ခြင်းဟူသော အနက်ကို ဟောပါသည်။ လျှပ်ဟူသော စကားကို ယနေ့ (ရှပ်)

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သုံးပါသည်။ **လျှပ်-ရှပ်ဆိုသည်ကား** အပေါ်သို့ လျှံသွားခြင်းတည်း။ ရေပေါ်ကို အိုးခြမ်းကွဲဖြင့် ရှပ်၍ ပစ်သောအခါ အိုးခြမ်းကွဲသည် ရေပေါ်ရှပ်၍ ပြေးသွားပါသည်။ **(ပေါ်) ဟူသော စကားမှာ** (မမြုပ်ခြင်း)ဖြစ်ပါသည်။ အိုးခြမ်းကွဲသည် ရေတွင် မြုပ်မသွားဘဲ ရေပေါ် လျှပ်ပြေးခြင်းကို (လျှပ်ပေါ်)သည်ဟု ဆိုပါသည်။ ဤ လျှပ်ပေါ်ဟူသောစကားသည် တိုက်ရိုက်စကား မဟုတ်၊ သွယ်ဝိုက်သော စကားမျှသာ ဖြစ်ပါသည်။ တိုက်ရိုက် စကားမှာ ဣန္ဒြေကို မစောင့်စည်းခြင်း ဖြစ်ပါသည်။

**ဣန္ဒြေဆိုသည်မှာ-** မျက်စိ(စက္ခုန္ဒြေ)၊ နား(သောတိန္ဒြေ)၊ နှာခေါင်း (ဃာနိန္ဒြေ)၊ လျှာ(ဇိဝှိန္ဒြေ)၊ ကိုယ်(ကာယိန္ဒြေ)၊ စိတ် (မနိန္ဒြေ)ဟူသော ဤဣန္ဒြေခြောက်ပါး စောင့်ရှောက်ခြင်း မရှိသည်ကို လျှပ်ပေါ်သည်ဟု ဆိုပါသည်။

မိန်းမတို့၌ လျှပ်ပေါ်ခြင်း (သို့မဟုတ်) လော်လည်ခြင်း ငါးပါးရှိသည်။ (သုတ္တနိပါတ၊ ပါဠိ၊ ၂၈၂-၄၊ ပ၊ ၃၂)၌-

၁။ စားသောက်မှု၌ လော်လည်ခြင်း။

၂။ တန်ဆာဆင်မှု၌ လော်လည်ခြင်း။

၃။ ယောကျ်ားတစ်ပါး၌ လော်လည်ခြင်း။

၄။ ပစ္စည်းဥစ္စာ၌ လော်လည်ခြင်း။

၅။ သွားလာလည်ပတ်မှု၌ လော်လည်ခြင်း-တို့ဖြစ်ပါသည်။

လော်လည်ခြင်း ငါးပါးအနက် လော်လည်ခြင်း တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ပါးနှင့် ပြည့်စုံသော မိန်းမကို တစ်ခါတစ်ရံ အပျော်အပါး လိုက်စားသည်မှတစ်ပါး ထာဝရမယားအဖြစ် ယောကျ်ားများက မချစ်ခင်ကြပါ။ အဘယ့်ကြောင့် ထာဝရမယားအဖြစ် မချစ်ခင်နိုင်သည်ကို ရှင်းပြပါဦးမည်။

## ၁။ စားသောက်မှု၌ လော်လည်ခြင်း

စားသောက်မှု၌ လော်လည်သည်ဆိုခြင်းကား အစားကြီးသည်ဟု ဆိုသည် မဟုတ်ပါ။ သတ္တဝါတို့သည် ရုပ်ခန္ဓာက တောင်းဆိုသမျှ စားပေးကြရသည်။ ထိုသို့ စားပေးခြင်းကို လော်လည်သည်ဟု မခေါ်ပါ။ လော်လည်သည်ဆိုခြင်းကား ဈေးသည် မြင်တိုင်း ဝယ်စားနေသည်ကို ဆိုပါသည်။ အချို့သော မိန်းမများသည် ဗိုက်က ဝနေသော်လည်း ပါးစပ်က ဝသည်ဟူ၍ မရှိ။ ဈေးသည်မြင်တိုင်း ဝယ်စားတတ်ပါသည်။ လင်ဖြစ်သူက ငွေဘယ်လောက်ရှာ၍ ပေးပေး ဤသို့သော ထွက်ပေါက်မှ ငွေယိုခဲ့သော် ကြာလျှင် လင်ဖြစ်သူ သည်းမခံနိုင်၍ အစာ၌ လော်လည်သော မိန်းမကို ကွာကြရပါသည်။

## ၂။ တန်ဆာဆင်မှု၌ လော်လည်ခြင်း

တန်ဆာဆင်မှု၌ လော်လည်ခြင်းဆိုသည်မှာ အချို့သော မိန်းမတို့သည် လွန်စွာ လှလိုကြ၏။ လူမှာအဝတ် တောင်းမှာ အကွပ်ဆိုသော စကားကို လက်သုံးထား၍ အမြဲ လှပနေရန် တစ်နေ့တစ်မျိုး အဝတ်အစား အလဲအလှယ် ဝတ်ဆင်တတ်ကြသည်။ အပျိုဘဝက အဝတ်သစ်ကလေးဖြင့် လှပ ချစ်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော်လည်း ကိုယ့်မယား ဖြစ်လာသောအခါ မိန်းမအဝတ်ဖိုး မတတ်နိုင်၍ ထိုမယားကို ကွာပစ်ရတတ်ပါသည်။

## ၃။ ယောက်ျားတစ်ပါး၌ လော်လည်ခြင်း

"အီဂျစ်နှင့် အင်္ဂလန် နိုင်ငံခြားကို မောင် သွားထားပါလား သူတစ်ပါး မကြည့်စေချင်ရင်" ဟူသော လေဘာတီ၏ သီချင်းသံကို ကြားရဖူးပါသည်။ လေဘာတီ မမြရင်က သူ၏ချစ်သူကို ပြောသောစကား ဖြစ်ပါသည်။

သူ၏ ချစ်သူက ဇာတ်ခုံပေါ်၌ လူရွှင်တော်များနှင့် သားပြော၊ မယားပြော၊ ပြောဆိုနေသည်ကို မကြိုက်ဘူးဟု ပြောသည်။ ထို့အပြင် မမြရင်အား ချစ်မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်ကိုလည်း မကျေနပ်ဟု ပြောသည်။

ထိုအခါ မမြရင်က အထက်ပါသီချင်းဖြင့် အငြိမ့်မင်းသမီးဆိုသည်မှာ လူရွှင်တော်များနှင့် ဇာတ်ခုံပေါ်၌ ဤသို့ပင် ကလက်ကြရသည်။ ပရိသတ်ကလည်း ဝိုင်းဝန်း ကြည့်ကြသည်။ အငြိမ့်မင်းသမီးဆိုလျှင် ထိုဘဝမှ မလွတ်နိုင်ကြပါ။ ထိုဘဝမှ လွတ်စေလိုလျှင် သူ့ကို အီဂျစ်၊ အင်္ဂလန် နိုင်ငံခြားသို့ ပို့ထားပါဟု ဆိုသည်။

ဤအဖြစ်အပျက်ကား တကယ် မမြရင်၏ အဖြစ်အပျက်မဟုတ်ပါ၊ စာရေးဆရာ၏ စိတ်ကူးမျှသာ ဖြစ်ပါသည်။

သို့သော် ကိုယ့်ချစ်သူကိုကား ယောက်ျားတစ်ပါးက ချစ်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှင့် ကြည့်သည်ကို ဘယ်ယောကျ်ားမှ သဘောမကျပါ။ ယောကျ်ားတစ်ပါးက ကြည့်ရုံဖြင့် သဘောမကျရသည့်အထဲ ကိုယ့်မိန်းမကပါ ထိုယောကျ်ားနှင့် လော်လည်ပြန်ပါမူ ရှေးက အလွန်ချစ်သော မယားသည် အလွန်မုန်းသော မယားအဖြစ်သို့ ရောက်တတ်ပါသည်။ ဤနေရာ၌ ယောကျ်ားကို ပဓာနထား၍ ပြောရသည်။ မိန်းမသည်လည်း ကိုယ့်လင်ကို ဘယ်မိန်းမမျှ ချစ်မျက်လုံးနှင့် မကြည့်စေချင်ပါ။ ဤနေရာ၌ ရှေးက ရေးထားခဲ့သော တေးထပ်တစ်ပုဒ်ကို သတိရမိပါသည်။

ကိုယ်လင့်ကို မထိတထိနှင့်၊
ရိတိတိပြောမူ၊
စိစိကြည့်သောသူကို၊
ဘောမဖြူနိုင်ကြောင်း၊
ကျွန်မထက် ပျိုရေသာစေ၊
အိုဝေလာ ဝေးစွကွာတောင်း။ ။

ကျွန်မရဲ့ တစ်ဦးလင်ကို၊
နှူးမယ်ထင် ထင်ကြောင်း၊
ပူးဝင်သူ သူ့ဦးခေါင်းကိုလ၊
တုတ်ချောင်းနှင့် ဆော်ချင်။
ကျွန်မလင် နိုပ်အလှပေမို့။
စိတ်မချဘူးတော့ အမှန်ပင်။ ။

ဖန်ဗူးမှ အရုပ်ဆိုလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



အဟုတ်ပင် ကျွန်မထားချင်ငှဲ့။
ကျွန်မနားမှ သူ့ခွာလျှင်၊
ဝေးလိမ့်မယ်ထင်။
သို့ကလောက် ချစ်ပိုအင်ကို
ပြစ်ဆိုချင် ဆိုတော့ရှင့်လေး။ ။

ဤတေးထပ်သည် မိန်းမများက မိမိယောကျ်ားကို အခြားမိန်းမများ အကြည့်မခံနိုင်ပုံကို ဥပမာပေးပြ တေးထပ်ဖြစ်ပါသည်။

မိန်းမသည် မိမိယောကျ်ားကို အခြားမိန်းမနှင့် လော်လည်သည်ကို မကြိုက်သကဲ့သို့ ယောကျ်ားများကလည်း မိမိမယား အခြားယောကျ်ား တစ်ဦးနှင့် လော်လည်သည်ကို မကြိုက်ကြပါ။ မကြိုက်ရုံမျှမက ယောကျ်ားတစ်ပါးနှင့် လော်လည်သော မိန်းမကို စွန့်ပစ်တတ်ကြပါသည်။

## ၄။ ပစ္စည်းဥစ္စာ၌ လော်လည်ခြင်း

"စီးသည့်ရေ ဆည်သည့်ကန်သင်း" ဟူသော ရှေးစကား ရှိပါသည်။ စီးလာသော ရေကို ဆည်လုပ်၍ ဖမ်းထားပါက ရေလှောင်ကန်ကြီး ဖြစ်လာပါသည်။ စီးလာသမျှရေကို ဆည်ထားခြင်း၊ ဖမ်းထားခြင်း မပြုဘဲ လွှတ်ပစ်ပါက ရေလှောင်ကန် မဖြစ်လာနိုင်ပါ။

လင်မယားဟူ၍ ဖြစ်လာလျှင် ရှေးအခါက လင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းရှာ၍ လင်ရှာ၍ရသော ပစ္စည်းကို မယားက သိမ်းဆည်းရမြဲ ဖြစ်ပါသည်။ လင်ရှာ၍ ရသမျှ ပစ္စည်းကို မယားက သိမ်းဆည်းခဲ့တတ်ပါက ရေစီးကို ဆည်ပြု၍ လှောင်သဖြင့် ရေလှောင်ကန်ကြီး ဖြစ်လာသကဲ့သို့ ထိုလင်မယားလည်း မကြာမီ ကြီးပွားချမ်းသာ လာနိုင်ပါသည်။

လင်ရှာရသမျှ မယားက ဖြုန်းတီးနေပါက စီးသွားသော ရေ အချည်းအနှီး ဖြစ်သကဲ့သို့ ဖြုန်းတီးသော မယားကြောင့် ပစ္စည်းမဲ့။ ဆင်းရဲသားဘဝသို့ ဆိုက်ရောက်လာတတ်ပါသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ဖြုန်းတီးသော(ဝါ) ပစ္စည်းဥစ္စာ၌ လောလည်သော မယားကိုလည်း လင်က မကြာမီ စွန့်ပစ်တတ်ပါသည်။

## ၅။ သွားလာလည်ပတ်မှု၌ လော်လည်ခြင်း

လူ၌ ခြေထောက်ပါသည်။ ခြေထောက်သည် ခရီးသွားရန်အတွက်ဖြစ်၍ ခရီးသွားတိုင်း လော်လည်ခြင်း မဟုတ်ပါ။ လော်လည်သော သွားခြင်းဆိုသည်မှာ အကြောင်းကောင်း မရှိ။ ထင်မိထင်ရာ သွားခြင်းမျိုးကို ဆိုပါသည်။ အချို့သော မိန်းမတို့သည် အိမ်၌ မိမိ၏ အလုပ်ရှိပါလျက် အလုပ်ကို ပစ်ထား၍ သူတစ်ပါးအိမ်၌ လှည့်လည် လည်ပတ်တတ်လေသည်။ 'ခြေသလုံး လေဝင်သည်' ဟူသော စကားရှိဖူးသည်။

ဤသို့ အကြောင်းကောင်း မရှိ၊ ထင်မိထင်ရာ သွား၍ မိန်းမဖြစ်သော် သူတစ်ပါးအတင်းကို ပြောတတ်သည်။ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော် အဖျင်းစကား ပြောကြား၍ တဟားဟား နေတတ်ကြသည်။ ထိုသို့ သူတစ်ပါးထံ လည်ပတ် သွားလာခြင်းသည် များသောအားဖြင့် ညအချိန် ဖြစ်တတ်သည်။

ဤသို့ သူတစ်ပါးထံ သွားလာ လည်ပတ်တတ်သော အကျင့်သည် ဝါသနာဖြစ်၍ မလည်ရ၊ မသွားရ မနေနိုင်၊ မအောင့်နိုင် ဖြစ်လာတတ်သည်။

ဤသည်ကို ခြေသလုံး လေဝင်သည်ဟု ရှေးဆရာ ဆိုတော်မူခဲ့ကြသည်။ ခြေသလုံး လေဝင်၍ လည်ခြင်းသည် များသောအားဖြင့် ညဥ့်အခါ ဖြစ်တတ်သည်။ ညဥ့်အခါ လည်ခြင်း၏ အပြစ်ခြောက်ပါးတို့ကို ပါထိကဝဂ်ပါဠိတော်၊ သိင်္ဂါလသုတ်၌ ဘုရားရှင် ဟောကြားတော်မူသည်။

၁။ ညဥ့်အခါ သွားလာ လည်ပတ်တတ်သူ၌ ကိုယ်၏အကာအကွယ်၊ အစောင့်အရှောက် မရှိခြင်း၊

၂။ မိမိ၏ သားမယား၌ အကာအကွယ် အစောင့်အရှောက် မရှိခြင်း၊

၃။ မိမိ၏ ဥစ္စာပစ္စည်း၌ အစောင့်အရှောက် အကာအကွယ် မရှိခြင်း၊

၄။ သူတစ်ပါးပြုသော မကောင်းမှု၌ မိမိဟု ယုံမှား ခံရတတ်ခြင်း၊

၅။ ယုံမှားရုံမျှမက မိမိပြုသည်ဟု အစွပ်စွဲခံရတတ်ခြင်း၊

၆။ များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ဟောကြားသော ဤအပြစ်ခြောက်ပါးတို့သည် လွန်စွာ တိကျ မှန်ကန်ပါသည်။ ထို့ကြောင့် ကိစ္စရှိ၍ သွားသော နေ့အခါသာ မြင်မြင်ထင်ထင် သွားသင့်သည်။ ညဥ့်အခါ အကြောင်းထူး မရှိဘဲ လုံးဝ မသွားသင့်ပါ။

ယောကျ်ားပင်ဖြစ်စေ၊ ရဟန်းပင်ဖြစ်စေ လုံးဝ မသွားသင့်သော ညဥ့်အခါ၌ မိန်းမသားဖြစ်သူ သွားလာပါက အဘယ်မျှ အရုပ်ဆိုးသည်ကို လူတိုင်း သိကြပါသည်။ ထို့ကြောင့် သွားလာလည်ပတ်မှု၌ လော်လည်သော မိန်းမကိုလည်း အချောင်သမားကသာ ကြိုက်၍ လင်ဖြစ်သူ လုံးဝ မကြိုက်၍ ကွာရှင်းခြင်း ခံရကတတ်ပါသည်။

ဤသို့သော အကြောင်းများကြောင့် မိန်းမတိုင်း လော်လည်ခြင်း ကင်းကြရမည် ဖြစ်ပါသည်။

## မိမိအား ချစ်စေချင်သူ

အချို့သော မိန်းမများကား မိမိအား သူတစ်ပါးက အလွန်ချစ်ခင်စေချင်ကြသည်။ အဝတ်အမျိုးမျိုးလဲကာ မိမိကိုယ်ကို ခြယ်သနေတတ်သော မိန်းမမှန်သမျှ မိမိကို သူတစ်ပါးက ချစ်စေလိုသော မိန်းမများ ဖြစ်ကြပါသည်။

ထိုမိန်းမသည် မိမိကိုသာ သူတစ်ပါးက ချစ်စေချင်သည်။ မိမိကို မြင်သော ယောကျ်ားများ တစ်ခါတည်း စွဲသွားစေချင်သည်။ သို့သော် မိမိက ပြန်ချစ်မည်ကား မဟုတ်ပါ။ မိမိက

www.burmeseclassic.com



ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ယောကျ်ားများ မိမိအပေါ် စိတ်ဝင်စားအောင် မြူဆွယ်တတ်သော အလေ့ရှိသည်။

မိန်းမတို့၌ ထိုအလေ့သည် မကောင်းဆုံး၊ အယုတ်မာဆုံးသော အလေ့ ဖြစ်သည်။ မိမိက ချစ်၍ သူ့ကိုကျအောင် လုပ်ခြင်းကား လောကဓမ္မတာ ဖြစ်၍ မဆန်းကြယ်ပါ။ ယခုမူ မိမိက ချစ်သည် မဟုတ်ပါဘဲ တစ်ဖက်သားအပေါ် ချစ်ယောင် ဆောင်လိုက်သဖြင့် ထိုတစ်ဖက်သားသည် မိမိ ပြုစားခြင်းကို ခံရ၍ အလွန် ဆင်းရဲသွားပြီ။ သို့သော် မိမိကမူကား ထိုသူ့ကို တကယ် မချစ်၊ မိမိအတွက် ထိုသူ စိတ်မချမ်းမသာ ဖြစ်သွားသည်ကိုပင် ဂုဏ်ယူနေသေးသည်။

မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ထိုစိတ်ဓာတ်သည် ယုတ်မာသော စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်မျိုးကို မည်သူမျှ မမွေးမြူစေလိုပေ။

ကျမ်းများ၌ ထိုမိန်းမမျိုး အတော်များများ တွေ့ရဖူးပါသည်။ ထင်ရှားသော ဝတ္ထုကား ၅၅၀-ပဏ္ဏာသနိပါတ်မှလာသော **ဥမ္မာဒန္တီ** ဖြစ်ပါသည်။

ဥမ္မာဒန္တီသည် သိဝိတိုင်း တိရိဋ္ဌိဝစ္ဆသူဌေးကြီး၏ သမီးဖြစ်၏။ သူဌေးကြီးသည် ဥမ္မာဒန္တီကို သိဝိမင်းထံ ဆက်၏။ မင်းကြီးက မိဖုရားအင်္ဂါနှင့် ညီ,မညီကို စုံစမ်းရန် ပုရောဟိတ်ပုဏ္ဏားများကို လွှတ်လိုက်၏။ ထိုပုဏ္ဏားတို့သည် ဥမ္မာဒန္တီကို မြင်သဖြင့် သတိလက်လွတ် ဖြစ်ကြသည်။ ထိုအခါ ဥမ္မာဒန္တီ

www.burmeseclassic.com

www.burmeseclassic.com



က ပုဏ္ဏားများကို အိမ်မှ ဆွဲထုတ်ခိုင်းသည်။ ပုဏ္ဏားများသည် အဆွဲထုတ်ခံရ၍ ရှက်သောကြောင့် မင်းကြီးအား သူယုတ်မဖြစ်ကြောင်း လျှောက်တင်ကြသဖြင့် မင်းကြီးက မသိမ်းပိုက်ချေ။

ထိုအခါ သူဌေးကြီးက သမီးကို အဘိပါရကစစ်သူကြီးနှင့် ပေးစားခဲ့သည်။ ဘုရင် မြို့လှည့်လာသောအခါ ဥမ္မာဒန္တီသည် မင်းကြီးကို အလေးပြုသလိုလိုနှင့် ပန်းပစ်ကြဲ၍ မင်းကြီးကို ပြုစားလိုက်သည်။ အလွန် သမာဓိကောင်းသော အလောင်းတော် သိဝိမင်းကြီး ဥမ္မာဒန္တီအတွက် အရူးကဲ့သို့ ဖြစ်သွားရသည်။

ဥမ္မာဒန္တီသည်ကား မင်းကြီးကို အမှန်တကယ် ချစ်၍ မဟုတ်။ မိမိလောက် လှသူကို မသိမ်းပိုက်ကောင်းလားဟု လက်စားချေခြင်းမျှသာ ဖြစ်သည်။

ဥမ္မာဒန္တီ၏ အပြုအမူ စိတ်ထားမျိုးသည် များသောအားဖြင့် မိန်းမတိုင်း၌ ရှိတတ်သည်။ ဤအပြုအမူမျိုးသည် အလွန် ဆိုးဝါးယုတ်မာ၍ အပြုစားခံရသူသာ မဟုတ်။ မိမိပါ ဆင်းရဲခြင်းသို့ ရောက်တတ်သဖြင့် ထိုအပြုအမူမျိုးကို မိန်းမတိုင်း, ယောကျ်ားတိုင်း ရှောင်ကြဉ်သင့်ကြပါသည်။

## မထီမဲ့မြင် ပြုခြင်း

မထီမဲ့မြင်ဟူသော စကားသည် မလေးစားခြင်း၊ ထိုက်ထိုက်တန်တန် မပေါင်းသင်းခြင်းဟူသော အနက်ကို ဟောပါသည်။

လူသားမှန်သမျှ မိမိအား ထိုက်ထိုက်တန်တန် ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com



စေလိုကြပါသည်။ မိမိအား လူရာမသွင်း၊ မထီမဲ့မြင်ပြုခြင်းကို မခံချင်ကြပါ။ များသောအားဖြင့် တပည့်၊ သားသမီး၊ မယား စသူတို့၏ မထီမဲ့မြင်ပြုခြင်းက ပို၍ ဆိုးပါသည်။ ထို့ကြောင့် မယားဖြစ်သူသည် လင်ကို မထီမဲ့မြင် မပြုကောင်းပါ။ မိန်းမ တို့သည် ဤအကြောင်း ရှစ်ပါးအနက် တစ်ပါးပါးသော အကြောင်းကြောင့် လင်ကို မထီမဲ့မြင် ပြုတတ်ကြောင်း မဟာ သကုဏဇာတ်တော်၌ ဟောပါသည်။ ထိုအကြောင်းကို မဃဒေဝ လင်္ကာသစ်အပိုဒ် ၂၉၇-၌ ...

"လင်မွဲ လင်နာ၊ လင်သူရာကြိုက်

လင်မိုက် လင်ဖျင်း၊ လင်ပျင်း လင်အို

အလိုမဖြည့်၊ မပြည့်ဆန္ဒ

ရှိတုံကလျှင်၊ မိန်းမဟူသည်

ဤရှစ်မည်ကြောင့်၊ မကြည်မသာ

အနာဒရ၊ ပြုတတ်စွရှင့်"ဟု ရေးဖွဲ့ထားပါသည်။

ဤလင်္ကာ၌ **အနာဒရ**ဆိုသော ပါဠိကို အချို့က **အနာ တရ**ဟု မြန်မာဘက်ဆွဲယူ၍ ဤရှစ်ပါးသော အကြောင်းကြောင့် မိန်းမတို့သည် လင်ယောကျ်ားကို အနာဖြစ်အောင် ပြုတတ် သည်ဟု ယူဆကြပါသည်။ အမှန်သော်ကား အနာတရ မဟုတ် (အနာဒရ)ဟူသော အဓိပ္ပာယ်မှာ ပါဠိစကား ဖြစ်ပါသည်။ အနာ ဒရကို (န-အာဒရ)ဟု ပုဒ်ဖြတ်၍ ရိုသေခြင်း မရှိ၊ မထီမဲ့မြင် ပြုတတ်သည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မဃဒေဝအလင်္ကာ၏ အဓိပ္ပာယ်မှာ-

၁။ ပစ္စည်းဥစ္စာ မရှိ၊ ဆင်းရဲသောလင်၊

၂။ အနာရောဂါ နှိပ်စက်ခြင်း ခံနေရသောလင်၊

၃။ အရက်သေစာ သောက်စား ရှိက်ရှူသောလင်၊

၄။ ဘာမျှ မသိတတ်သောလင်၊

၅။ ဘာမျှ မပြုလုပ်တတ်သော လင်အဖျင်း၊

၆။ ဘာမျှ မလုပ်မကိုင်ချင်သော လင်ပျင်း၊

၇။ အရွယ် အိုမင်းသောလင်၊

၈။ သူလိုလားသော ဥစ္စာ,ဆန္ဒ မပေးနိုင်သောလင်၊

ဤ လင်ရှစ်ပါးတို့သည် မယားများ မထီမဲ့မြင် ပြုတတ်ကြသည်ဟု ဆိုလိုပါသည်။ ဤစကားရပ်သည် သားယောကျ်ားကို ဆုံးမသောစကားဖြစ်၍ မိန်းမတို့၏ အပြစ်များကို ထုတ်ပြထားပါသည်။ ဤမျှမက မဃဒေဝလင်္ကာ၌-

"**စစ်တက်ယောကျ်ား၊ မြွေသမားနှင့်**

**ရေသွားခရီး၊ ဆင်စီးတမျှ**

**စိတ်ကာဘယ်ခါ၊ မချရာတည့်**"ဟု ဆိုထားပါသည်။

'စစ်တက်သော ယောကျ်ား' - စစ်တိုက်သော ယောကျ်ားသည်လည်း သူနိုင်ငါနိုင် အနိုင်ကြဲနေကြဆဲဖြစ်၍ သူ၏လက်နက်ကိုယ်၌ထိ၍ သေချင် သေနိုင်ပါသည်။ မြွေနှင့် အလည်ပြစားသော မြွေသမားသည်လည်း မြွေခဲ၍ သေနိုင်သည်။ ရေလမ်း၌ ဖောင်စီးသွားသော ယောကျ်ားလည်း 'ယောကျ်ား

www.burmeseclassic.com



ဖောင်စီး၊ မိန်းမ မီးနေ'ဟုဆိုသည့်အတိုင်း ရေဘေးဖြင့် သေချင် သေနိုင်သည်။

ဆင်စီးသောသူတို့၌လည်း ဆင်က ဦးစီးကို သတ်ရန် တစ်နေ့ သုံးကြိမ် ကြံသည်ဟူသော စကားအတိုင်း ဆင်၏ ရန်ကြောင့် သေချင် သေနိုင်သည်။ မိမိချစ်သော မယားကြောင့် လည်း သေချင် သေနိုင်သောကြောင့် မယားကို စိတ်မချရဟု ရေးသားထားပါသည်။ ဤတစ်ပါး-

"မယားဟူသည် ၊ ဤလူ့ပြည်ဝယ်
မကြည်စိတ်က ၊ ဒေါသငြူစူ
အပြစ်ယူသော် ၊ ရန်သူကြီးစစ်
ဖြစ်သောအလား ၊ လွန်မုန်းခါး၍
စိမ်းကားရက်စက်၊ မငဲ့ကွက်ဘူး"

ဟု ရေးသားခဲ့ပါသေးသည်။

မဃဒေဝလင်္ကာသစ်၌ ဖွဲ့ဆိုအပ်သော မိန်းမအပြစ်များ ကား သားကို ဆုံးမခြင်းဖြစ်၍ မိန်းမတို့ကို အပြစ်ပြ၍ ဆုံးမရခြင်း ဖြစ်ပါသည်။ ထိုအပြစ်များသည် မိန်းမတို့၌သာ ရှိကြသည် မဟုတ်။ ယောကျ်ားတို့၌လည်း ရှိကြသည်သာ ဖြစ်ပါသည်။

သို့သော် လင်မယားဟူ၍ ဖြစ်လာကြသောအခါမှမူကား (ကိုယ်သာ ခြားသည်၊ စိတ် မခြားဘူး)ဆိုသကဲ့သို့ ထိုထိုအပြစ် များ သူ့ဘက် ကိုယ့်ဘက်၌ မဖြစ်စေကြဘဲ ချစ်ခင် ကြင်နာစွာ ပေါင်းသင်း နေထိုင်သင့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သည်းခံခြင်းတရား

လောကဌ် သည်းခံခြင်းဆိုသော တရားကို (**ခန္တီ ပရမံ တပေါ တီတိက္ခာ**) အလွန် ပြုနိုင်ခဲ့သော သည်းခံသောအကျင့်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင် ဟောပါသည်။ ဤ သည်းခံခြင်းဟူသောတရားကို လူတိုင်းလူတိုင်း သိသင့်ကြပါသည်။

လောကမှာ မိမိပစ္စည်း သူတစ်ပါးထံ အလကား ပေးခြင်းကို ဒါနဟု ခေါ်ပါသည်။ ဒါနဟူသည် မိမိပိုင်ပစ္စည်းကို မပေးချင်ဘဲ ပေးကြရခြင်း ဖြစ်ပါသည်။ ထိုသို့ ပေးရာ၌ မပေးချင်ဆိုသော လောဘတရား၏ နှိပ်စက်ခြင်းကို သည်းခံ၍ ပေးကြရသည်။ သည်းခံမှု မပါဘဲ ဒါနမဖြစ်ပါ။

ထို့အတူ သီလမှု၊ ဘာဝနာမှုတို့၌လည်း သည်းခံမှု မပါဝင်လျှင် မအောင်မြင်ပါ။ လင်နှင့်မယား ကိစ္စသည်လည်း သည်းခံမှုဟူသော ခန္တီတရားရှိမှသာ အရှည်သဖြင့် လက်တွဲသွားနိုင်ကြပါသည်။ ခန္တီတရား မရှိပါက အရှည်လက်တွဲ မသွားနိုင်ကြပါ။ ခန္ဓာကိုယ် တစ်ခုတည်းဖြစ်သော ရုပ်နှင့် နာမ်သည်ပင် တစ်ခါတစ်ရံ မတည့်ကြပါ။ လင်တစ်ဦး မယားတစ်ဦး ဒြပ်ချင်း ကွဲနေကြသော လင်မယားသည်လည်း ဘယ်လိုပင် ချစ်သည်ဖြစ်စေ တစ်ခါတစ်ရံ စိတ်တိုင်းကျ ဖြစ်မည်ကား မဟုတ်ပါ။ ထိုအခါ သည်းခံခြင်း (ခန္တီ)ကို ကျင့်သုံးခြင်းဖြင့် လင်နှင့်မယား အရှည်တည်တံ့နိုင်ပါသည်။

လောကဌ် လင်မယားဟူ၍ ဖြစ်ခဲ့လျှင် များသောအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



(ရာသက်ပန်) ရည်ရွယ်သူက များလိမ့်မည် ထင်ပါသည်။ သို့သော် ရာသက်ပန် ရည်ရွယ်ရာမှ သွေဖည်ရခြင်းကား အခြားကြောင့်မဟုတ်။ တစ်ယောက်အပေါ် တစ်ယောက် သည်းမခံနိုင်သောကြောင့် ဖြစ်တတ်ပါသည်။

## ရာသက်ပန် လင်နှင့်မယား

ဤနေရာ၌ လင်နှင့်မယား ရာသက်ပန် ချစ်ခင်သွားစေနိုင်သောတရားကို အင်္ဂုတ္တရ အဋ္ဌကထာမှ ထုတ်နုတ် တင်ပြပါဦးမည်။

အခါတစ်ပါး ဘုရားရှင်သည် ရဟန်းများစွာ အခြံအရံနှင့်တကွ ဒေသစာရီ ကြွချီတော်မူစဉ် သံသုမာရဂီရိပြည်၊ ဘေသကဠာတောအုပ်၌ စံနေတော်မူကြောင်း သိကြ၍ မြို့သူမြို့သားအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ဘုရားဖူးရန် ရောက်လာကြ၏။ ထိုဘုရားဖူး လာကြသူများတွင် နကုလပိတာ အမည်ရှိသော သူကြွယ်သည် ဘုရားရှင်အား မြင်သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်၏ ခြေတော်ကို ပြေးဖက်ပြီး "ချစ်သား၊ ဤမျှလောက်သော ကာလကြာအောင် မိဘတို့ကို ခွဲ၍ အဘယ်သို့ သွားနေသနည်း၊ အိမ်၌ ချစ်သား၏ မိခင်သည် ချစ်သားကို စောင့်မျှော်နေသည်၊ အိမ်သို့ လိုက်ခဲ့ပါဦး" ဟု လျှောက်ထားသည်။ ဘုရားရှင်သည် နကုလပိတာသူကြွယ် လျှောက်ထားသည်အတိုင်း အိမ်သို့ လိုက်သွားတော်မူသည်။ အိမ်သို့ရောက်သောအခါသည်း နကုလပိတာ သူကြွယ်၏ဇနီး နကုလမာတာကလည်း ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



အား သူ၏သား ဟူ၍ပင် ပြောပြန်သည်။ ဘုရားရှင်ကလည်း မဟုတ်ဟူ၍ မငြင်း၊ သည်းခံ၍ နေတော်မူသည်။

ထိုအခါ ရဟန်းတော်လောက၌ ပြဿနာ ဖြစ်ပွားလေသဖြင့် ဘုရားရှင်က- "ချစ်သားတို့၊ ဤသူကြွယ် လင်မယားတို့သည် ယခုဘဝ ငါ၏မိဘ မဟုတ်သည်မှာ ထင်ရှား၏။ သို့သော် ရှေးရှေးသော ဘဝက ဤ လင်မယားတို့သည် ဘဝပေါင်း ၅၀၀- ငါ၏ အမိအဘ ဖြစ်ခဲ့ဖူး၏။ ဘဝပေါင်း ၅၀၀- ဘကြီး၊ မိကြီး ဖြစ်ခဲ့ဖူး၍ ဘဝပေါင်း ၅၀၀-ဘထွေး၊ မိထွေး ဖြစ်ခဲ့ကြ၏။ ဘဝပေါင်း ၅၀၀- ဦးလေး၊ ဒေါ်လေး ဖြစ်ခဲ့ကြဖူး၍ ဘဝပေါင်း ၅၀၀- ဦးကြီး၊ အရီး ဖြစ်ခဲ့ဖူး၏။ ဤသို့လျှင် ဘဝတို့တွင် ၎င်းတို့၏ လက်ပေါ်၌ ကြီးပြင်းခဲ့ရဖူးသောကြောင့် ငါ့အား မြင်လျှင်မြင်ချင်း သားဟူ၍ ခေါ်ဝေါ်ခြင်း ဖြစ်ကြသည်"ဟု မိန့်တော်မူ၏။

ထိုလင်မယားတို့ အသက်အရွယ် ကြီးသောအခါ သံသုမာရဂီရိသို့ ဘုရားရှင် ကြွရောက်တော်မူလာပြန်၏။ ဘုရားရှင် ကြွရောက်လာသည်ဟု သတင်းကြား၍ ထိုလင်မယား နှစ်ဦးလုံး ဘုရားရှင်ထံ လာရောက်၍ နောက်နေ့အတွက် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။ 'အရှင်ဘုရား ... တပည့်တော်နှင့် နကုလမာတာတို့သည် ငယ်ရွယ်စဉ်က အိမ်ထောင်ကျခဲ့ပါသည်။ အိမ်ထောင်ကျသည်မှ ယနေ့အထိ တစ်ဦးအပေါ်တစ်ဦး စိတ်အားဖြင့်သော်လည်းကောင်း မပြစ်မှားခဲ့ကြဖူးပါ။ တစ်ဦးအပေါ် တစ်ဦး ချစ်ရုံမျှမက လေးစားလည်း လေးစားခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နောင်ဘဝ ကျန်လျှင်လည်း ယခုလို လေးစား ချစ်ခင်လိုကြပါသည်’ဟု လျှောက်ထား၏။

“အသွင်မတူ အိမ်သူမဖြစ်”ဆိုသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အသွင်အပြင်ချင်း၊ စိတ်ချင်း၊ အယူအဆချင်း အားလုံးတူညီပါက သေမင်းခွဲမှ ကွဲနိုင်ကြပါသည်။ ထို့ကြောင့် ဘုရားရှင်က လင်နှင့်မယားတို့သည်-

သမသဒ္ဓါ - သဒ္ဓါတရားချင်း တူညီသည်။
သမသီလာ - အကျင့်ချင်းလည်း တူညီသည်။
သမစာဂါ - စွန့်ကြဲပေးကမ်းချင်းလည်း တူညီသည်။
သမပညာ - အယူအဆ၊ အတွေးအခေါ်၊ ပညာချင်းလည်း တူညီသည်။

ဤတရားလေးပါး တူညီခဲ့သော် ဤသို့သော လင်မယားသည် ယခုဘဝ၌ ကွဲကွာခြင်း မရှိသည့်အပြင်-

၁။ အကျိုးစီးပွား တိုးတက်ခြင်း၊
၂။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ နေထိုင်နိုင်ခြင်း၊
၃။ ရန်သူများ မနိုပ်စက်နိုင်ခြင်း၊
၄။ မှန်ကန်သောတရားကို ကျင့်ကြံနိုင်ခြင်း-

ဟူသော အကျိုးထူးများ ခံစားရ၍ ယခုဘဝ၌သော်လည်း မဂ်ဖိုလ်ကို ရနိုင်သည်။ ယခုဘဝ မဂ်ဖိုလ် မရခဲ့သော် ကိုယ်လွန်လျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း အကျိုးကို ရနိုင်သည်ဟု ရှင်တော်ဘုရား ဟောကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** သားကေတဇာတ်လာ နကုလပိတာ၊ နကုလမာတာ တို့နှင့် အခြားအရာချင်း တူညီကြပါသည်။ သို့သော် ပေါ်ဟသော တရားချင်းနှင့် နေရာဌာနချင်း မတူညီကြပါ။

## လင်မယား ဖြစ်ပြီးမှ

ဤကမ္ဘာမြေပြင်၌ မိန်းမတွေလည်း များပါသည်။ ယောကျ်ားတွေလည်း များပါသည်။ သို့သော် မိန်းမတိုင်း မယား မဟုတ်ပါ။ ယောကျ်ားတိုင်းလည်း လင် မဟုတ်ပါ။ လင်နှင့် မယား ဟု ဖြစ်ခဲ့ကြသည်မှာ တူညီသော ရေစက်၊ ပန္နက်သော သစ္စာဟု ဆိုကြသည့်အတိုင်း လွန်ခဲ့သော ဘဝများစွာက တူညီသော သဒ္ဓါ၊ တူညီသော သီလ၊ တူညီသော စာဂ၊ တူညီသော ပညာ ရှိခဲ့ကြ၍ ယခုဘဝ လင်မယားဟူ၍ ဖြစ်ခဲ့ကြသည်။

လင်မယားအချစ်သည် တဏှာအချစ်ဖြစ်၍ မေတ္တာချစ် လောက်မူကား မကောင်းပါ။ တဏှာချစ်အတွင်း ဒေါသဝင်၍ ကွဲရခြင်းကား ပိုမို၍ မကောင်းပါ။ ထို့ကြောင့် ထွက်ပြီးသော ဆင်စွယ် ဝင်တယ်ဟု မရှိသကဲ့သို့ ချစ်ပြီးသော မေတ္တာကိုလည်း ဒေါသဘက် ယိုင်လဲ၍ ကွဲကွာခြင်း မဖြစ်ကြစေရန် သည်းခံ စောင့်ရှောက်သင့်ကြပါသည်။

## ဦးနှောက် နှင့် နှလုံး

သတ္တဝါတို့၏ စိတ်ဓာတ်သည် ဦးနှောက်ကို စွဲ၍ ဖြစ် သည်။ နှလုံးကို စွဲမှီ၍ ဖြစ်သည်ဟု ယနေ့တိုင် အငြင်းပွားနေကြဆဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် အချစ်ကိုစွဲဦးမှုကား နှလုံးနှင့် ချစ်သည်။ ဦးနှောက်နှင့် စဉ်းစားသည်ဟု ဆိုရိုးရှိကြပါသည်။

နှလုံးနှင့် ချစ်သည်ဆိုခြင်းကား လှပတင့်တယ်သော ရုပ်အဆင်းရှိသူ မှန်သမျှ မြင်သူတကာက ချစ်တတ်ကြပါသည်။ အတူတကွ နေထိုင်၊ မြင်ပါများသောကြောင့်လည်း ထိုသူအပေါ် ချစ်စိတ် ဖြစ်ခဲ့တတ်ကြပါသည်။ ထိုအချစ်သည်ကား ဦးနှောက် မပါသော နှလုံးအချစ်မျှသာ ဖြစ်ပါသည်။

နှလုံးက ချစ်သော်လည်း ဦးနှောက်မှ စဉ်းစားဉာဏ် ရှိရပါဦးမည်။ ဦးနှောက်မပါသော အချစ်ကား ခွေးချစ်၊ ဝက်ချစ်၊ အရူးချစ်၊ အနှမ်းချစ်မျိုး ဖြစ်တတ်ပါသည်။

ပဋာစာရီသည် အိမ်စေကျွန်နှောက်သို့ လိုက်ပြေးသည်။ ထိုအချစ်ကား နှလုံးသားအချစ်မျှသာ ဖြစ်၍ ဦးနှောက်မပါချေ၊ ဦးနှောက်မပါသောကြောင့် နှောင်သောအခါ ဆင်းရဲအကြီးအကျယ် ကြုံတွေ့ကာ ရူးသွားရရှာသည်။

ကုဏ္ဍလကေသီသည် အရိုက်ခံရသော သူခိုးကို သနားရာမှ မေတ္တာစိတ်ဝင်ကာ လင်သားအဖြစ် တင်မြှောက်ခဲ့သည်။

ယခုမြင်၍ ယခုချစ်သော အချစ်သည်ကား ရှေးကအတူတကွ ပေါင်းဖော်ခဲ့ဖူးသော ပုဗ္ဗသန္နိဝါသကြောင့်ကား အလွန်နည်းပါး၍ များသောအားဖြင့် စဉ်းစားဉာဏ် ဦးနှောက် မပါသော နှလုံးသားအချစ်မျှသာ ဖြစ်ပါသည်။ ထိုနှလုံးသား အချစ်သည် ဦးနှောက်ဉာဏ် မပါသောကြောင့် အလွန် များတတ်သော အချစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုး ဖြစ်ပါသည်။

ကုဏ္ဍလကေသီသည် နှလုံးသားအချစ်ဖြင့် သူခိုးကို လင်သားအဖြစ် တင်မြှောက်ခဲ့သည်။ သို့သော် သူခိုးက သူခိုးစိတ်မကုန်၍ သူ ဆင်မြန်းထားသော ရွှေငွေကို ရချင်၍ သူ့ကိုသတ်ရန်ကြံသောအခါ စောစောက သူ အလွန်ချစ်လှ၍ သေလုမတတ်စွဲလမ်းသော လင်သူခိုးကို ကိုယ်တိုင် သတ်ခဲ့ရသည်။

ပဋာစာရီသည် ဦးနှောက်ဉာဏ်ကို မသုံး၊ နှလုံးသားအချစ်မျှဖြင့် ကျေးကျွန် ဒါသကို လင်အဖြစ် ပေါင်းသင်းခဲ့၍နောက်ဆုံး အရူးမဖြစ်သည့်တိုင်အောင် ဆင်းရဲခြင်း ကြုံခဲ့ရသည်။

ထို့ကြောင့် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ နှလုံးသားအချစ်ကား ချစ်မက်ဖွယ် အာရုံရှိလျှင် မည်သူ့ကိုမဆို ချစ်တတ်ကြပါသည်။ သို့သော် ဦးနှောက်မပါသော နှလုံးသားအချစ်ကား ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း ကင်း၍မကြာမီ ဆင်းရဲခြင်း ကြုံရတတ်ပါသည်။

တစ်ရံရောအခါက မြန်မာအမျိုးသမီးတစ်ယောက်သည်မြန်မာအမျိုးသားတစ်ယောက်နှင့် နံနက်အချိန်က လက်ထပ်သည်။ ညအချိန် ရောက်သောအခါ ထိုအမျိုးသားနှင့် မပေါင်းနိုင်ပါဟု ကွာရှင်းလေသည်။ အကြောင်းကို လေ့လာသောအခါညအချိန် အိပ်ခန်းဝင်ကြသောအခါ လင်ဖြစ်သူက အနောက်ဘက်သို့ ဦးခေါင်းထား၍ အိပ်သည်။ မယားက အရှေ့ဘက်သို့ဦးခေါင်းထားလိုသည်။ ဤအရေးကြောင့် လင်မယား ကွဲကြသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုပါသည်။ အရှေ့ခေါင်းထား၊ အနောက်ခေါင်းထားခြင်းကား အမှတ်မဲ့ဆိုလျှင် ရယ်စရာလိုလို ဖြစ်သော်လည်း အချို့သော ပုဂ္ဂိုလ်တို့၏ အယူအဆကား အရပ်မျက်နှာကိုပင် ပြင်းပြင်း ထန် ထန် ယူဆ စွဲလမ်းခြင်း ဖြစ်တတ်ကြပါသည်။

ရှင်သာရိပုတ္တရာသည် အဿဇိမထေရ်ဟောသော '**ယေ ဓမ္မာ ဟေတုပ္ပဘဝါ...**' စသော ဒေသနာတော်ဖြင့် သောတာပန် တည်ခဲ့ပါသည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာသည် အဿဇိ မထေရ်မြတ်အား အလွန် ကြည်ညိုသဖြင့် အဿဇိမထေရ်ရှိရာ အရပ်သို့ ဦးခေါင်းပြု၍ အိပ်စက်တတ်သည်။ အကြောင်းရင်းကို မသိသော အချို့သော ရဟန်းတော်များက ရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံ၌ သင်္ကန်းဝတ်ဆင်၍ နေသော်လည်း ၎င်း၏ ဗြဟ္မဏ ဝါဒကို မစွန့်နိုင် အရပ်မျက်နှာများကို ရှိခိုးသည်ဟု စွပ်စွဲကြကာ ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က ရှင်သာရိပုတ္တရာ အား ရဟန်းပရိသတ်အလယ် ခေါ်ယူ မေးမြန်းသောအခါမှ ရှင်သာရိပုတ္တရာအပေါ် ယုံမှားခြင်း ကင်းခဲ့ကြပါသည်။

ထို့ကြောင့် အရပ်မျက်နှာသည် သာမန်အားဖြင့် အရေး မကြီးသော်လည်း အရေးကြီးသည်ဟု ယူဆသော ဘာသာများ လည်း ရှိနေပါသည်။

ထို့ကြောင့် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ အိမ်ထောင် ဘက် ရွေးချယ်သောအခါ နှလုံးသားတည်းဟူသော အချစ်ကို ချည်း မကြည့်ဘဲ ဦးနှောက်နှင့် ဆင်ခြင် စဉ်းစားပြီး လင်ဖြစ်၊ မယားအဖြစ် ယူသင့်မှ ယူကြသင့်ပါသည်။ သို့မဟုတ်ပါက

www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုလည်း ကိုယ်မလိုက်နိုင်။ ကိုယ့်အလိုလည်း သူမလိုက်နိုင်နှင့် လွန်စွာ ဆင်းရဲခြင်း ကြုံတွေ့ကြရတတ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ရှေးအခါက ဗုဒ္ဓသာသနာတော်ထွန်းလင်းရာဌာန ဖြစ်ခဲ့သည်။ နောင်အခါ မွတ်စလင်ဘာသာဝင်များ အရောင်းအဝယ်ဖြင့် ရောက်ခဲ့ရာမှ အင်ဒိုနီးရှား အမျိုးသမီးများသည် ဦးနှောက်ဖြင့် မစဉ်းစားဘဲ နှလုံးသားအချစ်ဖြင့် မွတ်စလင်ဘာသာဝင်များကို ယူကြရာမှ မွတ်စလင် ဘာသာလွှမ်းမိုး၍ ယနေ့ အင်ဒိုနီးရှားသည် မွတ်စလင်သာသနာ ထွန်းကားသော ပြည်အဖြစ်သို့ ဆိုက်ရောက်ခဲ့ပါသည်။ ထို့ကြောင့် ယောကျ်ား၊ မိန်းမ နှစ်ဦးအနက် လင်မယားကိစ္စတွင် မိန်းမသည် အလွန် အရေးကြီးလှသဖြင့် နှလုံးသားအချစ်မျှကို အရေးမထားဘဲ ဦးနှောက်ဖြင့် များများ ဆင်ခြင်သင့်ကြပါသည်။

အဘယ်ကြောင့်ဆိုသော် ယောကျ်ားသည်ကား သန္ဓေသား လွယ်ရသူမဟုတ်၍ သန္ဓေသား လွယ်ရသော အမျိုးသမီးက ပိုလို့ အရေးကြီးသောကြောင့် ဖြစ်ပါသည်။

ပုခက်တစ်လုံးနှင့် အပစ်ထားခံရသည်မှာ မိန်းမ ဖြစ်ပါသည်။ ယောကျ်ားကား တစ်မယား မကောင်း၊ တစ်မယား ပြောင်းသော် ဘာမျှ အရေးမကြီးသော်လည်း မိန်းမသည်ကား တစ်လင်မကောင်း တစ်လင်ပြောင်း၍ မသင့်လျော်ပါ။ ထို့ကြောင့် လင်မယားအရေးတွင် မိန်းမဖြစ်သူသည် ဦးနှောက်ကို များများ အသုံးပြုသင့်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## လင်နှင့်မယား

လင်ဖြစ်သူနှင့် မယားဖြစ်သူသည် တစ်စုံတစ်ရာ ဆွေမျိုးတော်စပ်ကြသူများ မဟုတ်ကြပါ။ အချစ်တည်းဟူသော ကြိုးဖြင့် အချည်အနှောင် ခံကြရ၍ အတူတကွ လင်မယား ဖြစ်ခဲ့ကြသည်။

ထို့ကြောင့် လင်နှင့် မယားအကြားတွင် အချစ်ဟူသော ကြိုးမှတစ်ပါး ဘာမျှ မရှိကြပါ။ အချစ်ဟူသော ကြိုးကို ပယ်ဖျက်လိုက်ပါက လင်မယားအဖြစ်မှ ရပ်စဲသွားနိုင်ပါသည်။ သို့သော် လင်မယားဆိုသည်မှာ မိန်းမတိုင်းလည်း မယားမဖြစ်သကဲ့သို့ ယောကျ်ားတိုင်းလည်း လင်မဟုတ်ကြပါ။

ထိုယောကျ်ားနှင့် ထိုမိန်းမတို့၏ အကြားဝယ် 'ပုဗ္ဗေဝ သန္နိဝါသ- ရှေးက အတူတကွ နေခဲ့ကြဖူးခြင်း'၊ 'ပစ္စုပ္ပန္န ဟိတေန- ယခုဘဝတွင် တစ်ဦးအကျိုး တစ်ဦး သယ်ပိုးရွက်ဆောင်ခဲ့ဖူးခြင်း' ဤအကြောင်းရင်းနှစ်ပါး အဆက်အစပ်ဖြင့် လင်မယားဟူ၍ ဖြစ်ခဲ့ကြပါသည်။ လင်မယားဖြစ်စေသော ဤအကြောင်းတရား နှစ်ပါးလည်း အလွန် အားနည်းလှပါသည်။ အဘယ်ကြောင့်ဆိုသော် သံသရာခရီးနှင့် တွက်ပါက အမိ၊ အဖ၊ လင်၊ မယား၊ သားသမီး မဖြစ်ခဲ့ဖူးသူ မရှိခြင်းနှင့် ယခုဘဝ တစ်ဦးနှင့် တစ်ဦး အသက်ချင်းပေး၍ အတူတကွ လုပ်ကိုင်နေကြရာမှ အကြောင်းတစ်ပါးပါးဖြင့် ထိုမိတ်ဆွေရင်းကိုပင် ရက်စက်တတ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လင်နှင့်မယားဟု ဖြစ်လာလျှင် အချစ်တစ်ခု

www.burmeseclassic.com



တည်း အားကိုးရုံမျှနှင့် မလုံလောက်ပါ။ အချစ်မှတစ်ပါး တစ်ဦး အပေါ် တစ်ဦး ငဲ့ညှာနိုင်သော ဝတ္တရားများကိုလည်း ထည့်သွင်း ရေတွက်ရပါသည်။

## မယားက လင်အပေါ် ပြုစုထိုက်သော ဝတ္တရားများ

လင်မယား ပြုစုထိုက်သော ဝတ္တရားများကို သိင်္ဂါလသုတ်၌ ဘုရားရှင် ဟောကြားထားပါသည်။ ဤသိင်္ဂါလသုတ်သည် သုတ်သုံးကျမ်းတို့တွင် ပါထိကဝဂ် ပါဠိတော်၌ ပါဝင်ပါသည်။ သိင်္ဂါလသုတ်၏ အကျဉ်းချုပ်မှာ-

ဘုရားရှင် ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတော်၌ စံပျော် တော်မူစဉ် ရာဇဂြိုဟ်မြို့တွင်း၌ သိင်္ဂါလအမည်ရှိသော လုလင် တစ်ယောက်ရှိ၏။ ထိုလုလင်သည် သူ၏ဖခင် ကွယ်လွန်ခါနီး တွင် အရပ်မျက်နှာများကို အရိုအသေပြုကျင့်ရန် မှာကြားခဲ့သဖြင့် ဖခင်စကားကို အလေးအမြတ်ပြု၍ နံနက်တိုင်း အရပ်မျက်နှာ များကို ရှိခိုးရန် ထွက်လာသည်။

ထိုအချိန်တွင် ဘုရားရှင် ဆွမ်းခံထွက်လာခိုက်နှင့် ကြုံ သဖြင့် အဘယ်ကြောင့် အရပ်မျက်နှာတို့ကို ရှိခိုးသနည်းဟု မေးတော်မူသည်။

သိင်္ဂါလသတို့သားက ဖခင်ကွယ်လွန်ခါနီး မှာကြားသွား သောကြောင့် အရပ်မျက်နှာများကို ရှိခိုးပါသည်ဟု လျှောက်ထား သည်။ ထိုအခါ ဘုရားရှင်က- "သိင်္ဂါလ... ငါဘုရား၏ သာသနာတော်၌ အရပ်မျက်နှာတို့ကို ရှိမခိုးအပ်" ဟု မိန့်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



လျှင် သိင်္ဂါလက- ''မြတ်စွာဘုရား၏ သာသနာတော်၌ ရှိခိုး အပ်သောအရာသည်ကား အဘယ်ပါနည်း''ဟု လျှောက်ထား သဖြင့် ဤသိင်္ဂါလသုတ်ကို ဟောတော်မူပါသည်။

''သိင်္ဂါလ.. ငါဘုရားသာသနာတော်၌ အရပ်မျက်နှာများ ကို အမှန်တကယ် ရှိခိုးရန် မလို။ လုံခြုံစေခြင်းငှာသာ လိုသည်။ လုံခြုံရန်လိုသော အရပ်မျက်နှာတို့ကား **မိဘနှစ်ပါးတို့သည် အရှေ့ မျက်နှာ** မည်၏။ အရှေ့မျက်နှာမည်သော မိဘတို့ကို အဘယ်သို့ လုံခြုံစေရမည်နည်းဟူမူကား သားသမီးများသည် အရှေ့အရပ် မည်သော မိဘတို့ကို-

၁။ ငါ့မိ၊ ငါ့ဖတို့သည် ငါတို့ကို ကြီးအောင် မွေးမြူခဲ့ကြ သည်။ ငါတို့ကလည်း မိဘများကို ပြန်လည် မွေးမြူ အံ့ဟု မိဘတို့၏ အမှုကိစ္စတို့ကို ကိုယ်ဖိရင်ဖိ ပြုလုပ် ပေးကြရမည်။

၂။ မိဘတို့၏ ဥစ္စာကို မပျက်မစီး တိုးပွားအောင် ထိန်း သိမ်းရမည်။ မိဘတို့၏ ကုသိုလ်ဝတ်ကို မပျက်မစီး အောင် ထိန်းသိမ်းရမည်။ မိဘတို့၏ အမျိုးအနွယ်ကို မပျက်မစီးအောင် ထိန်းသိမ်းရမည်။

၃။ မိဘတို့၏ အမွေအနှစ်ကို ခံယူထိုက်အောင် မိဘတို့၏ အဆုံးအမကို လိုက်နာရမည်။

၄။ ကွယ်လွန်ကုန်သော မိဘတို့အတွက် အလှူပေး၍ အမျှ ပေးဝေရမည်။

၅။ ဆွေမျိုးဉာတိများကို စောင့်ရှောက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတရားငါးပါးကား အရှေ့မျက်နှာနှင့် တူကုန်သော မိဘတို့အား သားသမီးများက လုပ်ကျွေးခြင်း တရားငါးပါးတို့ ဖြစ်လေသည်။

ဤသည်ကို ရည်ရွယ်၍ ရှေးဆရာမြတ်တို့က-

**"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"** ဟု မိန့်မှာတော်မူခဲ့ကြသည်။

အရှေ့အရပ်နှင့် တူကုန်သော မိဘတို့ကလည်း သားသမီးများကို-

၁။ မကောင်းမှုမှ တားမြစ်ခြင်း၊

၂။ ကောင်းမှု၌ သက်ဝင်စေခြင်း၊

၃။ အတတ်ကို သင်စေခြင်း၊

၄။ အရင်းအနှီးကို ပေးခြင်း၊

၅။ ထိမ်းမြားမင်္ဂလာပြုခြင်း၊

ဤတရား ငါးပါးတို့ဖြင့် ပြန်လည် ဝတ်ပြုကြရမည်။ ထိုဝတ္တရားငါးပါးကို ရှေးဆရာတို့က-

**"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"** ဟု ရေးဖွဲ့တော်မူခဲ့ကြသည်။

မိမိတို့အား သင်ကြားပြသပေးသော ဆရာသည် တောင်အရပ်မျက်နှာနှင့် တူ၏။ **တောင်အရပ်မျက်နှာနှင့်** တူကုန်သော ဆရာသမားတို့အား တပည့်ဖြစ်သူများက-

www.burmeseclassic.com

www.burmeseclassic.com



၁။ ဆရာကြွလာလျှင် နေရာမှထ၍ ကြိုဆိုရမည်။

၂။ ဆရာ့ထံပါး ခစားရမည်။ ပညာသင်ယူရာ၌ ထံပါး ချဉ်းကပ်ရမည်။ ဆရာ့စကားကို နားထောင်ရမည်။

၃။ ဆရာကြွလာလျှင် ရိုသေ လေးမြတ်စွာဖြင့် ခရီးဦး ကြိုဆိုရမည်။

၄။ ဆရာ့ကို ရိုသေစွာ လုပ်ကျွေးရမည်။

၅။ အတတ်ပညာကို ရိုသေစွာ သင်ကြားရမည်။

ဤတရားငါးပါးသည်ကား တောင်မျက်နှာနှင့် တူသော ဆရာသမားများကို တပည့်များက ပြုကျင့်ရမည့် ဝတ္တရားငါးပါး ဖြစ်သည်။ ထိုဝတ္တရား ငါးပါးကို ရှေးဆရာတို့က-

**"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"** ဟု ရေးဖွဲ့တော်မူခဲ့ကြပါသည်။

တပည့်က ဆရာကို ဝတ္တရားငါးပါးနှင့် ပြုကျင့်ရသကဲ့သို့ ဆရာကလည်း တပည့်များကို ဝတ္တရားငါးပါးဖြင့် ပြုကျင့်ရမည်။ ဝတ္တရားငါးပါးကား-

၁။ အတတ်ပညာကို ကောင်းစွာ သင်ပေးရမည်။

၂။ ဆုံးမ သွန်သင်ရမည်။

၃။ ပညာကို မချန်မချွင်း သင်ပေးရမည်။

၄။ ဘေးရန်ကို ကာကွယ်ရမည်။

၅။ အတတ်သင်ရန် ဆရာကောင်းထံ အပ်နှံပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတရားငါးပါးကား ဆရာဖြစ်သူက တပည့်အပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်ငါးပါး ဖြစ်သည်။

ဤကျင့်ဝတ်ငါးပါးကို ရှေးဆရာများက-

**"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ...**"ဟု ရေးဖွဲ့ခဲ့ကြသည်။

**မယားသည် အနောက်အရပ်မျက်နှာနှင့် တူသည်။** အနောက်အရပ်မျက်နှာနှင့်တူသော မယားကို လင်ဖြစ်သူက ဝတ္တရားငါးပါး ဖြင့် ပြုစုရမည်။ လင်က ပြုအပ်သော ဝတ္တရားငါးပါးကား-

၁။ မယားကို မြတ်မြတ်နိုးနိုး ပြောဆိုရမည်၊ နှိမ့်ချ၍ မပြောဆိုရခြင်း၊

၂။ မိမိမယားအပေါ် သစ္စာရှိ၍ အခြား အပျော်အပါး မလိုက် စားရခြင်း၊

၃။ ပစ္စည်းဥစ္စာကို အပ်နှင်းရခြင်း၊

၄။ အဝတ်တန်ဆာကို ဆင်ယင်ပေးရခြင်း၊

၅။ မိမိမယားအပေါ် မြတ်နိုး ချစ်ခင်ရခြင်း၊

ဤဝတ္တရား ငါးပါးတို့က အနောက်မျက်နှာနှင့်တူသော မယားအပေါ် လင်ဖြစ်သူက ပြုစုအပ်သော ဝတ္တရားငါးပါး ဖြစ်သည်။ ဤဝတ္တရား ငါးပါးကို ရှေးဆရာတို့က-

**"မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ**"ဟု ရေးဖွဲ့ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မယားအပေါ် လင်ဖြစ်သူက ပြုကျင့်အပ်သော ဝတ္တရား ရှိသကဲ့သို့ မယားဖြစ်သူကလည်း ကျင့်ဝတ္တရား ငါးပါးဖြင့် လင် ကျေနပ်အောင် ပြုစုရသည်။

မယားပြုအပ်သော ဝတ္တရားငါးပါးကား-

၁။ အိမ်မှုကိစ္စကြီးငယ်တို့ကို ကောင်းစွာ ပြုလုပ်ရမည်။

၂။ လင်ဘက်။ မိမိဘက်မှ ဆွေမျိုးများကို ခွဲခြားခြင်းမပြုဘဲ ချီးမြှောက်ရမည်။

၃။ မိမိလင်မှတစ်ပါး အခြားသော ယောကျ်ားနှင့် ဖောက်ပြားခြင်း မပြုရ။

၄။ လင် ရှာဖွေ အပ်နှံထားသော ပစ္စည်းများကို ကောင်းစွာ စောင့်ရှောက်ရမည်။

၅။ ထကြွ ဖျတ်လတ်၍ ပျင်းရိခြင်း မရှိရ။

ဤတရားငါးပါးကား မယားက လင်အပေါ် ပြုစုအပ် သော ဝတ္တရား ငါးပါး ဖြစ်သည်။

ဤတရား ငါးပါးတို့ကို ရှေးဆရာတို့က-

**"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျှော်အောင်ဖြန့်ချီ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ"** ဟု လင်္ကာဖွဲ့ဆိုတော်မူခဲ့ကြသည်။

**အဆွေခင်ပွန်းကောင်းတို့သည် မြောက်အရပ်နှင့် တူကုန်** သည်။ မြောက်အရပ်နှင့် တူကုန်သော အဆွေခင်ပွန်းကောင်းတို့ အားလည်း-

www.burmeseclassic.com



"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြုစုကြရမည်။

အခိုင်းအစေ အခြံအရံများကား အောက်အရပ်နှင့် တူကြသည်။ အောက်အရပ်နှင့် တူကုန်သော အခိုင်းအစေ အခြံအရံများကိုလည်း-

"ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာကျင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ် မချွတ်ငါးခုသာ"ဟုဆိုသည့် ဝတ္တရားငါးပါးဖြင့် ပြုစု စောင့်ရှောက်ရမည်။

အောက်အရပ်နှင့်တူသော အစေခံ အခြံအရံတို့ကလည်း-

"အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်အစေခံ" ဟူသော ဝတ္တရားငါးပါးဖြင့် ပြန်လှန် ပြုစုရမည်။

အထက်အရပ်ဆိုသည်ကား ဒါယကာများ ကိုးကွယ်ထားကြသော ရဟန်းတော်များတည်း။ ရဟန်းတော်များသည် ဒါယကာများအား-

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု ဝတ်မွှော"ဆိုသော ဝတ်ခြောက်ပါးကို မပျက်ပြားစေဘဲ တရားမျှတစွာ ဝတ္တရား ကျေပွန်စွာ ပြုကျင့်ရမည်။

ရဟန်းတော်က ဝတ္တရား ခြောက်ပါးဖြင့် ဒါယကာများအား

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြား ပြုစုရသကဲ့သို့ ဒါယကာများကလည်း-

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ"ဟူသော ဝတ်ငါးပါးနှင့် ပြန်လည် ပြုစုရမည်။

ဤသို့လျှင် မိဘတို့သည် 'အရှေ့အရပ်'၊ ဆရာတို့သည် 'တောင်အရပ်'၊ သားမယားတို့သည် 'အနောက်အရပ်'၊ အဆွေခင်ပွန်းသည် 'မြောက်အရပ်'၊ အစေခံတို့သည် 'အောက်အရပ်'၊ ရဟန်းတော်များကား 'အထက်အရပ်'ဟု အရပ်ခြောက်ပါး ဘုရားဟောထားပါသည်။ ထိုထို အရပ်မျက်နှာတို့၌ လုံခြုံမှု မရှိခဲ့လျှင် ဘေးရန် အန္တရာယ်များ ကျရောက်လာတတ်သကဲ့သို့ အရပ်ခြောက်မျက်နှာနှင့်တူသော ပုဂ္ဂိုလ်တို့၌ ပြုကျင့်ရမည့် ဝတ္တရားများသည်လည်း အရပ်မျက်နှာကို လုံခြုံစေပါသည်။

ထိုအရပ်မျက်နှာခြောက်ပါးတို့တွင် မယားသည် အနောက်မျက်နှာ ဖြစ်သည်။ အနောက်မျက်နှာဖြစ်သော မယားအပေါ်၌ လင်က ပြုကျင့်ရမည့် ဝတ္တရား၊ မယားက လင်၏အပေါ် ပြုကျင့်ရမည့် ဝတ္တရားတို့ကို လေးလေးနက်နက်ထား၍ ပြုကျင့်ခဲ့ပါက အနောက်မျက်နှာသည် လုံခြုံ၍ လင်ကွဲ၊ မယားကွဲအဖြစ်မျိုးကို မည်သည့်အခါမျှ မရောက်နိုင်ပါ။

စာရေးသူ ငယ်ရွယ်စဉ်က ကိုသန်းဆွေဆိုသူနှင့် သိပါသည်။ ကိုသန်းဆွေကို သူ၏ မိဘများက မယား ပေးစားခဲ့ကြသည်။ သို့သော် ကိုသန်းဆွေကား မိဘပေးစားသော မယားကို

www.burmeseclassic.com

www.burmeseclassic.com



မချစ်ပါ။ မချစ်သည်မှာ ရုပ်မချောသောကြောင့် ဖြစ်ပါသည်။ ကိုသန်းဆွေ၏ မယားကား မလှတင့်ပါတည်း။ မလှတင့်သည် ကိုသန်းဆွေက သူ့ကို မချစ်ဖူးဆိုသည်ကို သိပါသည်။ သူကမူ ကိုသန်းဆွေအပေါ် အလွန် ချစ်ဟန်ကို ပြပါသည်။ လင် အလုပ်က ပြန်လာလျှင် ပုဆိုးအင်္ကျီ လဲပေးသည်။ ရေချိုးရန် ရေအသင့် ခပ်ပေးသည်။ အစား ကောင်းကောင်းစားရန် ချက်ပြုတ်ပေးသည်။ ကိုသန်းဆွေက ဆဲလျှင်လည်း သည်းခံသည်။ ရိုက်လျှင်လည်း သည်းခံသည်။ ရက်အတန် ကြာလာသောအခါ ကိုသန်းဆွေသည် မလှတင့်အပေါ် တစ်စတစ်စ ချစ်ခင်လာပါသည်။

နောင်သောအခါ သူတို့လင်မယား ရန်ဖြစ်သည်ကိုပင် မကြားရပါ။ တစ်သက်လုံး ချစ်ခင်သွားကြပါသည်။

## မယားအပြား ခုနစ်ပါး

လောက၌ မယားဟူသည် လင်၏သက်ထားမှန်း သိကြပါသည်။ သို့သော် လင်၏သက်ထား ထိုမယားသည် မယားအမည်အားဖြင့် တစ်မျိုးတည်းရှိသော်လည်း အင်္ဂုတ္တရ၊ သတ္တကနိပါတ် အရိယာသုတ်၌မူကား မယားခုနစ်မျိုးရှိကြောင်း ဘုရားရှင် ဟောထားပါသည်။ ထိုအကြောင်းကို ရေးသား ဖော်ပြပါဦးမည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇေတဝန်ကျောင်းတော် ဒါယကာ အနာထပိဏ်သူဌေး၏သားသည် သုဇာတာမည်သော သတို့သမီးနှင့် လက်ထပ်၍ သုဇာတာသည် လင်ဖြစ်သူနေရာ

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေး၏ အိမ်သို့ လိုက်ပါလာသည်။ ထိုသုဇာတာ အမျိုးသမီးကား ဝိသာခါ၏ ညီမငယ်အရင်းဖြစ်၏။ ဝိသာခါကား ရွှေဆိတ်ရုပ်ပေါက်သော မေဏ္ဍကသူဌေး၏ သား ဓနဥ္စယသူဌေး၏မယား သုမနဒေဝီ၏သမီးဖြစ်၍ သုဇာတာသည်လည်း သူဌေးမျိုးရိုး ဖြစ်၏။ လောက၌ ငါတကားဟု ထောင်လွှားတတ်သော မာနတရားသည် ဥစ္စာရှိသူ၌ ဥစ္စာကို မှီ၍ မာနဖြစ်တတ်၏။ ပညာရှိသူ၌ ပညာကိုမှီ၍ မာနဖြစ်တတ်၏။ အဆင်းရှိသူကား အဆင်းကို မှီ၍ မာနဖြစ်တတ်၏။ ဆွေမျိုးရှိသူ၌ ဆွေမျိုးကို မှီ၍ မာနဖြစ်တတ်၏။ မိမိ၌ ဘာမျှမရှိသည့်တိုင် သူတို့အောက်ကျသော ငါက ဘာအရေးစိုက်ရမှာလဲဟု မရှိမာန် ဖြစ်တတ်၏။

အနာထပိဏ်ချွေးမ သုဇာတာသည်ကား ပစ္စည်းချမ်းသာသော သူဌေး မျိုးရိုးတည်း။ ထို့ကြောင့် လင့်အိမ်သို့ လိုက်ပါလာရသည့်တိုင်အောင် မာနက ကြီးဆဲဖြစ်နေသည်။ ထိုမာနကြောင့် ယောက္ခမများကိုလည်း ဂရုမစိုက်ချေ။ လင်ကိုလည်း အရေးမထားချေ။ အခြားသောသူတို့ကိုမူကား ဆိုဖွယ်ရာမရှိ။ စကားဆိုလျှင်လည်း ဘောက်ဆတ်ဆတ် ငေါက်ငမ်းငမ်း ပြောဆိုတတ်လေသည်။

တစ်ရက်တွင် ဘုရားရှင်အား ဆွမ်းဘုဉ်းပေး ပင့်လျှောက်သဖြင့် အနာထပိဏ်သူဌေးအိမ်သို့ ကြွသွားသည်။ အနာထပိဏ်သူဌေး၏အိမ်ကား ခါတိုင်းကဲ့သို့ တိတ်ဆိတ်မှု မရှိ။ အော်သံ၊ ဟောက်သံ၊ ဆူညံသံများကို ဘုရားရှင် ကြားနေရသည်။ ထို့ကြောင့် အနာထပိဏ်သူဌေးအား-

www.burmeseclassic.com

www.burmeseclassic.com



"သူကြွယ်၊ သင့်အိမ်တွင် ငါးရောင်းသော ဈေးသည်များ ရန်ဖြစ်ကြသကဲ့သို့ အဘယ့်ကြောင့် ဆူပူသံ ဖြစ်နေသနည်း"ဟု မေးတော်မူသည်။ ဘုရားရှင် မေးသံကို ကြားသဖြင့် သုဇာတာ သည် အခိုင်းအစေများကို ငေါက်ငမ်းရာမှ ယောက္ခမကြီး ငါ့ အကြောင်း ဘာများ ပြောမည်နည်းဟု မနီးမဝေး၌ ရပ်ကာ နားထောင်နေသည်။ ထိုအခါ သူဌေးကြီးက-

"အရှင်ဘုရား၊ သုဇာတာမည်သော ချွေးမကို ချမ်းသာ သောအမျိုးမှ ဆောင်ယူခဲ့ပါသည်။ သုဇာတာသည် အဘိုးအဘွား မိဘများက လွန်စွာ ချမ်းသာပါသော်လည်း ဖင်းကိုယ်တိုင်မှုကား ယဉ်ကျေးမှု မရှိပါ။ ယောက္ခမကို ယောက္ခမမှန်း မသိ။ လင်ကို လင်မှန်း မသိ။ ယုတ်စွအဆုံး ဘုရားရှင်ကိုပင် ဘုရားရှင်မှန်း မသိ။ အလွန် ငါတကော ကောတတ်သော အမျိုးသမီးဖြစ်၍ ယခု ဆူပူသံသည် သုဇာတာ၏ ဆူပူသံ ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားလိုက်သည်။

ထိုအခါ ဘုရားရှင်က မနီးမဝေးမှ ရပ်နားထောင်နေသော သုဇာတာအား 'သုဇာတာ လာဦး'ဟု ခေါ်တော်မူလိုက်သည်။ သုဇာတာကား မာနသာ ကြီးနေသည်။ ဘုရားရှင်နှင့် စိမ်းသူကား မဟုတ်၍ အနီးသို့ လာရောက် ရှိခိုးလျက် ထိုင်နေလေသည်။

ထိုအခါ ဘုရားရှင်က "သုဇာတာ၊ လောက၌ မယား ခုနစ်မျိုး ရှိသည်ကို သင် သိသလော"ဟု မေး၏။

"မသိပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မသိလျှင် နားထောင်လော့၊ လောက၌ မယားမျိုး ခုနစ်ပါးအပြား ရှိသည်။ **မယား ခုနစ်ပါးဆိုသည်ကား-**

၁။ သူသတ်နှင့်တူသော မယား၊

၂။ ခိုးသူနှင့်တူသော မယား၊

၃။ အရှင်သခင်နှင့်တူသော မယား၊

၄။ အမိနှင့်တူသော မယား၊

၅။ နှမနှင့်တူသော မယား၊

၆။ အဆွေခင်ပွန်းနှင့်တူသော မယား၊

၇။ ကျွန်မနှင့်တူသော မယားတို့ ဖြစ်ကြသည်။

မယားခုနစ်မျိုးအနက် သူသတ်နှင့်တူသော မယားဆိုသည်ကား အမျက်ဒေါသကြီးသော မယား၊ လင်၏ အစီးအပွားကို ဖျက်ဆီးသော မယား၊ လင်ကြီးကို ပစ်၍ လင်ငယ်ကို ချစ်သော မယားတို့သည် **သူသတ်နှင့်တူသော မယားတို့** ဖြစ်ကြလေသည်။

ခိုးသူနှင့်တူသော မယားဟူသည်ကား လင်က ရှာဖွေ အပ်နှံအပ်သော ပစ္စည်းများကို လင်မသိအောင် တိတ်တဆိတ် အပြင်သို့ ထုတ်တတ်သော မယားသည် **ခိုးသူနှင့်တူသော မယား** မည်၏။

အရှင်သခင်နှင့် တူသော မယားဟူသည်ကား အမှုကိစ္စကို မလုပ်မကိုင်၊ ပျင်းရိ၏၊ အစားကြီး၏၊ ကိုယ်ကြမ်း၏၊ ကြမ်းတမ်းသော စကားကို ဆိုတတ်၏၊ လင်ကို နိုင်ချင်၏၊ ထိုသို့သော မိန်းမကို **အရှင်သခင်နှင့် တူသော မယားဟု** ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



အမိနှင့်တူသော မယားဟူသည်ကား လင်၏ အစီးအပွား ကို စောင့်ရှောက်၏၊ လင်ကို အစဉ်စောင့်ရှောက်၏၊ မိခင်ကဲ့သို့ လင်ကို ပြုစု၏၊ ထိုသို့သော မိန်းမကို **အမိနှင့်တူသော မယားဟု** ဆိုအပ်၏။

နှမနှင့်တူသော မယားဟူသည်ကား နှမသည် အစ်ကို အပေါ် ရိုသေသကဲ့သို့ လင်အပေါ် ရိုသေ၏၊ လင်အပေါ်၌သော်လည်း ရှက်သောစိတ် ရှိ၏၊ လင်၏ အလိုသို့ လိုက်တတ်၏၊ ထိုသို့သော မိန်းမကို **နှမနှင့်တူသော မယားဟူ၍** ဆိုအပ်၏။

အဆွေခင်ပွန်းနှင့် တူသော မယားဟူသည်ကား အဆွေခင်ပွန်းသည် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်သကဲ့သို့ လင်အပေါ် ချစ်ခင်၏၊ လင်ကို ရိုသေစွာ လုပ်ကျွေး၏၊ လင်နှင့်အတူ အလုပ်ကို လုပ်ကိုင်၏၊ ထိုသို့သော မိန်းမကို **အဆွေခင်ပွန်းနှင့်တူသော မယားဟု** ဆိုအပ်၏။

ကျွန်မနှင့်တူသော မယားဆိုသည်ကား ကျွန်မသည် အရှင်အပေါ် အန်တု မပြောဆိုသကဲ့သို့ လင်က ရိုက်နှက်သည့်တိုင်အောင် သည်းခံနိုင်စွမ်း ရှိ၏။ လင်အပေါ် မုန်းဟန်ကို မပြ။ ပြစ်မှားလိုစိတ် မရှိ၊ လင်၏အလိုသို့ လိုက်တတ်၏။ ထိုသို့သော မိန်းမကို **ကျွန်မနှင့်တူသော မယားဟု** ဆိုအပ်၏။

ထိုမယား ခုနစ်မျိုးတို့တွင် သူသတ်နှင့်တူသော မယား၊ ခိုးသူနှင့်တူသော မယား၊ အရှင်သခင်နှင့်တူသော မယား- ဤမယားသုံးယောက်တို့သည် သီလ မရှိ၊ ကြမ်းကြုတ်သောသဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏၊ လင်၌ ရှိသေခြင်း မရှိ၊ ထိုမယား သုံးယောက်တို့သည် သေသည်မှနောက်၌ ငရဲသို့ လားကုန်၏။

အမိနှင့်တူသော မယား၊ နှမနှင့်တူသော မယား၊ မိတ်ဆွေနှင့်တူသော မယား၊ ကျွန်နှင့်တူသော မယားတို့ကား သီလရှိ၏။ တည်ကြည်၏၊ စောင့်စည်းတတ်၏။ ထိုမယား လေးယောက်တို့ကား သေသည်မှ နောက်၌ နတ်ပြည်သို့ လားရ၏။

"ချစ်သမီး သုဇာတာ၊ မယားခုနစ်မျိုးတို့ကို ယခု နာကြားရပြီ မဟုတ်လော။ ဤမယား ခုနစ်မျိုးအနက် အသင်ချစ်သမီးသည် အဘယ် အမျိုးအစား ဖြစ်လိုသနည်းဟု မေးတော်မူ၏"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တပည့်တော်မသည် ယနေ့မှစ၍ ကျွန်မနှင့်တူသော မယားအဖြစ် လင်ကို ပြုစုပါမည်ဘုရား"ဟု လျှောက်ထားလေသည်။

ဤသည်ကား အင်္ဂုတ္တိုရ်၊ သတ္တကနိပါတ်မှ လာသော မယား ခုနစ်မျိုးတို့တည်း။ မိန်းမမှန်သမျှ ဤ မယားခုနစ်မျိုးကို လေ့လာ၍ မိမိကိုယ်ကို ပြုပြင်သင့်ကြပါသည်။

## မိန်းမအင်အား ငါးပါး

မိန်းမဆိုသည်မှာ အင်အားမရှိသော အမျိုးဖြစ်ပါသည်။ မည်သည့် မိန်းမပင်ဖြစ်စေ ယောကျာ်းကဲ့သို့ ခွန်အား မရှိပါ။ ထို့ကြောင့် မယားတိုင်း လင်ကို အရှုံးပေးကြရစမြဲ ဖြစ်ပါသည်။ သို့သော် မိန်းမတို့၌ ပကတိအင်အား နည်းပါးကြသော်လည်း သဘာဝအင်အားကား ရှိတတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို သဘာဝအင်အားဖြင့် အချို့မယားများသည် လင်အပေါ် အနိုင်ယူခဲ့တတ်ကြသည်။ မိန်းမ၏ သဘာဝအင်အား ငါးပါးကို သဥ္စာယတန သံယုတ်ပါဠိတော်၌ ဟောတော်မူပါသည်။

၎င်းတို့ကား-

၁။ အဆင်းလှခြင်း၊

၂။ စည်းစိမ်ဥစ္စာရှိခြင်း၊

၃။ ဆွေမျိုးအားကောင်းခြင်း၊

၄။ သားမွေးဖွားခြင်း၊

၅။ အကျင့်သီလရှိခြင်းတို့ ဖြစ်ကြပါသည်။

ထိုငါးပါးအနက် အဆင်းလှခြင်းသည် မိန်းမသားတို့၏ အင်အားဖြစ်သည်မှာ အလွန် ထင်ရှားပါသည်။ အချို့သော မိန်းမများသည် မိမိအဆင်းဖြင့် ဆွဲငင်၍ လင်အပေါ် အနိုင်ကျင့်တတ်ကြပါသည်။

မယား၏ အဆင်း၌ မက်၍ လင်သည် မယားပြုသမျှ နရခြင်းကား လောက၌ အလွန် ထင်ရှားပါသည်။

ပစ္စည်းမာန်တက်ခြင်းအကြောင်းကို သုဇာတာဝတ္ထုဖြင့် သိသာပါပြီ။ ဆွေမျိုးအင်အား ကောင်း၍ ဆွေမျိုးဖြင့်ခြောက်ကာ လင်အပေါ် အနိုင်ယူသော မိန်းမများလည်း ရှိကြပါသည်။

သားမာန်သည်ကား မြန်မာနိုင်ငံမှာထက် အိန္ဒိယပြည်၌ များပါသည်။ မြန်မာနိုင်ငံ၌ကား သားမမွေးသော်လည်း မယားအရာမှ ချရိုးမရှိပါ။ အိန္ဒိယနိုင်ငံ၌ကား သားမမွေးသော အမြိုမကို

www.burmeseclassic.com



မယားအရာမှ ချ၍ သားမွေးသူကိုသာ မယားအရာ တင်မြှောက်တတ်ကြပါသည်။

ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်၌လာသော ကာဠယက္ခိနီဝတ္ထုဖြင့် သိသာပါသည်။

သို့သော် မည်သည့်နိုင်ငံ၌ဖြစ်စေ မိန်းမ၊ ယောကျ်ားတို့၏ လင်မယားအချစ်သည်ကား အရှည်တည်တံ့ရန် ခဲယဉ်းပါသည်။ လင်နှင့်မယား အရှည်တည်တံ့ရန်မှာ သားသမီး ဖွားမြင်မှ ဖြစ်ပါသည်။ ထို့ကြောင့် သားသမီးသည် မယား၏ အင်အားတစ်ခု ဖြစ်ပါသည်။

ဤမယားအင်အား ငါးပါးတို့တွင် အရေးကြီးဆုံးကား သီလဖြစ်သည်။ သီလဟုဆိုသဖြင့် ငါးပါးသီလ၊ ရှစ်ပါးသီလမျှကိုသာ ဆိုလိုသည် မဟုတ်ပါ။ မယားကျင့်ဝတ် စာရိတ္တသီလကိုပါ ဆိုလိုပါသည်။

ဤနေရာ၌ စာရေးသူသိသော ဦးထွန်းမင်းအကြောင်းကို အနည်းငယ် ရေးချင်ပါသည်။ ဦးထွန်းမင်း၏ မယားကား ဒေါ်သင်းချိုတည်း။ ဦးထွန်းမင်းသည် ဒေါ်သင်းချိုကို ချစ်၍ ယူသည် မဟုတ်ပါ။ မိဘက ပေးစား၍ ယူခဲ့ခြင်း ဖြစ်သည်။ မသင်းချိုကို လင်မယားဖြစ်စက စကားမျှ မပြောချင်ပါ။ သို့သော် မသင်းချိုသည်ကား အလွန် မယားဝတ္တရားနှင့် ပြည့်စုံသဖြင့် ကြာသော် မသင်းချိုကို ချစ်ရုံမျှမက အလွန်လည်း ကြည်ညိုခဲ့သည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မသင်းချိုကား ရုပ်အဆင်းလည်း မရှိ၊ ပစ္စည်းဥစ္စာလည်း မရှိ၊ ဆွေမျိုး အင်အားလည်း မရှိပါ။ သို့သော် သားသမီးရှိခြင်း၊ ကျင့်ဝတ်သီလ ပြည့်စုံခြင်းဖြင့် ဦးထွန်းမင်းကို အနိုင်ယူခဲ့ပါသည်။

ထို့ကြောင့် မယားအင်အား ငါးပါးတို့တွင် သီလအင်အားသည် အမြတ်ဆုံးဟု ဆရာတို့ မိန့်ဆိုခဲ့ကြပါသည်။

**မိန်းမကောင်းများ ပျက်စီးတတ်သောအကြောင်း**

လောက၌ မိခင် မွေးသည်မှစ၍ ပျက်စီးလာသူကား အလွန် နည်းပါးလှပါသည်။ လောကနီတိကျမ်း၌-

* ဆူးသည် အဘယ်သူချွန်၍ ထက်သနည်း။
* သမင်၏မျက်လုံးကို အဘယ်သူ မျက်စဉ်းခတ်သနည်း။
* ညွန်၌ပေါက်သော ကြာပန်းကို အဘယ်သူ အနံ့ထည့်သနည်း။

မည်သူကမျှ ပြုလုပ်ရခြင်း မရှိ။ မိမိအလိုလိုသာလျှင် ဖြစ်သကဲ့သို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာလည်း မည်သူကမျှ ပြုပြင်၍ ဖြစ်သည် မဟုတ်။ မိမိအလိုလိုသာလျှင် ဖြစ်သည်ဟု ပြဆိုထားပါသည်။

လောကနီတိ၏ စကားသည် အချို့သာ မှန်၍ အချို့ကား များယွင်းပါသည်။ ဘုရားဟော ကျမ်းစာတို့၌ အကြောင်းတရားသည်လည်း ရှိ၏။ အကျိုးတရားသည်လည်း ရှိ၏။ လောက၌

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့်သော အကျိုးတရားဖြစ်ပွားသောကြောင့် အကြောင်း အကျိုးမှကင်းသော တရားမည်သည် မရှိပါ။

ထို့ကြောင့် မူလက အလွန် သေဝပ်သော အမျိုးသမီး ကောင်းသည်လည်း ပျက်စီးတတ်သော အကြောင်းတရားနှင့် ဆုံတွေ့ပါက ပျက်စီးတတ်ပါသည်။

မိန်းကလေးများ **ပျက်စီးတတ်သော အကြောင်းတရား** ကိုးပါးကို ဇာတကပါဠိ၊ ဒု-၁၂၀၊ ဋ္ဌ၊ မ၊ ၄၆၇-၄၇၀။ ကုဏာလ ဇာတ်၌ ဖော်ပြထား ပါသည်။

၁။ ပန်းဥယျာဉ်သို့ အသွားများသော မိန်းမ၊

၂။ သစ်သီးဥယျာဉ်သို့ အသွားများသော မိန်းမ၊

၃။ ရေဆိပ်သို့ အသွားများသော မိန်းမ၊

၄။ ဆွေမျိုးအိမ်သို့ အသွားများသော မိန်းမ၊

၅။ မိတ်ဆွေယုတ်အိမ်သို့ အသွားများသော မိန်းမ၊ ကစား ကြူးသော မိန်းမ၊

၆။ မှန်ကြည့်များသော၊ အဝတ်အစား၊ ပန်းနံ့သာ အခြယ် အလှယ်များသော မိန်းမ၊

၇။ အရက်သေစာ သောက်စားသော မိန်းမ၊

၈။ အပြင်သို့ အကြည့်များသော မိန်းမ၊

၉။ မိမိအင်္ဂါကို ဖော်ပြတတ်သော မိန်းမ၊

ဤအကြောင်းကိုးပါးတို့သည် မူလက မိန်းမကောင်းကိုပင် ပျက်စီးစေတတ်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကို ကုဏာလဇာတ်အဖွင့်၌ ဤသို့ ဂါထာ ရေးထားပါသေးသည်။

**အာရာမ သီလာ စ ဥယျာနံ။**

**နဒီ ဉာတိ ပရကုလံ။**

**အာဒါသ ဒုဿ မဏ္ဍန မနုယုတ္တာ။**

**ယာစိတ္တိ မဇ္ဇပါယိနီ။**

**ယာ စ နိလ္လောကနသီလာ။**

**ယာ စ သဒ္ဒါရ ဋ္ဌာယိနီ။**

**နဝ မေတေဟိ ဌာနေဟိ။**

**ပဒေါသ မာပဟန္တိ ဣတ္ထိယောတိ။**

ဤဂါထာမှာ အထက်ပါ အဓိပ္ပာယ်နှင့် တူသောကြောင့် အနက် မရေးလိုက်တော့ပါ။ ဤစကားရပ်ကား မိန်းမကောင်းပင် ဖြစ်လင့်ကစား ဤအကြောင်း ကိုးပါးတို့ကြောင့် ပျက်စီးတတ်သည်ကို ပြဆိုခြင်းဖြစ်သည်။

**မယားပျက်များ**

မယားကောင်း မဟုတ်သော မယားပျက်တို့၏ လက္ခဏာများကိုလည်း ဤသို့ ပြထားပါသေးသည်။

၁။ လင်အား အရပ်တစ်ပါးသို့သွားရန် တိုက်တွန်းတတ်ခြင်း၊

၂။ ခရီးသွားသော လင်ကို အမှတ်မရခြင်း၊

၃။ လင်ပြန်ရောက်လာလျှင် မနှစ်သက်ခြင်း၊

၄။ လင်ပြုသမျှ အပြစ်မြင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ လင်အပေါ် မချီးမွမ်းခြင်း၊
၆။ လင်၏အကျိုးမဲ့ကို ပြုခြင်း၊
၇။ လင်၏အကျိုးကို မလိုလားခြင်း၊
၈။ လင်အပေါ် မပြုထိုက်သော အမှုကိုပြုခြင်း၊
၉။ ပြုထိုက်သောအမှုကို မပြုခြင်း၊
၁၀။ ထဘီကို မြဲစွာဝတ်၍ အိပ်တတ်ခြင်း၊
၁၁။ လင်ယောကျ်ားဘက်ကို ကျောပြု၍ အိပ်တတ်ခြင်း၊
၁၂။ ကပြောင်းကပြန် အိပ်တတ်ခြင်း၊
၁၃။ လင်စိတ်ပျက်အောင် ပြုမူခြင်း၊
၁၄။ အသက်ရှူရာ၌ ပြင်းထန်ခြင်း၊ (သက်ပြင်းချခြင်း)
၁၅။ မကျန်းမာယောင် ဆောင်တတ်ခြင်း၊
၁၆။ ကျင်ကြီး၊ ကျင်ငယ်ကို အကြောင်းပြု၍ အပသို့ ထွက်တတ်ခြင်း။
၁၇။ လင်ကို ဆန့်ကျင်ခြင်း၊
၁၈။ အခြားယောကျ်ားအပေါ် နှစ်သက်ခြင်း၊
၁၉။ လင်ရှာသော ပစ္စည်းကို မတရား သုံးစွဲခြင်း၊
၂၀။ ယောကျ်ားတစ်ပါး၌ မြူးထူးခြင်း၊
၂၁။ လင်ငယ်ကို ရှာခြင်း၊
၂၂။ လင်အပေါ် အရိုအသေကင်းခြင်း၊
၂၃။ တံခါးဝ၌ နေတတ်ခြင်း၊
၂၄။ အင်္ဂါကြီးငယ်ကို ဖော်ပြတတ်ခြင်း၊
၂၅။ အရပ်တကာ လှည့်လည်တတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဤအင်္ဂါလက္ခဏာ ၂၅-ပါးတို့သည် လင်ငယ်နေသော မယားပျက်တို့၏ အမှတ်အသား လက္ခဏာများ ဖြစ်ကြပါသည်။

မယားကောင်းမှန်သမျှ ဤလက္ခဏာများကို ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။ ဤမကောင်းသော အကြောင်းများကို ရှောင်ကြဉ်သော မယားကောင်းပင်ဖြစ်စေ လင်ဖြစ်သူ မကောင်းလွန်ပါက မိမိ၏လင်ကို ချစ်ရန် အလွန် ခက်တတ်ပါသည်။ ထိုသို့သော ယောက်ျားများ၏ အင်္ဂါကိုလည်း သဋ္ဌာယတနသံယုတ်၊ ပုရိသသုတ်၌ ဘုရားရှင် ဟောထားပါသည်။

၁။ ရုပ်အဆင်း မလှသော ယောက်ျား၊

၂။ ဥစ္စာပစ္စည်း မရှိသော ယောက်ျား၊

၃။ အကျင့်သီလ မရှိသော ယောက်ျား၊

၄။ ပျင်းရိ၍ အလုပ်မလုပ်သော ယောက်ျား၊

၅။ သားသမီး မပေးနိုင်သော ယောက်ျား။

ဤယောက်ျား ငါးမျိုးကို မိန်းမများ မချစ်တတ်ဟု ဟောထားပါသည်။ မိန်းမ မချစ်နိုင်သော ထိုယောက်ျား ငါးမျိုးအနက် အကြင်သူသည် အဆင်း ပစ္စည်း မရှိသည်ဖြစ်စေ၊ သားသမီး မပေးနိုင်သည်ဖြစ်စေ လင်ကျင့်ဝတ်နှင့် ပြည့်စုံသော်လည်းကောင်း၊ ပျင်းရိခြင်း မရှိ၊ အလုပ် လုပ်ကိုင်သော်လည်းကောင်း ထိုကဲ့သို့သော လင်မျိုးကို မယားများက မပစ်နိုင်ကြပါချေ။

ဤအင်္ဂါ ငါးရပ်လုံး ပြည့်စုံပါမူကား ထိုကဲ့သို့သော ယောက်ျားကို မည်သည့် မိန်းမကမှ မချစ်ခင်ဘဲ နေနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

စာရေးသူ၏ ကိုယ်တွေ့ကို ပြောရပါမူကား-

ကိုဖိုးချွန်ဆိုသူသည် ရုပ်လည်း မရှိ၊ ဥစ္စာလည်း မရှိ၊ သားသမီးလည်း မရှိပါ။ သို့သော် သူ၏ မယားကို အလွန်ချစ်၍ သူ့မယားမှတစ်ပါး အခြားမိန်းများနှင့် မရောပြွမ်းခြင်း၊ မယား အလိုလိုက်ခြင်း၊ အလုပ်အကိုင် ပေါ့ပါးစွာ လုပ်ကိုင်ခြင်းကြောင့် သူ၏မယား မအေးစုက သေသည်အထိ ပေါင်းသင်းသွားသည်ကို မြင်ခဲ့ရဖူးပါသည်။

## မယားကောင်းကိစ္စ လေးပါး

လောက၌ လင်နှင့်မယားဟု ဖြစ်ပွားခဲ့လျှင် လင်သည် မယား၌လည်းကောင်း၊ မယားသည် လင်၌လည်းကောင်း တစ်ဦး အပေါ် တစ်ဦး အပြစ်မမြင်ဘဲ အစဉ်အမြဲ လက်တွဲသွားသင့်ကြောင်း ကိုဖိုးဦးက ပြောဖူးပါသည်။ သူ၌ အစ်မချော မခင်ချို ဆိုသူ ရှိပါသည်။ ထို အစ်မ မခင်ချိုကို လင် မရစေချင်ပါ။ သူ့အစ်မအား ရိုတိုတိလုပ်သူဟု ထင်လျှင် ထိုသူ အိမ်အနီး မလာဝံ့အောင် သူက ဟန့်တားထားပါသည်။ သို့သော် အချိန် အရွယ်ရောက်သောအခါ မခင်ချို လင်ရသွားသည်။ သူ့အစ်မ လင်ရသွားသောကြောင့် သူသည် စိတ်လည်း မဆိုးပါ။ နှစ်သက်ခြင်းလည်း မရှိပါ။

သို့သော် သူ၏အစ်မ မခင်ချိုသည် ယောက်ဖတော်သူကိုအောင်ထွန်းနှင့် သေသည်အထိ ပေါင်းဖက်သွားစေချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဘယ့်ကြောင့်ဆိုသော် မိန်းမနှင့် ယောကျ်ား မတူညီကြပါ။ ယောကျ်ားက မယားပေါင်းများစွာ ယူသော်လည်း အများက အပြစ်မမြင်ကြပါ။ မိန်းမကမူကား လင်တစ်ယောက်က နှစ်ယောက် သုံးယောက် ပြောင်းခဲ့လျှင် မိန်းမကောင်းဟု မသမုတ်ကြသောကြောင့်ဟု ကိုဖိုးဦးက ပြောဖူးပါသည်။

ကိုဖိုးဦးပြောသော စကား အလွန်မှန်ပါသည်။ မိန်းမမှန်လျှင် တစ်လင်မကောင်း၊ တစ်လင်ပြောင်း၍ မတင့်တယ်ပါ။ လင်ဖြစ်သူ အသုံးမကျ၍ ပြောင်းသည့်တိုင်အောင် မယားအပေါ်၌သာ အပြစ်မြင်ကြပါသည်။ ထို့ကြောင့် မယားကောင်းဖြစ်ရန် ကိစ္စလေးပါးကို မယားတိုင်း သတိထားသင့်ကြပါသည်။

မယားကောင်း ကိစ္စလေးပါးကို အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်၊ ဥပေါသထဝဂ်၊ အဋ္ဌကနိပါတ်၊ ဥပေါသထဝဂ်၊ ဣဓလောကိယသုတ်၌ ဘုရားရှင် ဟောထားပါသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဝိသာခါ၏ ကောင်းမှုဖြစ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝိသာခါ ကျောင်းအစ်မကြီးသည် ကျောင်းတော်သို့လာ၍ ဘုရားရှင်အနီး၌ ထိုင်နေသည်။

ထိုအခါ ဘုရားရှင်က ဝိသာခါ ဒါယိကာမအား-

ဝိသာခါ… တရားလေးပါးနှင့် ပြည့်စုံသော မယားသည် ဤလောကကို အောင်မြင်သည်။ မည်သည့်အခါမျှ ရှုံးဆုံးခြင်း မဖြစ်နိုင်။ တရားလေးပါးဆိုသည်ကား…

www.burmeseclassic.com

www.burmeseclassic.com



၁။ အမှုကိစ္စတို့ကို နိုင်နင်းစွာ ပြုလုပ်တတ်၏။
၂။ အခြံအရံ ပရိသတ်ကို ချီးမြှောက်တတ်၏။
၃။ လင်ဖြစ်သူ ချစ်ခင်အောင် လင်၏အလိုကို သိတတ်၏။
၄။ လင်ရှာဖွေရသော ပစ္စည်းကို ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းတတ်၏။

ဤတရားလေးပါးနှင့် ပြည့်စုံသော မယားသည် လောကကို အောင်နိုင်သော မယားဖြစ်၏။ မယားပီသသူ ဖြစ်၏။

ဤတရားလေးပါးသည် မယားဖြစ်သူများအတွက် လွန်စွာ အရေးကြီးလှသောကြောင့် အနည်းငယ် ဖွင့်ဆိုပါဦးမည်။

**၁။ အမှုကိစ္စတို့ကို နိုင်နင်းအောင် ပြုနိုင်ခြင်းဟူသော စကားသည် အလွန် ကျယ်ဝန်းလှ၏။**

ဌာနဌာနကောသလ္လဉာဏ်ဟူသော ဉာဏ်သည်ရှိ၏။ ဤသို့လုပ်လျှင် ကောင်းသည်။ ဤသို့ လုပ်လျှင် မကောင်း။ ဤအရာကား ကောင်းသည်။ ဤအရာကား မကောင်း စသည်ဖြင့် အရာဌာနတို့၌ လိမ္မာသော၊ ကျွမ်းကျင်သောဉာဏ်ကို ဌာနဌာနကောသလ္လဉာဏ်ဟု ခေါ်၏။ အရာ ဟုတ်သည်၊ မဟုတ်သည်၌ သိတတ်သောဉာဏ်ဟု ဆိုလိုပါသည်။

မယားဖြစ်သူ၌ ထိုဉာဏ်တစ်ခုပိုင်အောင် လေ့လာ၍ ထိုဉာဏ်အားလျော်စွာ လုပ်ကိုင်ပါလျှင် ထိုမယားသည် လောကကို အောင်နိုင်သော မယား(ဝါ) အိမ်ကိုနိုင်သောမယား(ဝါ) လင်ချစ်သော မယား(ဝါ) လင်အပေါ် ဩဇာပေးနိုင်သောမယား ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ပါသည်။

**၂။ အခြံအရံ ပရိသတ်ကို ချီးမြှောက်ခြင်းဆိုရာ၌ ပေးကမ်းခြင်းကို ချီးမြှောက်ခြင်းဟု ဆိုပါသည်။**

ပေးကမ်းရာ၌ မိန်းမများမှာ လွန်စွာ တွန့်တိုတတ်ပါသည်။ မိန်းမများသာ မဟုတ်။ ယောကျာ်းများလည်း တွန့်တိုတတ်ပါသည်။ တွန့်တိုသည်ဆိုခြင်းကား မစ္ဆရိယတရားတည်း။ လောကရှိသူ မှန်သမျှ မစ္ဆရိယဟူသော တွန့်တိုမှုကား ရှိမြဲပါတည်း။ မိမိပစ္စည်းအပေါ် နှမြောမှု၊ တွန့်တိုမှု၊ မစ္ဆရိယ အမှုရှိနေသော်လည်း ပေးသင့်၍ ပေးရသည်။ လှူသင့်၍ လှူရသည်။

ထိုသို့ ပေးလှူရာ၌ စွန့်ပစ်၊ လွှင့်ပစ်သကဲ့သို့ မပေးလှူသင့်ပါ။ လောကီအကျိုး၊ လောကုတ္တရာအကျိုး မျှော်ကိုး၍ ပေးလှူသင့်သည်။ ကိုယ့်ဘက်က အမျိုးဖြစ်၍ ပေးသည်။ သူ့ဘက်က အမျိုးကို မပေးနိုင်။ သူစိမ်းဆိုလျှင် လုံးဝ မပေးနိုင်ခြင်းမျိုး မဖြစ်သင့်ဘဲ ဉာဏ်ဖြင့် ဝေဖန်ပေးကမ်းရမည်ဟု ဆိုလိုပါသည်။

**၃။ လင်ဖြစ်သူ ချစ်ခင်အောင် လင်၏အလိုကို သိတတ်ရမည်။**

လင်ချစ်အောင် မည်သို့ လုပ်ရမည်ဟု သင်ပေးစရာ မလိုပါ။ အမှန်တကယ်ဆိုလျှင် မယားအဖြစ် ရောက်ပြီးသား မိန်းမသည် တစ်ဖန် အပျိုဖြစ်ဖို့ မရှိပါ။ ထို့ကြောင့် ရပြီးသောလင်နှင့် ကွဲကွာရန် မသင့်။ မကွဲမကွာ သူကလည်း ချစ်၍ ကိုယ်ကလည်း ချစ်အောင် ပြုလုပ်သင့်သည်ဟူသော အချက်ကိုကား မယားတို့က သိထားသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းတတ်ရမည်။

လင်ရှာဖွေသော ပစ္စည်းအား စောင့်ရှောက်ရန် တာဝန်သည်ကား အကြီးလေးဆုံး တာဝန်ဖြစ်ပါသည်။ စီးသောရေဆည်သောကန်သင်းဟု ရှေးစကား ရှိပါသည်။ စီးဆင်းသောရေကို ကန်သင်းဖြင့် ခံထားရာက ရေကန်ကြီး ဖြစ်လာနိုင်ပါသည်။ ကန်သင်းဖြင့် ဆီးမထားပါက စီးသောရေများ၊ အချည်းအနှီး ဖြစ်ကြရပါသည်။ ဤသည်ကိုပင် "သမင်မွေးရင်း၊ ကျားစားရင်း"ဟု စကားပုံ သုံးလာကြသည်။

လင်ဖြစ်သူ ရှာဖွေရသမျှ ပစ္စည်းကို မယားက ဖြုန်းတီးပစ်ပါက ထို အိမ်ထောင်သေသည်အထိ ပြောင်လက်လာဖွယ်မရှိပါ။ မယားဖြစ်သူသည် ကိုယ်တိုင် ပစ္စည်းရှာဖွေတတ်လျှင်ပို၍ ကောင်းပါသည်။ ကိုယ်တိုင်ပစ္စည်း မရှာဖွေတတ်သည့်တိုင်အောင် လင်ရှာဖွေသော ပစ္စည်းမကုန်ကျအောင် ထိန်းသိမ်းထားနိုင်လျှင်ပင် အလွန် ကောင်းမွန်ပါသည်။

အချို့သော မိန်းမများကား ကိုယ်တိုင်ပစ္စည်းကို မရှာဖွေနိုင်ဘဲ လင်ရှာဖွေသော ပစ္စည်းကို ဖြုန်းတီးနေကြသည်ကို မြင်ဖူးပါသည်။

ပစ္စည်းဖြုန်းတီးရာ၌ အချို့မိန်းမများ အစားဖြင့် ဖြုန်းတီးသည်။ အစားရှောင်းသံကြားလျှင် ကြားတိုင်း ခေါ်ဝယ်စားသည်။ ဝမ်းဗိုက်ရှိသဖြင့် ဆာသောကြောင့် စားခြင်းကား အပြစ်မဟုတ်ပါ။ သို့သော် ကိုယ်စားတတ်လျှင် မိမိဘာသာ လုပ်ကိုင် စားသင့်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဝယ်မစားသင့်ပါ။ ဝယ်စားလျှင် ငွေအကုန်အကျ များကြောင်း လူတိုင်း သိကြပါသည်။

ထိုထက်ဆိုးသည်ကား အချို့မိန်းမများသည် အလုပ်မရှိသဖြင့် ပျင်းသည်။ ထို့ကြောင့် အပျင်းပြေ ဖဲကစားကြရာမှ ဖဲကစား စွဲသွားသောမိန်းမ အများအပြား ရှိပါသည်။ ဖဲကစားစွဲသည်ကို **အက္ခဓုတ္တ**ဟု ခေါ်သည်။ အက္ခဓုတ္တဖြစ်ခဲ့လျှင် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ပျက်စီးတတ်သည်ဟု ပရာဘဝသုတ်၌ ဘုရားဟော ရှိပါသည်။ ထို့ကြောင့် မယားဖြစ်သူသည် ပစ္စည်းထိန်းသိမ်းနိုင်စွမ်း ရှိရပါမည်။ ဤအချက်ကြီး လေးချက်သည် မယားတိုင်း အလွန် အရေးကြီးသဖြင့် မသိ,သိအောင် လေ့လာထားသင့်ကြပါသည်။

~ ~ ~ ~ ~

## အမြဲမပြတ် မချစ်နိုင်

လင်နှင့်မယားသည် မူလက ချစ်၍ ယူကြခြင်း ဖြစ်ပါသည်။ သို့သော် ထိုအချစ်ကား အမြဲမပြတ် ချစ်နေနိုင်သည်ကား မဟုတ်ပါ။ တစ်ခါတစ်ရံ တစ်ဦးအပေါ် တစ်ဦးက အပြစ်မြင်ခဲ့တတ်ကြပါသည်။

ထိုအကြောင်းကို လင်မယားမဖြစ်ခင်က ကြိုတင် သိထားသင့်ကြပါသည်။ ကြိုတင်သိထားလျှင် ဖြစ်လာသောအပြစ်ကို ဖြေဖျောက်နိုင်သည်။ ကြိုတင် သိမထားသော် သူ့အပြစ်ကို မဖြေနိုင်ဘဲ ရှိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၅၅၀-ဝိသတိနိပါတ်၌ ဘလ္လာတိယ အမည်ရှိသော ဇာတ် တစ်ဇာတ် ရှိပါသည်။ [ထိုဇာတ်၏ အကြောင်းကို စာမျက်နှာ(၁၉) တွင် "ရှေးကချစ်ခဲ့သူအပိုင်း"တွင် ပြန်လည်ဖတ်ရှုကြည့်ပါ။]

ဤ ဘလ္လာတိယဇာတ်သည် အချစ်၌ စံနမူနာဖြစ်ခဲ့သည်။ လောက၌ မိန်းမနှင့် ယောကျ်ား၊ တစ်ဦးနှင့် တစ်ဦး ဘယ်မျှ ချစ်သည်ဆိုစေ အနှစ်တစ်ရာအထိ ချစ်နိုင်ရန် ခက်ပါသည်။ ယခု ကိန္နရာမောင်နှံတို့ကား နှစ်ပေါင်း ၇၀၀- အထိ ငယ်စဉ်က ကွဲခဲ့ရသည်ကို မမေ့နိုင်ဘဲ ချစ်ခဲ့ကြသည်။ ထို့ကြောင့် ကဗျာ ဆရာများက-

* ကသစ်ညှာ ရတနာမြကိုလ၊
ချစ်တာကို ပမာပြုရမှာဖြင့်၊
မဟာရဇတရယ်တဲ့ ချောင်းရေလျှံ၊
သြော်...အခါသမယမှာတော့ ဆောင်းဟေမန်။

* မပျက်တမ်း သက်တမ်းကုန် တစ်ထောင်ကြာမှ၊
အောင်ပတ္တနာ ပန်ဆုညှိုးရှာကြ၊
မြတ်မျိုးစင် ဗုဒ္ဓင်နှစ်ကယ်တို့၊
သိန်တည် ကိန္နရီမောင်မယ်
ဖြစ်ကြစဉ်က ပူဖို့ငယ်ဖန်။
သူတို့ဟန် ဘယ်သူ ချစ်နိုင်ကြမှာတုံး။ ။

စသည်ဖြင့် ရေးသားခဲ့ကြပါသည်။ ဤသို့ ဘဝတိုင်း ချစ်ခဲ့ကြ သူများပင် တစ်ခါတစ်ရံ အပြစ်မြင်၍ မချစ်မခင် ဖြစ်ခဲ့တတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသေးသည်။ ထို့ကြောင့် ယောကျ်ားနှင့်မိန်းမ၊ လင်နှင့်မယားတို့သည် ကြားက လေသွေးသည်ကိုပင် ဝေးသည်ဟု ထင်ချင်ထင်၊ စောင်ခြားသည်ကိုပင် တောင်ခြားသည်ဟု မှတ်လိုကမှတ်၊ ရှည်ကြာစွာ အတူတကွ နေခဲ့ကြသောအခါ ဘာမျှ မပြောပလောက်သော စကားမျှဖြင့်လည်း အမျက်ဒေါသ ဖြစ်ပွားခဲ့တတ်ကြပါသည်။

မြို့တိုင်း၊ ရွာတိုင်း၌ပင် စနည်းနာကြည့်သောအခါ ငယ်ရွယ်စဉ်ကာလက မမြင်ရ မနေနိုင်၊ ချစ်ခင်ခဲ့ကြပြီးနောက် အသက်အရွယ်ကြီး၍ သားနှင့် မြေးနှင့် ဖြစ်လာမှ တစ်ဦးမျက်နှာ တစ်ဦးမကြည့်ချင်အောင် မုန်းနေကြသော အဘိုးကြီး၊ အမယ်ကြီးများရှိနေကြကြောင်း သိရသဖြင့် အချစ်ဟူသောကြိုးကား ခိုင်မာသောကြိုးမဟုတ်ဟု သိ၍ ခိုင်မာသောကြိုးအဖြစ်သို့ ရောက်ရန်ကြိုးစားသင့်ကြပါသည်။

## သန့်ရှင်းခြင်း ၊ မသန့်ရှင်းခြင်း

လောက၌ သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ မည်သည့်အရပ် မည်သည့်နေရာ၌မဆို နေထိုင်သူကသန့်ရှင်းရေး ပြုလုပ်ပေးလျှင် သန့်ရှင်း၍ သန့်ရှင်းရေး မပြုလုပ်ဘဲပစ်စလက်ခတ် ပစ်ထားပါက အညစ်အကြေးများ ရောပွမ်း၍မသန့်မရှင်း ဖြစ်လာတတ်ပါသည်။

သန့်ရှင်း မသန့်ရှင်းနှစ်ပါးတို့တွင် မသန့်ရှင်းကား ရေစုန်ဖြစ်၍ အလွန် လွယ်ပါသည်။ ရေစုန်သွားလိုသူသည် လှေပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ရုံဖြင့် အောက်ဘက်သို့ ရောက်နိုင်သည်။ ရေဆန်သည် ရေစုန်ကဲ့သို့ လွယ်ကူသည် မဟုတ်။ လှော်နိုင် ခတ်နိုင်မှ တရွေ့ ရွေ့ တက်ပါသည်။ မသန့်မရှင်း ဖြစ်သလိုနေပါက အလွန် လွယ်ပါသည်။ သန့်ရှင်းအောင်မူ အလွန် ကြိုးစားရပါသည်။

မယားလောက၌လည်း သန့်ရှင်းသော မယား၊ မသန့်ရှင်းသော မယားဟု နှစ်မျိုးရှိပါသည်။ မသန့်ရှင်း၍ ပျက်စီးသော မယား ကိုးယောက်ရှိကြောင်း နီတိကျမ်းများက ဆိုပါသည်။ မသန့်ရှင်းသောမယား ကိုးယောက်တို့ကား-

၁။ တစ်ဦးတည်း သွားလာတတ်ခြင်း၊

၂။ လင်ကိုပစ်ထား၍ မိဘအိမ်သို့ သွားနေတတ်ခြင်း၊

၃။ လူအများ စုဝေးရာ ဇာတ်ပွဲ စသည်တို့၌ သွားလာတတ်ခြင်း၊

၄။ အပျော်အပါး, ဝါသနာကြီးခြင်း၊

၅။ အခြားယောကျ်ားတစ်ပါးနှင့် ပူးကပ်ကာ နေတတ်ခြင်း၊

၆။ အလုပ်အကိုင်၌ ပျင်းရိခြင်း၊

၇။ လင်အိုနှင့် ရ၍ ငြီးငွေ့ခြင်း၊

၈။ လင်နှင့် ရက်ပေါင်းများစွာ ကင်းခြင်း၊

၉။ အဝတ်အစား ဥစ္စာစည်းစိမ် ချို့တဲ့ခြင်း၊

ဤကိုးပါးသော အကြောင်းများကား မသန့်ရှင်း မစင်ကြယ်၍ မယားဖြစ်သူ ပျက်စီးတတ်သော အကြောင်းများတည်း။ ဤအကြောင်းကိုးပါးသည် မယားကို ပျက်စီးစေတတ်သည်။ သို့

www.burmeseclassic.com

www.burmeseclassic.com



သော် ဤအကြောင်းကိုးပါးကြောင့် မိန်းမတိုင်း ပျက်စီးသည်ကား မဟုတ်၊ အဆင်ခြင်ဉာဏ်ရှိသော အမျိုးကောင်းသမီးကား မပျက်စီးနိုင်ပါ။

သာမုန္ဒရိကကျမ်း၌မူကား မိန်းမမြတ်တို့၏ ဂုဏ်ကိုးပါးကို ဖော်ပြထားပါသည်။

၁။ အိမ်တွင်းမှုကိစ္စကို နိုင်နင်းအောင် ပြုလုပ်တတ်ခြင်း၊

၂။ မိမိလင်မှတစ်ပါး အခြားယောကျ်ားအပေါ် စိတ်ဖြင့်ပင် မပြစ်မှားခြင်း၊

၃။ လင်ရှာ၍ရသော ပစ္စည်းကို ကောင်းမွန်စွာ သိမ်းဆည်းတတ်ခြင်း၊

၄။ လင်၏ ဦးစွာ အိပ်ရာမှ ထခြင်း၊

၅။ လင်၏ နောက်မှ အိပ်ခြင်း၊

၆။ လင်၏ တိုင်ပင်မှု ခံယူကူညီခြင်း၊

၇။ လင်၏ အလိုကို သိတတ်ခြင်း၊

၈။ ပြုံးသောမျက်နှာ၊ ချိုသောစကားရှိခြင်း၊

၉။ ရာသီဥတုအလျောက် လင်ကို ဝတ်ဆင်ပေးခြင်း။

ဤကိုးပါးသော တရားတို့ကို မိန်းမမြတ်များ ပြုကျင့်သော တရားဟု သာမုန္ဒရိကကျမ်း၌ မိန့်ဆိုပါသည်။ ဤစကားကို ပြောင်းပြန်လှန်ပါသော် ဤ တရားကိုးပါး မပြုလုပ်သော မယား သည် မယားမြတ် မဟုတ်။ မယားယုတ်ဟူ၍ ဆိုလိုပါသည်။ အမျိုးသမီးများသည် မည်သူမျှ မိန်းမယုတ်၊ မယားယုတ် ဖြစ်

www.burmeseclassic.com



ချင်မည် မဟုတ်သောကြောင့် သာမုန္ဒရိကကျမ်းလာ ဤကိုးဖြာသော တရားများကို ကြိုးစား ဖြည့်ကျင့်သင့်ကြပါသည်။

~ ~ ~ ~ ~

## မိန်းမမြတ်ဖြစ်ကြောင်း တရားလေးပါး

မိန်းမမြတ်တို့၏ ကိုယ်ကျင့်တရား လေးပါးကို ကောသလ္လမင်းကြီးအား ဘုရားရှင် ဟောတော်မူခဲ့ပါသည်။ မိန်းမမြတ်တို့၏ ကိုယ်ကျင့်တရား လေးပါးတို့ကား-

၁။ **သီလဝတီ** - ကိုယ်ကျင့်သီလ ရှိခြင်း၊

၂။ **မေဓာဝိနီ** - အမြော်အမြင် ဉာဏ်ရှိခြင်း၊

၃။ **သဿုဒေဝါ** - ယောက္ခမကို အိမ်ဦးနတ်ကဲ့သို့ မှတ်ယူခြင်း၊

၄။ **ပတိဗ္ဗတာ** - လင်၏ဝတ်ကို မချွတ်စေခြင်း၊

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောမယားကို မယားမြတ်ဟူ၍ ဟောတော်မူပါသည်။

လင်မယားနှင့် စပ်ဆိုင်သော စကားများကား ကျန်ပါသေးသည်။ သို့သော် တရားနှင့် တိုစေ၊ စကားကို ချိုစေဟူသော စကားအရ လင်မယားလေးမျိုးကို ပြ၍ အဆုံးသတ်ပါတော့မည်။

**လင်မယားလေးမျိုးဆိုသည်မှာ-**

၁။ သူသေမယားနှင့် သူသေလင်၊

၂။ သူသေလင်နှင့် မယားနတ်သမီး၊

၃။ နတ်သားလင်နှင့် သူသေမယား၊

၄။ နတ်သားလင်နှင့် နတ်သမီးမယားတို့ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလင်မယားလေးပါးတို့တွင် မကောင်းမှု၌ ဝါသနာထုံ၍ ကောင်းမှု၌ ဝါသနာမထုံလျှင် သူသေဖြစ်၍ ကောင်းမှု၌ ဝါသနာ ထုံ၍ မကောင်းမှုကို ရှောင်ကြဉ်လျှင် နတ်ဖြစ်ပါသည်။ ထို့ကြောင့် -

၁။ လင်ရောမယားပါ မကောင်းမှု ဝါသနာထုံ၍ ကောင်းမှုကို မပြုလျှင် သူသေလင်နှင့် သူသေမယား၊

၂။ လင်ဖြစ်သူက အကုသိုလ်မှု ဝါသနာထုံ၍ မယားက ကုသိုလ် ဝါသနာထုံလျှင် သူသေလင်နှင့် နတ်သမီးမယား၊

၃။ လင်ဖြစ်သူက ကုသိုလ်ဝါသနာပါ၍ မယားက အကုသိုလ် ဝါသနာပါလျှင် နတ်သားလင်နှင့် သူသေမယား၊

၄။ လင်ရောမယားပါ ကုသိုလ်ဝါသနာပါခဲ့သော် လင်နတ်သား နှင့် မယားနတ်သမီး။

ဟု အင်္ဂုတ္တရ စတုက္ကနိပါတ်၌ ဟောပါသည်။ ဤနေရာ၌ အင်္ဂုတ္တရ စတုက္က နိပါတ်မှလာသော **ပထမ သမဇီဝိသုတ်**ဖြင့် အဆုံးသတ်ပါမည်။

အခါတစ်ပါး ဘုရားရှင်သည် ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့ ဘေသကဠာတော၌ သီတင်းသုံးတော်မူသည်။ နံနက်အခါ နကုလ ပိတာသူကြွယ် ပင့်လျှောက်သဖြင့် နကုလပိတာ သူကြွယ်အိမ် သို့ကြွ၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူသည်။

နကုလပိတာနှင့် နကုလမာတာတို့သည် ဘုရားရှင်အနီး ထိုင်ကြပြီးလျှင် သူကြွယ်က "အရှင်ဘုရား… တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



သည် ငယ်ရွယ်စဉ်ကပင် နကုလမာတာနှင့် ထိမ်းမြားခဲ့ပါသည်။ ထိမ်းမြားသောနေ့မှ ယနေ့ အိုသည့်တိုင်အောင် စိတ်မျှဖြင့်လည်း နကုလမာတာကို လွန်၍ ကျင့်မိသည်ဟု တပည့်တော်၌ မရှိခဲ့ဘူးပါ။ ကိုယ်ဖြင့် ကျူးလွန်ခြင်းကား အဘယ်မှာ ရှိပါအံ့နည်း။"

"အရှင်ဘုရား၊ တပည့်တော်များလည်း ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါသည်။ နောင်ဘဝ၌လည်း အချင်းချင်း ချစ်ခင်လိုကြပါသည်" ဟု လျှောက်သည်။ ထိုအခါ နကုလမာတာကလည်း ထို့အတူ ဘုရားရှင်ကို လျှောက်သည်။ ဘုရားရှင်က "အိုဒါယကာတို့၊ လင်နှင့် မယားသည် ယခုဘဝ၌လည်း ချစ်ခင်ကြသည်။ နောင်အခါလည်း ချစ်လိုကြသည်ဆိုလျှင် လင်မယားနှစ်ဦးသည်-

၁။ သဒ္ဓါတရားချင်း တူညီရမည်။

၂။ သီလတရားချင်း တူညီကြရမည်။

၃။ တူမျှသော စွန့်ကြဲခြင်း ရှိကြရမည်။

၄။ တူမျှသော အတွေးအခေါ် ဉာဏ်ပညာ ရှိကြရမည်။

ဤတရားလေးပါးနှင့် ပြည့်စုံပါက ထိုလင် ထိုမယားတို့သည် ယခုဘဝ၌လည်း အချင်းချင်း အချစ်မပြယ်ဘဲ တစ်ဦးနှင့်တစ်ဦး ချစ်ဖွယ်သော စကားများကို ပြောဆိုနေကြလိမ့်မည်။ နောင်တမလွန်၌လည်း အချင်းချင်း ချစ်ခင်စွာ လက်တွဲသွားနိုင်ကြလိမ့်မည်"ဟု ဟောကြားတော်မူပါသတည်း။

~ ~ ~ ~ ~

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းပြီးရက်စွဲ

* ထောင့်သုံးရာ ငါးဆယ့်ကိုး၊
အားဖွဲ့တိုး ကောဇာ။
မုန်းတန်ဆောင် ဆန်းငါးရက်၊
အားမပျက်ပါ။

* 'လင်မယားဟူသည်' မှာ၊
တူစီစာ ဖွဲ့ကုံး။
ညနေချိန် နာရီလေးမှာ၊
ဆေးစက်က ဆုံး။ ။

ကောဇာသက္ကရာဇ် ၁၃၅၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ အင်္ဂါနေ့၊ ညနေ ၄-နာရီအချိန် ပြီးဆုံးသည်။

အားလုံးသော သတ္တဝါများ ကျန်းမာကြပါစေ··· ချမ်းသာကြပါစေ··· လိုသောအကျိုး ပြည့်ဖြိုးကြပါစေ···။

ထီးချိုင့်မြို့ -တည်တောဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

မယွင်းစင်စစ် ၊ ထိုသို့ဖြစ်၍
အချစ်လိုက်စား ၊ ယုံမိမှားလျက်
ယောကျ်ားဗာလ ၊ လူ့ဝါဝနှင့်
တွေ့ရကြုံရ ၊ ဝေဝါးဆုံရယော်
မိန်းမတို့ထုံး ၊ ငွေကုန်ရှုံးက
ထက်ဆုံးမတိုင် ၊ ကိုယ်ပိုင်ယောကျ်ား
ထွေဖောက်ပြား၍ ၊ တရားမစောင့်
မဖြောင့်နှလုံး ၊ လင်ကုန်ရှုံးက
ထက်ဆုံးတိုင်လစ် ၊ ပြောရာဖြစ်ရှင့်။

(မဃဒေဝ၊ ပုဗ္ဗောဝါဒ၊ ပိုဒ်-၃၁၃)

www.burmeseclassic.com